# သင့်ကို သခင်ဘုရား ခွင့်လွှတ်သကဲ့သို့ ခွင့်လွှတ်ပါ။

## *Forgive As The Lord Forgave You*

---

Author: Philip Nunn

Translator: Cin Lian Mang

---

ခွင့်လွှတ်ခြင်း သင်ခန်းစာ (၁၂)ခု

# စကားချီး

သူတစ်ပါးကိုပြစ်မှားရန် အလွန်လွယ်ကူပါသည်။ သူတစ်ပါးကိုထိခိုက်နာကျင်စေခဲ့ပြီဟု သင်သိသောအခါ သင် ဘာလုပ်သလဲ။ ကျွန်တော်တို့၏အပြစ်အားလုံးကို ဘုရားသခင်ထံ ဝန်ချတောင်းပန်ရန် လိုအပ်ပါသလား။ အကယ်၍ အပြစ်တစ်ခုဝန်ချတောင်းပန်ရန် မေ့သွားခဲ့လျှင် ဘာဖြစ်မလဲ။ ကိုယ့်ကိုပြစ်မှားသောသူတစ်ယောက်ကို ခရစ်ယာန် (ယုံကြည်သူ) တစ်ယောက်အနေဖြင့် ဘယ်လိုကိုင်တွယ်သင့်ပါသလဲ။ သူနောင်တရလာတာကို ကျွန်တော်တို့စောင့်ဆိုင်းသင့်ပါသလား။ သူသည် အမှန်တကယ်နောင်တရကြောင်း သင်ဘယ်လိုသိနိုင်မလဲ။ အခြားသူကို ခွင့်လွှတ်ဖို့အခက်ကြုံနေသောသူတစ်ယောက်ကို သင်ကူညီရန် ဆန္ဒရှိကောင်းရှိလိမ့်မည်။ ဤစာအုပ်ကို သင်ဖတ်ရှုလေ့လာခြင်းအားဖြင့် ဖော်ပြပါမေးခွန်းများ၊ အခြားအခြားသော မေးခွန်းများနှင့်ပတ်သက်သော ကျမ်းစာနှင့်ကိုက်ညီသည့် လက်တွေ့ကျသောအဖြေများကို သင်တွေ့ရပါလိမ့်မည်။

# မာတိကာ

နိဒါန်း
၁။ ကျွန်တော်ဘာကြောင့်ခွင့်လွှတ်သင့်သလဲ။
၂။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ရှာဖွေခြင်း
၃။ သူတစ်ပါးကို ကျွန်တော်တို့က ပြစ်မှားသောအခါ
၄။ သူတစ်ပါးက ကျွန်တော်တို့ကို ပြစ်မှားသောအခါ
၅။ ဘယ်အချိန်မှာ ကျွန်တော်ခွင့်လွှတ်သင့်သလဲ။
၆။ ခွင့်လွှတ်ခြင်းအကြောင်း နားလည်လွဲမှုများ
၇။ ခွင့်လွှတ်ခြင်းအကြောင်း နောက်ထပ်နားလည်လွဲမှုများ
၈။ ခွင့်မလွှတ်ဖို့ ကျွန်တော်ရွေးခြယ်လျှင် ဘာဖြစ်မလဲ။
၉။ အခြားသူများထံ ကောင်းကြီးမင်္ဂလာဖြစ်ရန် လွှတ်မြောက်မှုကိုရရှိခြင်း
၁၀။ ခွင့်လွှတ်ခြင်း၏လုပ်ဆောင်ချက်
၁၁။ ဆက်လက်ရှေ့လျှားခြင်း- ခွင့်လွှတ်ခြင်း၌အသက်ရှင်ခြင်း
၁၂။ ခွင့်လွှတ်ရန် အခြားသူများကိုကူညီမစခြင်း

# သင်ခန်းစာ (၁)
# ကျွန်တော် ဘာကြောင့် ခွင့်လွှတ်သင့်သလဲ။

ခွင့်လွှတ်ခြင်းသည် ခရစ်ယာန်ယုံကြည်ခြင်း၌ အဓိကကျသော သော့ချက်တစ်ခုဖြစ်သည်။ ထိုခွင့်လွှတ်ခြင်းအကြောင်းကို သခင်ခရစ်တော်က မကြာခဏ သွန်သင်ခဲ့ပါသည်။ သေလုဆဲဆဲဖြစ်နေသည့်အချိန်၌ပင်လျှင် သူ့ကိုကွက်မျက်သောသူများကို ခွင့်လွှတ်ခဲ့ပါသည်။ အမှန်အားဖြင့်ဆိုသော် ခွင့်လွှတ်ခြင်းကို ရုပ်လုံးပေါ်စေရန် သူ့အသက်ကို စတေးခဲ့ပါသည်။

## ခွင့်လွှတ်ခြင်းနဲ့ပတ်သက်၍ လောကီအငြင်းပွါးမှုများ

ခွင့်လွှတ်ခြင်းတရားကို ရှေ့တန်းတင်သောသူများသည် ခရစ်ယာန်များသာ မဟုတ်ပါ။ ခရစ်ယာန်မဟုတ်သောသူများ၊ ဘုရားမရှိဟု လက်ခံယုံကြည်သောသူများပင်လျှင် ခွင့်လွှတ်ဖို့ တိုက်တွန်းကြပါသည်။ ခွင့်မလွှတ်ချင်သောသူ (သို့)ခွင့်မလွှတ်နိုင်သောသူများသည် မိမိတို့၏စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများကို အကာအကွယ်ပေးရန် မိမိတို့၏လူမှုရေးနှင့်ဆိုင်သော အပြန်အလှန်အကျိုးသက်ရောက်မှုကို သူတို့ကိုယ်သူတို့ ကန့်သတ်ထားကြောင်းတွေ့ရပါသည်။ သူတို့သည် ပွင့်လင်းစွာဖွင့်ပြောဖို့ ကြောက်ရွံ့ကောင်းကြောက်ရွံ့နိုင်သည်။ မိမိကိုမိမိ မယုံကြည်၊ စိတ်မချသောသူများ ဖြစ်နိုင်ပါသည်။ အမှန်တကယ်တွင်ခွင့်လွှတ်ခြင်းသည် အပြစ်ပြုသူလက်မှ တန်ခိုးကိုယူပြီး အပြစ်ပြုခံရသူအား လွှတ်စေသောနည်းလမ်းဖြစ်သည်ဟု လူမှုဗေဒပညာရှင် (Sociologists)များကမြင်ကြသည်။လက်တွေ့ကျကျပြောရလျှင်၊စိတ်ဆိုးပြီး(သို့)အတိတ်ကနာကြည်းစရာကောင်းသောအခြေအနေများကိုပြန်လည်စဉ်းစားပြီးအသက်ရှင်ရန် ဘဝမှာတိုတောင်းလှပါသည်။ ခွင့်လွှတ်ပြီး၊ အတိတ်ကိုအတိတ်မှာဘဲထားကာ၊ ကျန်ရှိသော ဘဝအသက်တာကို ပျော်မွေ့စွာအသက်ရှင်ရန် ပို၍ကောင်းသည်ဟု လောကီအကြံပေးဆွေးနွေးသည့် ပုဂ္ဂိုလ် (Secular Counsellors) များက ကောက်ချက်ချကြပါသည်။

## ခွင့်လွှတ်ရန် ခရစ်ယာန်နှင့်ဆိုင်သော နောက်ထပ်အကြောင်းတရားများ

ခွင့်လွှတ်ရန် ပို၍ခိုင်လုံသောအကြောင်းတရားတစ်ခုသည် ခရစ်ယန်များ၌ရှိသည်။ ခွင့်လွှတ်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာအကျိုးတရားများကို ခရစ်ယန်တစ်ယောက်က ခံစားရပေမည်။ သို့သော် ၎င်းသည် သူခွင့်လွှတ်လိုက်ခြင်း၏အဓိကအကြောင်းတရား မဟုတ်ပါ။ ခွင့်လွှတ်ခြင်းဖြင့် ဘယ်အကျိုးတရားမျှမရှိသော်လည်း၊ ခွင့်လွှတ်ရန် သခင်ယေရှုက သွန်သင်ထားသောကြောင့် ခွင့်လွှတ်ရမည် ဖြစ်သည်။ ကိုယ်တိုင်ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ခံစားသောသူဖြစ်သောကြောင့်၊ အခြားသောသူများကို ခွင့်လွှတ်ရန် ဘုရားသခင်က ဖိတ်ခေါ်ပါသည်။

**မိန့်မှာချက်-** ခရစ်ယာန်များသည် တစ်ယောက်ကိုတစ်ယောက်ခွင့်လွှတ်ခြင်းဖြင့်၊ ထိုခွင့်လွှတ်ခြင်းကို သင်ယူရန်မှာအရေးကြီးသောအချက်တစ်ခုဖြစ်သည်။ ရွေးနုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကိုတံဆိပ်ခတ်တော်မူသောဘုရားသခင်သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်းတို့ကို၎င်း၊ ခပ်သိမ်းသောမနာလိုခြင်းကို၎င်း၊ သင်တို့မှပယ်ရှားကြလော့။ အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ *ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကိုလွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့* (ဧ၊၄း၃၀-၃၂)။ ယုံကြည်သူများ အချင်းချင်းခွင့်လွှတ်ကြသောအခါ၊ သခင်ခရစ်တော်၏မိန့်မှာချက်ကို နာခံခြင်းဖြစ်သည်။ ခွင့်မလွှတ်ချင်သောယုံကြည်သူများအတွက် သတိပေးချက်တစ်ချို့ကို သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ဤအရာများကို ခွင့်လွှတ်ခြင်းရှိစေရန် အနုတ်လက္ခဏာဆောင်သောအကြောင်းတရားများ (Negative Reasons) ဟု ကျွန်တော်တို့ ဆိုနိုင်ပါသည်။ သို့သော် ၎င်းတို့မှာ အမှန်တကယ်ရှိပြီး၊ ပေါ့ပေါ့မတွက်ဆသင့်ပါ။

**ဝိညာဉ်ရေးရာ ရပ်တန့်သွားခြင်း-** သမ္မာကျမ်းစာ၌ ကျွန်တော်တို့အားခွင့်လွှတ်ရန် တိုက်တွန်းမိန့်မှာချက်များသည်ဆုတောင်းချက်နှင့်ဆက်နွယ်မှုရှိကြောင်း သင်သတိထားကောင်းသတိထားနိုင်ပါသည်။ သခင်ယေရှုက တောင်ပေါ်ဒေသနာဟောတော်မူသောအခါ၊ ပတ္ထနာတော် (The Lord's Prayer) ကို 'ကောင်းကင်ဘုံ၌ရှိတော်မူသောအကျွန်ုပ်တို့၏အဖ' ဟုအစပြုထားပြီး၊ နောက်ပိုင်းတွင် 'အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ' ဟု ဆက်ပြောထားပါသည်။ ဘယ်လိုနည်းနှင့် ကျွန်တော်တို့၏အဖက ကျွန်တော်တို့၏အပြစ်များကို လွှတ်မည်နည်း။ 'သူတစ်ပါးက ကျွန်တော်တို့အားပြစ်မှားသော အပြစ်များကို ကျွန်တော်တို့သည် လွှတ်သကဲ့သို့' ကျွန်တော်တို့၏အဖက ကျွန်တော်တို့၏အပြစ်များကိုလွှတ်မည် ဖြစ်သည်။ ပတ္ထနာတော်အဆုံးမှာ သခင်ယေရှုက 'သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဖသည်သင်တို့၏အပြစ်ကို လွှတ်တော်မမူ'ဟု (မဿဲ ၆း ၉-၁၅)တွင် ရှင်လင်းပြသသွားပါသည်။ မှတ်သားထားပါ။ ဤသတိပေးချက်သည်လေးနက်သောသတိပေးချက် ဖြစ်ပါသည်။ 'သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကို မလွှတ်လျှင်၊ သင်တို့အဖသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ' ဟူသောအချက်သည် ကယ်တင်ခြင်းဆုံးရှုံးနိုင်သည် (သို့) ဘုရားသားသမီးဖြစ်ခြင်းမှ ရပ်တန့်သွားသည်ဟုဆိုလိုခြင်း မဟုတ်ကြောင်း နောက်သင်ခန်းစာတွင် အသေးစိတ်လေ့လာပါမည်။ သူတစ်ပါးတို့၏အပြစ်ကိုမလွှတ်လျှင် ဘာဖြစ်မည်နည်း။

တစ်စုံတစ်ယောက်က ကိုယ့်ကိုပြစ်မှားပြီး၊ ခွင့်လွှတ်ဖို့ငြင်းဆန်လျှင် ဝိညာဉ်ရေးရာ၌ ဟာကွက်တစ်စုံတစ်ခုဖြစ်ပျက်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေပြီး၊ သူ၏လွှတ်လပ်မှုကို ကန့်သတ်ချုပ်ခြယ်ရာ ရောက်ပါသည်။ ကျွန်တော်တို့က ဂုဏ်တော်ချီးမွမ်းနိုင်ပါသေးသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော် စိတ်နာနေပါသည်။ ပွဲတော် စားနိုင်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော် စိတ်နာနေပါသည်။ မှန်ပါသည်။ နှုတ်ကပတ်တော်ဟောပြောနိုင်ပါသေးသည်။ ကောင်းသောခရစ်ယာန်လုပ်ရှားမှုများ၌ ပါဝင်နိုင်သေးသော်လည်း၊ ဘုရားသခင်နှင့်မိတ်သဟာယ ပြတ်တောက်နေတတ်ပါသည်။ အသက်တာ၌ဘုရားသခင်ကို လတ်လတ်ဆတ်ဆတ်မြည်းစမ်းခြင်းရှိတော့မည် မဟုတ်ပါ။ သူတစ်ပါးအားဝေမျှရန် လတ်ဆတ်သောရေကိုကျွန်တော်တို့၌ရှိတော့မည် မဟုတ်ပါ။ ကျွန်တော်တို့သည် ဝိညာဉ်ရေးရာ၌ ရပ်တန့်နေသည်။

**သံပူခတ်သောသြတပ္ပစိတ်-** ကလေးသူငယ်များက ကစားမက်ကြသည်။ မိခင်၊ ဖခင်များအဖြစ် သရုပ်ဆောင်ကာ ကစားတတ်ကြသည်။ ဆရာသမားများ၊ ဈေးရောင်းသူများအဖြစ်သရုပ်ဆောင်ကာ ကစားတတ်ကြသည်။ အသင်းတော်အစည်းအဝေးများပင် ထည့်ကစားတတ်ကြသည်။ သူတို့သည် မြင်သောအရာများကို အတုယူတတ်ကြသည်။ ကျွန်တော်တို့လူကြီးများသည်လည်းကလေးများကဲ့သို့ ခရစ်ယာန်ဖြစ်ခြင်းကို ကစားခြင်းတစ်ခုကဲ့သို့မှတ်ကာ ကစားနိုင်ပါသည်။ ခွင့်လွှတ်ခြင်းတရားကင်းမဲ့ပြီး၊ ကျွန်တော်တို့၏သြတပ္ပစိတ်သည် သံပူခတ်ကာမာကြောသောကြောင့် အလွယ်တကူ ထိုကဲ့သို့လုပ်နိုင်ပါသည်။ ကိုယ့်ကိုပြစ်မှားသောသူကို ခွင့်မလွှတ်လျှင်၊ ကျွန်တော်တို့၏ဆုတောင်းသံများကို ဘုရားသခင်က နားထောင်တော်မမူကြောင်းသိကြသည် (ဆာလံ ၆၆း၁၈)။ သို့သော် ကိုယ့်ကိုပြစ်မှားသောသူကို ခွင့်မလွှတ်ဘဲ၊ ဒေါသများသိုထားလျှက်ပင်၊ ကျွန်တော်တို့၏ဆုတောင်းချက်များကို ဘယ်အရာကမျှ အနှောင့်အယှက် မဖြစ်စေပါဟု ကျွန်တော်တို့ထင်မှတ်ကြသည်။ ကျွန်တော်တို့သည် တက်ကြွပြီး၊ ကောင်းသောအလုပ်များနှင့် အလုပ်ရှုပ်ကောင်းရှုပ်နိုင်ပါသည်။ သို့သော် ကျွန်တော်တို့၏ခရစ်ယာန် အသက်တာမှာ ထူးခြားမှုရှိလာမည် မဟုတ်ပါ။

**ညစ်ညမ်းစေသော ခါးသီးမှု-** ခွင့်လွှတ်ခြင်းတရားမရှိခြင်းသည် ကျွန်တော်တို့နှလုံးသားထဲတွင် ခါးသီးမှုကိုအမြစ်တွယ်စေသောအရာတစ်ခုဖြစ်သည်။ ဤခါးသီးမှုက ဒုက္ခပြဿနာကိုဖြစ်စေပြီး၊ အခြားသူကို ညစ်ညမ်းစေပါသည်။ 'သင်တို့တွင် တစ်စုံတစ်ယောက်ကမျှ ဘုရားသခင်၏ကျေးဇူးတော်ကို မရဘဲမနေစေခြင်းငှါ၎င်း၊ ခါးစွာသောပင်မြစ်ပေါက်၍ သင်တို့နှောင့်ယှက်သဖြင့် လူအများတို့သည် အပြစ်နှင့်မညစ်ညူးစေခြင်းငှါ သတိနှင့်ကြည့်ရှုကြလော့'ဟု (ဟေဗြဲ၁၂း၁၅)တွင် တွေ့ရသည်။ ခါးသီးသောမိန်းမသည် မိမိခင်ပွန်းနှင့်သားသမီးများကို ဩဇာလွှမ်းမိုးမည် ဖြစ်သည်။ ခါးသီးသောယောကျာ်းကမူ သူ၏အသင်းတော်နှင့်ရုံးခန်းကို ဩဇာညောင်းမည်ဖြစ်သည်။ ခါးသီးမှုကိုကြာကြာဖုံးကွယ်၍မရနိုင်ပါ။ တချိန်ချိန်မှာ၊ သူ့ကိုယ်သူ ပေါက်ကွဲပြီး သူတစ်ပါးကို ညစ်ညူးစေပါသည်။

## ကူညီထောက်မနေသော ဇစ်မြစ်များ

**တန်ခိုးပေးခြင်း-** ဘုရားသခင်က ကျွန်တော်တို့အား တစ်စုံတစ်ခုကိုလုပ်ခိုင်းသောအခါ လုပ်ဆောင်နိုင်ရန် လိုအပ်သော တန်ခိုးကိုပေးပါသည်။ တခါတရံ ကျွန်တော်တို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်သည် မဖြစ်နိုင်မည့်အလားအလာရှိသည်။ ကိုယ့်အစွမ်းအစဖြင့် သူတစ်ပါးကိုခွင့်လွှတ်ရန် မဖြစ်နိုင်ပါ။ သို့သော် ယုံကြည်သူတိုင်းသည် မိမိအထဲ၌ ကျိန်းဝပ်သောသန့်ရှင်းသော ဝိညာဉ်တော်ရှိသည် (ရောမ ၈း၉)။ ထိုဘုရားသခင်၏ဝိညာဉ်တော်သည် နာခံမှုကိုဖြစ်စေရုံသာမက၊ ထိုနာခံမှုကို တန်ခိုးပေးပါသည်။ တမန်တော်ရှင်ပေါလုသည် အတွင်းနှင့်အပြင်မှလာသောစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့သည်။ သို့သော် တစ်ယောက်တည်းရင်ဆိုင်ကြုံတွေ့ခြင်း မဟုတ်ပါ။ 'ထိုသို့အလို့ငှါ၊ ငါသည်အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော် ပြုပြင်အားထုတ်တော်မူသည် အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏'ဟု (ကော ၁း၂၉)တွင် ပြောပါသည်။ ခွင့်လွှတ်နိုင်ရန်အတွက် တမန်တော်ရှင်ပေါလုရရှိထားသော ထိုတန်းခိုးတော်ကို သင်နှင့်ကျွန်တော်လည်း ရရှိပါသည်။

**ဝိုင်းဝန်းကူညီသောလူ့အသိုင်းအဝိုင်း-** ခရစ်ယာန်အယောက်စီတိုင်းသည် ခရစ်တော်၏ခန္ဓာကိုယ်တည်းဟူသောအသင်းတော်၏အစိတ်အပိုင်းများ ဖြစ်ကြသည်။ ခရစ်ယာန်တစ်ယောက်သည် တစ်ယောက်တည်း သီးသန့်နေရန် ခရစ်တော်ကအလိုမရှိပါ။ ဒေသန္တရအသင်းတော်တွင် ယုံကြည်သူအချင်းချင်းတစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ပေးနိုင်ပါသည်။ လမ်းလွဲသောယုံကြည်သူများကို နူးညံ့သိမ်မွေ့သောသဘောနှင့်ထိုသူကိုမစ၍၊ သူ့ကိုပြန်တည့်မတ်ပေးနိုင်ပါသည်။ 'ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကိုကျင့်ကြလော့'ဟု (ဂလာ ၆း၁-၂)က ကျွန်တော်တို့အားမိန့်မှာထားပါသည်။ စိတ်ချရသောယုံကြည်သူမိတ်ဆွေများ၏ ဆုတောင်းပေးခြင်းသည် ခွင့်လွှတ်ဖို့ ခြေလှမ်းလှမ်းရာ၌ လွန်စွာအရေးပါသည်။ ကြီးလေးသောအပြစ်ကျူးလွန်မိသောအခါ (သို့) နတ်ဆိုးနှင့်ဆိုင်သောအရာများပါလာလျှင်အထူးသဖြင့် လိုအပ်သည်။ ခွင့်လွှတ်ဖို့အခက်ကြုံနေလျှင် အရှုံးမပေးပါနှင့်။ ယုံကြည်သူမိတ်ဆွေများ၏အကူအညီကို ရယူပါ။ 'အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့' (ယာကုပ် ၅း၁၆)။

## လက်မောင်းထဲရှိ ဖန်စ

မှန်ပြတင်းပေါက်မှမတော်တဆပြုတ်ကျသွားသောလူငယ်လေးတစ်ယောက်ကို တွေးကြည့်ပါ။ သူ့ကိုဆေးရုံသို့ခေါ်သွားပြီး ဒါဏ်ရာကို ဆရာဝန်များက သန့်ရှင်းရေးလုပ်ပေး၍ ပတ်တီးဖြင့်စည်းပေးပါသည်။ သို့သော် ဖန်စတစ်ခုကို မေ့ကျန်ခဲ့သည်။ ဒဏ်ရာမှာအနာကျက်ပြီး၊ အရင်ကဲ့သို့ သူ၏လက်ကိုပြန်၍လှုပ်ရှားနိုင်တော့မည်ဖြစ်သည်။ အိမ်ပြန်၍ နဂိုအတိုင်းပြန်ဖြစ်တော့မည်ဖြစ်သောကြောင့် သူအလွန်ပျော်ပါသည်။ သို့သော် လက်မောင်းကိုလှုပ်ရှားကြည့်သောအခါ တစ်ချက်တစ်ချက်နာသေးကြောင်း သူသိရသည်။ အနာမှာမူ အော်ပြီးငိုချင်စရာကောင်းလောက်အောင် နာပါသည်။

တစ်စုံတစ်ယောက်ကို ခွင့်မလွှတ်နိုင်သောသူသည် လက်မောင်းတွင် ချွန်ထက်သောဖန်စဖြင့် လှုပ်ရှားသွားလာ နေသောသူများ ဖြစ်ကြသည်။ ခုန်သောအခါ (သို့) သာမာန်မဟုတ်သောလှုပ်ရှားမှုမျိုးကို လုပ်သောအခါ ဖန်စကျန်ရှိခဲ့ကြောင်း သိသာထင်ရှားလာမည်ဖြစ်သည်။ ယောကျ်ားလေးတစ်ယောက်က ဩဇာကြီးပြီး၊ သူ့ကိုပုံမှန်အော်သည့်သူ၏မိခင်ကို ခွင့်မလွှတ်ပါက၊ အာဏာရှိသောသူများ၊ သူ့ကိုအော်ပြောသောသူများကို မခံမရပ်နိုင်ဖွယ်ရှိသည်။ မိန်းကလေးတစ်ယောက်က ပန်းခြံတွင် သူ့ကိုအဓမ္မကျင့်ဖို့လုပ်သောသူကို ခွင့်မလွှတ်လျှင် ပန်းခြံတွင် လမ်းလျှောက်ခြင်းကို နှစ်သက်မည် မဟုတ်တော့ပေ။ ညဥ့်အမှောင်တွင် မိန်းကလေးတစ်ယောက်တည်းလမ်းလျှောက်သည့် ရုပ်ရှင်ကားမျိုးကိုလည်း ကြည့်ချင်မည်မဟုတ်တော့ပါ။ ရုပ်ရှင်ကားကို ပိတ်ဖို့ကြိုးစားမည် (သို့) အပြင်သို့ထွက်သွားမည် ဖြစ်သည်။ သူမ၏လက်မောင်းထဲရှိ ဖန်စလေးကို တစ်ခုခုက ထိသွားသောကြောင့် နာကျင်သွားခြင်းဖြစ်သည်။

ဒီအရာအတွက် အဖြေကဘာလဲ။ စိတ်ရောဂါကုဆရာဝန်များ (Secular Psychotherapists)က သင့်အားနာကျင်စေသောလှုပ်ရှားမှုများကို ဖော်ထုတ်ပြီး၊ ထိုလှုပ်ရှားမှုများကို ဘယ်လိုရှောင်ရမည်ကို ပြောနိုင်ပါသည်။ သူတို့၏အကြံပေးချက်များကို

လိုက်နာခြင်းဖြင့် အနာမပျောက်ဘဲ၊ လျော့သွားစေလိမ့်မည်။ သို့သော် ခရစ်ယာန်များဖြေရှင်းနည်းသည် ဤကဲ့သို့ မဟုတ်ပါ။ သခင်ခရစ်တော်က သူ၏တပည့်တော်များကို သွန်သင်ရာ၌ 'နှလုံးသားမှခွင့်လွှတ်ရန်' ဖန်စလေးကို ဖယ်ရန် သွန်သင်ပါသည်။ လက်မောင်းကိုပြန်ခွဲပြီး၊ မလိုအပ်သော ဖန်စလေးကိုဖယ်ရန် ဖြစ်ပါသည်။ ဤကဲ့သို့ ပြန်ခွဲလျှင် အလွန်ပင် နာကျင်နိုင်ပါသည်။ သွေးပြန်ယိုမည်ဖြစ်သည်။ လက်မောင်းသည် ပုံမှန်ဖြစ်ပြီး၊ ပုံမှန်လှုပ်ရှားနိုင်ရန် ဤတစ်နည်းသာရှိသည်။ လက်မောင်းသည် ပုံမှန်ပြန်လည်လှုပ်ရှားနိုင်ရန် ဤနည်းသည် ခရစ်တော်၏နည်းဖြစ်သည်။

သင့်လက်မောင်းတွင် ဖန်စလေးရှိကောင်းရှိနိုင်ပါသည်။ ၎င်းကိုဖယ်ထုတ်ဖို့ တစ်စုံတစ်ယောက်၏အကူညီလိုသလား။ လက်မောင်းကိုကောင်းမွန်စွာလှုပ်ရှားနိုင်ရန်၊ ဒုက္ခပေးနေသော ဖန်စကိုဖယ်ရှား၍ သခင်ဘုရား၏အမှုတော်မြတ်၌ဝမ်းမြောက်စွာ ပါဝင်နိုင်ရန်၊ ဤလက်တွေ့ကျသော သမ္မာကျမ်းစာလေ့လာခြင်းစာအုပ်က အထောက်အကူပေးပါလိမ့် မည်။

ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် ကျွန်တော်တို့၏ခွင့်လွှတ်ခြင်းတို့သည် ဆက်နွယ်နေကြောင်းနှုတ်ကပတ်တော်ကအတိ အလင်းဖော်ပြထားပါသည်။ ဘုရားသခင်က လူသားများအပေါ်ထားသောခွင့်လွှတ်ခြင်းတရားသည် ကျွန်တော်တို့ ခွင့်လွှတ်ခြင်း၏အခြေခံအုတ်မြစ် ဖြစ်သည်။ ကျွန်တော်တို့က ဘယ်လိုခွင့်လွှတ်သင့်ကြောင်းကို သူ၏ခွင့်လွှတ်ခြင်းက ရှင်းလင်းစွာဖော်ပြထား ပါသည်။ သူ၏ခွင့်လွှတ်ခြင်းသည် ကျွန်တော်တို့၏ ခွင့်လွှတ်ခြင်းကိုဖြစ်စေသောအဓိကအရာ ဖြစ်သည်။ ထို့ကြောင့် ဘုရား သခင်၏ခွင့်လွှတ်ခြင်းအကြောင်းကို သေချာလေ့လာဖို့ လိုအပ်ပါသည်။ နောက်သင်ခန်းစာမှစပြီး ဘုရားသခင်၏ခွင့်လွှတ်ခြင်း တရားကို သေချာလေ့လာပါမည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- သူတစ်ပါးကိုခွင့်လွှတ်ရန် သင့်အတွက် အကောင်းဆုံးအကြောင်းပြချက်နှစ်ခုက ဘယ်အရာတွေလဲ။
- ခွင့်လွှတ်ခြင်းတရားမရှိခြင်းသည် သင် သခင်ယေရှုနဲ့အတူလျှောက်လှမ်းခြင်းကို ထိပါးစေနိုင်သောအရာဖြစ်သည်ဟု ထင်ပါသလား။ သင့်လက်မောင်းထဲတွင် ဖန်စရှိသောကြောင့် ဖြစ်နိုင်ပါသလား။
- **ဆုတောင်းချက်-** သခင်ဘုရား၊ ဤစာအုပ်ကိုအချိန်ပေးလေ့လာခြင်းဖြင့် ကျွန်တော့်နှလုံးသားကို စကားပြောတော်မူပါ။ ဖယ်ရှားဖို့ရန်လိုအပ်သောကျွန်တော့်လက်မောင်းထဲရှိဖန်စကို သတိရစေတော်မူပါ။ ကိုယ်တော်၏စကားကို နာခံရန် အသင့်ဖြစ်စေတော်မူပါ။ အာမင်။

# သင်ခန်းစာ (၂)
# ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုရှာခြင်း

သင့်ညီမ၏လက်ဆွဲအိတ်ကို သူခိုးတစ်ယောက်ကလုပြီး၊ ထွက်ပြေးသည်ကို စဉ်းစားကြည့်ပါ။ လမ်းထောင့်ရောက်သောအခါ ရဲတစ်ယောက်ပေါ်လာပြီး သူ့ကိုဖမ်းသည်။ သူခိုးက အိမ်တွင် ငွေအရမ်းလိုနေသောကြောင့်၊ ဤကဲ့သို့ပြုကြောင်းရှင်းပြသောအခါ၊ ရဲသည်သနားသောစိတ်နှင့် သူ့ကိုလွှတ်ပြီး၊ ဆက်ပြေးခွင့်ပေးလိုက်သည်။ ရဲကို သင်ဘယ်လိုမြင်သလဲ။ သူ၏ ရက်ရောမှုကို သင်လေးစားကောင်းလေးစားမည်။ သို့သော် သူ၏တရားမျှတမှုကိုမူ အသိအမှတ်ပြုမည် မဟုတ်ချေ။ ခွင့်လွှတ်ခြင်းနဲ့တရားမျှတမှုတို့သည် အလွန်ဆက်စပ်မှုရှိသောအရာများဖြစ်ကြသည်။

ဘုရားက ဘယ်လိုခွင့်လွှတ်ခဲ့သလဲ။ သူသည် ဘုရားဖြစ်သောကြောင့် 'သင့်ကို၊ ငါခွင့်လွှတ်သည်' ဟုပြောဖို့ လွယ်ကူတာပါဟု စဉ်းစားဖို့ရန်လွယ်ကူလှပါသည်။ သို့သော် ဤကဲ့သို့ပြောခြင်းသည် တရားမျှတခြင်းအရေးပါမှုကိုလျစ်လျူရှုရာရောက်ပါသည်။ ဘုရားသခင်သည် 'ဖြောင့်မတ်သောတရားသူကြီး' ဖြစ်သည် (၂ တိ ၄း၈)။ သူသည် 'ပညတ်တရားကို ထားပိုင်သောသူ၊ စစ်ကြောစီရင်ပိုင်သောသူ(တရားသူကြီး)လည်း ဖြစ်သည် (ယာကုပ် ၄း၁၂)။ တရားမျှတမှုနှင့်စီမံတော်မူခြင်းတို့သည် အရေးကြီးသောအရာများဖြစ်ကြသည်။ ခွင့်လွှတ်ဖို့ရန် ဘုရားသခင်သည် တရားမျှတမှုလည်းရှိရမည်။ ဘုရားသခင်က ကျွန်တော်တို့နှင့် မထိုက်တန်သော ကောင်းသောတစ်စုံတစ်ရာကို ပေးသောအခါ၊ ကျေးဇူးတော်သက်သက်ကြောင့် ပေးတာဖြစ်သည်။ ဘုရားသခင်က ခွင့်လွှတ်သောအခါ၊ ကျေးဇူးတော်သက်သက်ကြောင့် ခွင့်လွှတ်တာဖြစ်ပြီး၊ တချိန်တည်းမှာ တရားမျှတမှုကို မထိပါးပါ။ တရားမျှတမှုလည်းရှိပါသည်။

## ခရစ်ယာန်(ယုံကြည်သူ)တစ်ယောက်ဖြစ်လာခြင်း

လူတစ်ယောက်ခရစ်ယာန်ဖြစ်လာသောအခါ ဘာဖြစ်ပျက်သလဲ။ ကျွန်တော်သည် အပြစ်သားတစ်ယောက်ဖြစ်ကြောင်း သိလာတဲ့အချိန်ကစပြီး ကျွန်တော်ဟာ အမှန်တကယ်အပြစ်သားဖြစ်ကြောင်း လက်ခံပါသည်။ ခွင့်လွှတ်ခြင်းရရန် သခင်ယေရှုထံ တောင်းပန်ပါသည်။ သူ့ထံ၌ ကျွန်တော့်ကိုကျွန်တော် လုံးလုံးလျားလျား အပ်နှံပါသည်။ ယခုမှာမူ ကျွန်တော်သည် အသစ်ပြန်လည်မွေးဖွါးသော၊ အသက်သစ်ကိုအသက်ရှင်သောသူ ဖြစ်သည်။ ကျွန်တော်ပြောင်းလဲသည့်အချိန် တချိန်တည်းမှာ ကျွန်တော်၏အပြစ်များထဲမှ ဘယ်အပြစ်တွေကို ဘုရားက ခွင့်လွှတ်သလဲ။

## တရားဝင်အပြစ်ခွင့်လွှတ်ခြင်း

ကျွန်တော်တို့သည် အပြစ်သားဖြစ်ကြောင်းကိုသိပြီး၊ ကယ်တင်ခြင်းအတွက် သခင်ယေရှုကို ကိုးစားသောအခါ၊ ဘုရားသခင်က ကျွန်တော်တို့အား အပြစ်လွှတ်ပြီဖြစ်ကြောင်း ကြေငြာပါသည်။ 'ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန်များပြားလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ရကြ၏။' (ဧဖက် ၁း၆)။ ဘုရားသခင်က ကျွန်တော်တို့ကို အပြစ်လွှတ်နိုင်ပါသည်။ အကြောင်းမှာ တရားမျှတမှုကို ကျေနပ်စေခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။ သခင်ယေရှုသည် 'မိမိအသွေးတော်နှင့်ငါတို့အပြစ်များကို ဆေးကြောတော်မူ၏' (ဗျာဒိတ် ၁း၅)။ ကျွန်တော်တို့ အပြစ်များကိုဆေးကြောသန့်စင်တော်မူကြောင်းကို ဘုရားသခင်၏ခွင့်လွှတ်ခြင်းက သေချာစေပြီဖြစ်သောကြောင့်၊ အပြစ်စီရင်ခြင်းခံရမည် မဟုတ်ပါ။ 'ဒုစရိုက်အပြစ်၌ဍင်း၊ ဇာတိပကတိ၏အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌ သေလျက်ရှိသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍ သင်တို့အပြစ်ရှိသမျှကို လွှတ်တော်မူ၏'(ကော ၂း၁၃)။ ဤကျမ်းချက်ကို ပြန်ဖတ်ပါ။ အတိတ်၌ပြုခဲ့သော အပြစ်များ၊ အနာဂတ်၌ပြုမည့်အပြစ်များကိုလွှတ်တော်မူပြီ ဖြစ်သည်။ သခင်ယေရှုလက်ဝါးကားတိုင်၌ အသေခံခဲ့စဉ်က၊ အတိတ်၌ ကျွန်တော်တို့ကျူးလွန်ခဲ့သောအပြစ်များ၊ အနာဂတ်တွင်ကျူးလွန်မည့် အပြစ်အားလုံးအတွက်အသေခံခဲ့ပြီး၊ သူ့ကိုယုံကြည်ခြင်းဖြင့်၊

ဒုတိယမွေးခြင်းရသောအခါ၊ ကျွန်တော်တို့အပြစ်ရှိသမျှတို့ကို လုံးလုံးလွှတ်တော်မူပါသည်။ ဤကဲ့သို့အပြစ်လွှတ်ခြင်းကို ‘တရားဝင်အပြစ်ခွင့်လွှတ်ခြင်း’ (Legal Forgiveness) ဟုတချို့ကဆိုသည်။ ‘ယေရှုခရစ်၌တည်သောသူများအတွက် အပြစ်စီရင်ခြင်း မရှိတော့ပါ’ (ရောမ ၈း၁)။ အပြစ်ရှိသမျှ လွှတ်ခြင်းအခွင့်ရပြီဖြစ်သောကြောင့်၊ ကျွန်တော်တို့၏ကယ်တင်ခြင်းသည် ထာဝရလုံခြုံစိတ်ချရပါသည်။ ‘စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကို ရစေခြင်းငှါ၊ တခါတည်းပူဇော်ခြင်း (ခရစ်တော်အသေခံခြင်း) အားဖြင့်ပြုတော်မူ၏’ (ဟေဗြဲ ၁၀း၁၄)။

## ဘုရားသခင်၏တရားဝင်အပြစ်ခွင့်လွှတ်ခြင်းကိုရရှိခြင်း

ကရာနီတောင်ကုန်းပေါ်တွင် ခရစ်တော်အသေခံခြင်း၏အကျိုးကို အပြစ်သားများရရှိရန် ‘နောင်တ’ ရခြင်းလိုအပ်ပါသည်။ နောင်တရခြင်းသည် ခံစားယုံသက်သက်မဟုတ်၊ လုပ်ဆောင်ခြင်းဖြစ်သည်။ ဥပမာ သခင်ယေရှုအပေါ်မည်သို့လုပ်ဆောင်ကြမည်၊ သူ၏လှည့်စားမှုသည် အပြစ်ဖြစ်ကြောင်းကို ယုဒရှကာရုတ်ကသိသောအခါ၊ ဝမ်းနည်းကြေကွဲပြီး၊ အသပြာသုံးဆယ်ကို ပြန်ပေးကာ၊ မိမိကိုယ်မိမိအဆုံးစီရင်လိုက်ပါသည် (မဿဲ ၂၇း၃၅)။ သို့သော် သူသည် နောင်တမရခဲ့သောကြောင့်၊ ခွင့်လွှတ်ခြင်း မရရှိခဲ့ပါ (တမန်၊၁း၂၅)။ နောင်တရခြင်းသည် ဝမ်းနည်းကြေကွဲခြင်း သက်သက်သာ မဟုတ်ပါ။ စိတ်နှလုံးသားထဲ၌ပြောင်းလဲမှုရှိပြီး၊ ၎င်းပြောင်းလဲမှုက လိုအပ်သောဝန်ခံခြင်းနှင့်အပြုအမူပြောင်းလဲခြင်းဆီသို့ပို့ဆောင်ပေးသောအရာသည် ‘နောင်တရခြင်း’ ဟု နှုတ်ကပတ်တော်ကဖော်ပြထားပါသည်။ နောင်တရခြင်းသည် ခွင့်လွှတ်ခြင်းဆီသို့ ပို့ဆောင်ပါသည်။

လူသားများနောင်တရခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ ‘ယေရုရှလင်မြို့မှစ၍၊ လူမျိုးတကာတို့ဆီသို့နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအကြောင်းကို ဟောပြောရမည်’ ဖြစ်ကြောင်းကို သခင်ယေရှုက သူ၏တပည့်တော်များကို ရှင်းပြသွန်သင်ခဲ့ပါသည် (လုကာ ၂၄း၄၇)။ ရက်အနည်းငယ်ကြာသော်၊ ယေရုရှလင်မြို့၌ ပေတရုသည်ထ၍ လူအုပ်ကြီးအား ‘သင်တို့အပြစ်များကိုပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့’ ဟု တိုက်တွန်းပါသည် (တမန် ၃း ၂၀)။ အပြစ်သားများ နောင်တဖြင့် ဘုရားထံသို့လာမှသာလျှင် ဘုရားသခင်၏အပြစ်လွှတ်ခြင်းကောင်းကျိုးကိုရရှိကြောင်း သမ္မာကျမ်းစာ၌ အတိအလင်းဖော်ပြထားပါသည်။ ခရစ်တော်၏ယဇ်ပူဇော်ခြင်းနှင့်ကျွန်တော်တို့၏နောင်တမပါဘဲ၊ တရားဝင်အပြစ်ခွင့်လွှတ်ခြင်း (Legal Forgiveness) ကိုပေးရန် ဘုရား၌ အခြားသောနည်းလမ်းမရှိပါ။ ထို့ကြောင့် နေရာတိုင်းတွင်ရှိသောလူများနောင်တရရန် မိန့်မှာပြီး၊ တစ်စုံတစ်ယောက်ကိုမျှ မပျက်စီးစေဘဲနောင်တနှင့်သူ့ထံသို့ပြန်လာရန် ဘုရားသခင်က စိတ်ရှည်သည်းခံပြီးစောင့်နေပါသည် (တမန် ၁၇း၃၀၊ ၂ ပေ ၃း၉)။

ပြောင်းလဲသည့်အချိန်၌ နှလုံးသားထဲတွင် ဝန်ဖြစ်နေသောအပြစ်များကို အထူးဝန်ချတောင်းပန်နိုင်ပါသည်။ သို့သော် တရားဝင်အပြစ် ခွင့်လွှတ်ခြင်း (Legal Forgiveness) ရရန် အပြစ်တစ်ခုချင်းကို ဝန်ချတောင်းပန်ရန် ဘုရားသခင်က မတောင်းဆိုပါ။ မြောက်များစွာသောအပြစ်များကို ကျွန်တော်တို့မေ့ကြသည်။ ကျူးလွန်ခဲ့သောအပြစ်များကို တစ်ခုမကျန် ဝန်ချတောင်းပန်ခြင်းသည် လက်တွေ့တွင် မဖြစ်နိုင်သောအရာတစ်ခု ဖြစ်သည်။ ဤကဲ့သို့ပြုရမည်ဟု မတောင်းဆိုသောကြောင့် ဘုရားသခင်အားကျေးဇူးတင်၍မဆုံးပါ။ စစ်မှန်ပြီး၊ နောင်တရသောနှလုံးသားနှင့် သူ့ဆီသို့ ပြန်လာသောသူအားလုံးကို တရားဝင်အပြစ်ခွင့်လွှတ်ခြင်း (Legal Forgiveness) ကို ဘုရားသခင်ကပေးပါသည်။

## အပြစ်တချို့ကိုနှစ်ကြိမ်နှစ်ခါခွင့်လွှတ်ပါသလား။

သမ္မာကျမ်းစာကိုဖတ်လျှင် တမန်တော်ယောဟန်က အပြစ်လွှတ်ခြင်းရရန် ‘အပြစ်ဝန်ချတောင်းပန်ဖို့’ စာဖတ်သူများကို တိုက်တွန်းသော (၁ ယော ၁း၉) ကဲ့သို့သော ကျမ်းချက်များကို တွေ့ရပါလိမ့်မည်။ ပြောင်းလဲသည့်အချိန်တွင်အပြစ်ရှိသမျှခွင့်လွှတ်ခြင်းရလျှင် ဘာကြောင့် ခရစ်ယာန်တစ်ယောက် အပြစ်ဝန်ချသင့်သလဲ။ အပြစ်တစ်ခုကိုဘုရားသခင်က နှစ်ကြိမ်နှစ်ခါ ခွင့်လွှတ်မလား။ ပထမအပြစ်လွှတ်ခြင်းသည် မလုံလောက်ပါသလား။ မပြည့်စုံလို့လား။ သခင်ယေရှုက ဆုတောင်းနည်းသင်ပေးပြီးနောက်၊ ‘သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကို မလွှတ်လျှင် သင်တို့၏အဘသည် သင်တို့ အပြစ်ကိုလွှတ်တော်မမူ’ ဟု (မဿဲ ၆း၁၅)တွင် ထပ်၍ပြောကြောင်းကို ရှေ့သင်ခန်းစာတွင် တွေ့ရပါသည်။ ပြောင်းလဲသည့်အချိန်တွင် အပြစ်ရှိသမျှ ကို

ခမည်းတော်ဘုရားကလွှတ်ပြီးပြီ မဟုတ်လော။ သူ(ဘုရား)က ခွင့်လွှတ်ပြီးသော အပြစ်တစ်ခုကို မလွှတ်ရန် ခြိမ်းခြောက်နေသလား။ ၎င်းကဲ့သို့သော ကျမ်းချက်များက ကျမ်းစာကျောင်းသား/သူအား ခွင့်လွှတ်ခြင်းနှစ်မျိုးရှိသည်ဟု ကောက်ချက်ချစေပါသည်။ ပထမခွင့်လွှတ်ခြင်းသည် ကယ်တင်ခြင်းနှင့်ဆိုင်သောတရားဝင်အပြစ်ခွင့်လွှတ်ခြင်း (Legal Forgiveness) ဖြစ်ပြီး၊ ဒုတိယခွင့်လွှတ်ခြင်းမှာ ခမည်းတော်ဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်းနှင့်ဆိုင်သောခွင့်လွှတ်ခြင်းဖြစ်ပြီး၊ ခမည်းတော်ဘုရား ခွင့်လွှတ်ခြင်း (Fatherly Forgiveness) ဟုဆိုကြသည်။

## ခမည်းတော်ဘုရားခွင့်လွှတ်ခြင်း

သားသမီးများအနေဖြင့် အပြစ်လုပ်ပြီး၊ ကောင်းကင်ဘုံရှင်အဖဘုရားကို ပြစ်မှားမိသောအခါ၊ ခမည်းတော်ဘုရား ခွင့်လွှတ်ခြင်း (Fatherly Forgiveness) ကို ကျွန်တော်တို့လိုအပ်ပါသည်။ ဤခွင့်လွှတ်ခြင်းသည် ကယ်တင်ခြင်းနှင့် မသက်ဆိုင်ပါ။ ကျွန်တော်တို့သည် ပြောင်းလဲသည့်အချိန်တွင် တရားဝင်အပြစ်ခွင့်လွှတ်ခြင်းကိုရရှိပြီး၊ ကျွန်တော်တို့၏အပြစ်ကြွေးများကို ဘုရားကဆပ်ပေးကာ ဘုရားနှင့်ငြိမ်းချမ်းခြင်းရှိ၍ အပြစ်စီရင်ခြင်းနှင့်ကင်းလွတ်သော ဘုရားသခင်၏သားသမီးဖြစ်ခြင်းအခွင့်ကို ရရှိသောသူများဖြစ်ကြသည်။ သားသမီးများအနေဖြင့်၊ စကားနားမထောင်သောအခါ၊ နာခံမှုမရှိသောသား၊ သမီးများဖြစ်ကြသည်။ နာခံမှုမရှိသော သားသမီးများဖြစ်ကြသော်လည်း သူ(ဘုရားသခင်)၏သားသမီးများဖြစ်ကြသည်။ ဘုရားသခင်၏သားသမီးများဖြစ်နေသော်လည်း ဘုရားနှင့်ကျွန်တော်တို့ ဆက်နွယ်မှုအားဖြင့်ရသော ဝမ်းမြောက်ခြင်းမှာမရှိတော့ချေ။ ဆုံးရှုံးသွားသောဝမ်းမြောက်မှုနှင့်သဟာယဖြစ်ခြင်းကို ခမည်းတော်ဘုရားခွင့်လွှတ်ခြင်း (Fatherly Forgiveness) ဖြင့် ပြန်၍ပြုပြင်ရသည်။

(၁ ယော ၁း၉)၏သွန်သင်ချက်မှာ ကျွန်တော်တို့ခရစ်ယာန်များသည် အပြစ်ကိုဝန်ချသောအခါ၊ ခမည်းတော်ဘုရား၏ခွင့်လွှတ်ခြင်း (Fatherly Forgiveness) ကိုရသည်ဟူ၍ ဖြစ်သည်။ (မဿဲ ၆း၁၅)၏သွန်သင်ချက်မှာ ကိုယ့်ကိုပြစ်မှားသောသူတပါးတို့၏အပြစ်ကို မလွှတ်သောသူများက ခမည်းတော်ဘုရား၏ခွင့်လွှတ်ခြင်း (Fatherly Forgiveness) ကိုမရဟူ၍ဖြစ်သည်။

## ခမည်းတော်ဘုရား၏ခွင့်လွှတ်ခြင်းကိုရယူခြင်း

'ချစ်သားတို့၊သင်တို့သည်ဒုစရိုက်ကိုမပြုစေခြင်းငှါ၊ ဤအရာများကို သင်တို့အားငါရေး၍ ပေးလိုက်၏။ တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသော အရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏။ ထိုသခင်သည် ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်တော်မူ၏' ဟု အသက်ကြီးသော တမန်တော်ယောဟန်က ရေးပါသည်။ ခရစ်ယာန်များသည် တနည်းမဟုတ်တနည်းဖြင့် အပြစ် ကျူးလွန်ကြသည်ကို တမန်တော်ယောဟန်က နှစ်ပေါင်းများစွာ မြင်တွေ့ခဲ့ပြီး ဖြစ်မည်။ ဒုတိယအကြိမ် မွေးဖွားသော ယုံကြည်သူများအနေဖြင့် အပြစ်မလုပ်ချင်ကြပါ။ ကျွန်တော်တို့၏ရည်ရွယ်ချက်သည် အပြစ်မလုပ်ဘို့ ဖြစ်သည်။ သို့သော် တခါတရံ အပြစ်လုပ်မိကြသည်။ အတိတ်၌လုပ်ခဲ့သော အမှားအားလုံးကို မိမိကိုယ်မိမိ ပြန်လည်စစ်ဆေးကြပါဟု နှုတ်ကပတ်တော်က ကျွန်တော်တို့ကို မတိုက်တွန်းပါ။ ဝန်ချတောင်းပန်ရန် လိုအပ်သောအပြစ်များကိုပြန်သတိရစေရန် ကျွန်တော်တို့ကရိုးရိုးလေးဘဲ ဘုရားသခင်ထံတောင်းလျှောက်ပါသည်။ ဤကဲ့သို့တောင်းလျှောက်ပြီး၊ သတိရလာသောအပြစ်များကို နောင်တရဖို့ဝန်မလေးဘဲဘုရားသခင်ထံဝန်ချတောင်းပန်သင့်ပါသည်။

ရှင်ဘုရင်ဒါဝိတ်သည် ဗာသရှေဘနှင့်ပြစ်မှားပြီးနောက်၊ သူမ၏ယောကျ်ားကို သတ်ဖြတ်ရန် စီစဉ်လိုက်သည်။ ၎င်းသည် လျှို့ဝှက်စီစဉ်ထားသော ကိစ္စဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ကျူးလွန်ခဲ့သောအပြစ်ကိုမေ့ပြစ်သွားမည်ဟု သူထင်နေတာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ထို့ကြောင့် သူသည် ဖုံးကွယ်ရန် ရွေးခြယ်လိုက်သည်။ သို့သော် 'ငါသည်အပြစ်ကို မဖော်ပြဘဲနေစဉ်အခါ၊ တစ်နေ့လုံး ငြီးတွားသောအားဖြင့် ငါ့အရိုးတို့သည် ဆွေးမြေ့ခြင်းသို့ ရောက်ရ၏။ နေ့ညမပြတ် ကိုယ်တော်၏လက်သည် အကျွန်ုပ်ပေါ်မှာလေး၍ အကျွန်ုပ်၏ချွေးသည် နွေကာလ၌ သွေ့ခြောက်ခြင်းကဲ့သို့ ဖြစ်ပါ၏ဟုရေးပါသည်။ နောက်

ပိုင်းတွင်သူသည်အဖြေမှန်ကိုတွေ့ရှိပြီး၊ 'တဖန် အကျွန်ုပ်သည် ကိုယ်အပြစ်ကိုရှေ့တော်၌ ဝန်ချပါ၏။ပြု မိသောဒုစရိုက်ကိုဖုံးကွယ်၍မထားပါ။ ငါလွန်ကျူးသောအရာကို ထာဝရဘုရားအားဖော်ပြတောင်းပန်မည်ဟု ပြောဆိုသောအခါ ကိုယ်တော်သည် အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကို လွှတ်တော်မူ၏' ဟု ရှင်းလင်းပြောဆိုသွားပါသည် (ဆာလံ ၃၂း ၃-၅)။ အပြစ်ပြုမိသောကြောင့် ဆုံးရှုံးသွားသောဝမ်းမြောက်ခြင်းကို သင်ပြန်၍ရယူလိုပါသလား။ ရိုးရိုးလေးဝန်ခံခြင်းသည် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

## ရေချိုးရန်သင်လိုအပ်ပါသလား။ (သို့) သင့်ခြေများရေဆေးရန်လိုပါသလား။

သခင်ယေရှုက တပည့်တော်များ၏ခြေကိုဆေးပေးသောအခါ နှိမ့်ချခြင်း၊ အမှုတော်ဆောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသောသင်ခန်းစာများကို ပေတရုအားသွန်သင်ရန် ဤအခါသမယကို အသုံးပြုသည်။ တရားဝင်အပြစ်ခွင့်လွှတ်ခြင်း (Legal Forgiveness) နှင့်ခမည်းတော်ဘုရားခွင့်လွှတ်ခြင်း (Fatherly Forgiveness) အကြား မတူညီချက်ကို သခင်ဘုရားက အရိပ်အမြွက် ပြသသွားပါသည်။ ရေချိုးပြီးသောသူမည်သည်ကား ခြေဆေးခြင်းမှတပါး ဆေးရသောအကြောင်းမရှိ။ တကိုယ်လုံးစင်ကြယ်၏။ သင်တို့သည် စင်ကြယ်သော်လည်း အချို့မစင်ကြယ်ဟု မိန့်တော်မူ၏ (ယော ၁၃း ၁၀)။ ဤကျမ်းချက်၌ ရေချိုးခြင်းသည် ပြောင်းလဲသည့်အချိန်တွင် ကျွန်တော်တို့ရရှိသော အပြစ်ခွင့်လွှတ်ခြင်းတည်းဟူသောဘုရားသခင်၏တရားဝင်အပြစ်ခွင့်လွှတ်ခြင်း (Legal Forgiveness) ကိုဆိုလိုခြင်းဖြစ်သည်။ ဤလောကတွင် အသက်ရှင်ပြီး၊ ခရစ်ယာန်အသက်တာကို အသက်ရှင်လျှောက်လှမ်းသောအခါ ကျွန်တော်တို့၏ခြေများ ညစ်ပေတတ်ပါသည်။ ဤကဲ့သို့ ညစ်ပေသောကျွန်တော်တို့၏ခြေများ ပုံမှန်ဆေးပေးရန်လိုအပ်ပါသည်။ ထို့ကြောင့် ရေဆေးခြင်းသည် ခမည်းတော်ဘုရားခွင့်လွှတ်ခြင်း (Fatherly Forgiveness) ကိုဆိုလိုခြင်းဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- သင်သည် ဘုရားကျောင်းသို့ပုံမှန် သွားကောင်းသွားနိုင်သည်။ သင်သည် ဒုတိယအကြိမ်မွေးဖွားပြီးပြီလား။ ဘုရားသခင်၏ရှေ့တော်ထဲသို့တိုးဝင်ပြီး၊ ဤကဲ့သို့ ဆုတောင်းဖူးပါသလား။ 'ကိုယ်တော်ဘုရား၊ အကျွန်ုပ်သည်အပြစ်သားဖြစ်၍ ကိုယ်တော်ကိုပြစ်မှားကြောင်း ဝန်ခံပါ၏။ အကျွန်ုပ်၏အပြစ်များကို လွှတ်နိုင်ဖို့ရန် သခင်ယေရှုကို ဤလောကသို့ စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ယခု ကျွန်တော့်အပြစ်များကိုလွှတ်တော်မူပါ။ ကျွန်တော့်အသက်တာကို ကိုယ်တော်ကိုပေးပါ၏။ သခင်ယေရှုဘုရား အကျွန်ုပ်နှလုံးသားထဲသို့ ဝင်ရောက်တော်မူပါ။ ကျွန်တော့်ဘဝကို ကိုယ်တော်ထိန်းချုပ်တော်မူပါ။' သင်သည် ယုံကြည်သူခရစ်ယာန်မဟုတ်သေးဘဲ၊ ယေရှုဘုရားကို ခေါ်ဖိတ်လက်ခံခြင်း မရှိသေးရင်၊ ယနေ့ ခရစ်တော်ထံသို့ ဘာကြောင့် မတိုးဝင်မချဉ်းကပ်တာလဲ။
- သင့်ခြေများ ညစ်ပတ်ပါသလား။ ဝန်ချတောင်းပန်ရန် လိုအပ်သော အပြစ်တချို့ သင့်အသက်တာတွင်ရှိပါသလား။
- **ဆုတောင်းချက်။** 'ခမည်းတော်ဘုရား အကျွန်ုပ် ခွင့်လွှတ်ခြင်းရရှိနိုင်ရန်အတွက် အဖိုးအခပေးသောကြောင့်ကျေးဇူးတင်ပါ၏။ ကိုယ်တော်ပြုခဲ့သောပေးဆပ်မှုက ကိုယ်တော်သည် အကျွန်ုပ်ကိုဘယ်လောက်အထိ ချစ်ကြောင်းပြသသည့်အတွက်ကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို အလွန်ပင်တန်ဖိုးထားသည့်အတွက်ကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

# သင်ခန်းစာ(၃)
# သူတစ်ပါးကိုကျွန်တော်တို့ ပြစ်မှားသောအခါ

တစုံတယောက်ကို သင်ပြစ်မှားဖူးပါသလား။ တစုံတယောက်က ကိုယ့်ကိုပြစ်မှားပြီး၊ ကိုယ်ကခံရသောသူဖြစ်သောအခါ ပြန်သတိရဖို့ လွယ်ကူပါသည်။ ကိုယ့်ကိုပြစ်မှားပြီး နောင်တမရသော သူ့အပေါ် ထားသောဒေါသ စိတ်အနှောင့်အယှက်နှင့်နာကျင်မှုတွေကို ကိုင်တွယ်ဖြေရှင်းရန် နှုတ်ကပတ်တော်နှင့်ကိုက်ညီသော လမ်းညွှန်ချက်များကို ရှာဖွေနေသောကြောင့် ဤသင်ခန်းစာကို သင်လေ့လာနေခြင်း ဖြစ်ကောင်းဖြစ်မည်။ စိတ်ရှည်သည်းခံပြီး ဆက်လေ့လာပါ။ ၎င်းပြဿနာကို နောက်သင်ခန်းစာတွင် ဆွေးနွေးတင်ပြသွားပါမည်။ သို့သော် သခင်ယေရှုသွန်သင်သကဲ့သို့ သူတစ်ပါး၏အပြစ်ကို မစဉ်းစားခင်မှာ ကိုယ့်ကိုကိုယ်အရင်ကြည့်ရှုစစ်ဆေးရပါမည်။

## ကျွန်တော်တို့သည်ကြည်လင်သောမျက်လုံးများလိုအပ်သည်။

'ကိုယ်မျက်စိ၌ရှိသောတံကျင်ကို မမြင်ဘဲလျက်၊ ညီအစ်ကို သင်၏မျက်စိ၌ရှိသောငြောင့်ငယ်ကိုထုတ်ပါရစေဟု အဘယ်သို့ ညီအစ်ကိုအားဆိုရသနည်း။ လျှို့ဝှက်သောသူကိုယ်မျက်စိ၌ရှိသောတံကျင်ကို ရှေ့ဦးစွာထုတ်လော့။ နောက်မှညီအစ်ကို မျက်စိ၌ရှိသောငြောင့်ငယ်ကို ထုတ်ခြင်းငှါရှင်းလင်းစွာမြင်လိမ့်မည်' ဟုယေရှုကပြောသည် (လုကာ ၆း၄၂)။ အမှန်တော့ မျက်လုံးထဲတွင် တံကျင်မရှိနိုင်ပါဘူး။ မိမိအပေါ်ရှိ ထင်ထင်ရှားရှားရှိသောအရာကိုမေ့လျော့ပြီး၊ သူတပါးအပေါ် မထင်ရှားသောအရာကိုမြင်တတ်ကြောင်းကို အသားပေးပြောလိုသောကြောင့် ဤကဲ့သို့ပြောဆိုခြင်းဖြစ်သည်။ ကျွန်တော်တို့အသက်တာတွင် မမြင်နိုင်သော်လည်း ထင်ရှားသည့်အပြစ်များ(သို့)မကောင်းသောစိတ်သဘောများရှိနိုင်သည်။ သူတပါး၏အပြစ်များကို ဖော်ပြရန်(သို့)ပြင်ပေးရန် လျှင်မြန်တတ်သောကြောင့် မိမိအပြစ်ကို မမြင်ဘဲရှိနိုင်ပါသည်။

## ဝန်ချခြင်း

သူတစ်ပါးကို ကျွန်တော်ပြစ်မှားခဲ့သလား။ တစုံတယောက်ကို နာကျင်စေခဲ့သလား။ စိတ်ဆိုးသောအသံနှင့်(သို့)ဘဝင်မြင့်ပြီး၊ တစ်စုံတစ်ယောက်အား တစ်စုံတစ်ရာကို ပြောခဲ့သလား။ အခြားသူတစ်ယောက်ကို ထိခိုက်စေနိုင်သောစကားလုံးများကို အီးမေလ် (email) (သို့) စာနှင့် ကျွန်တော်ရေးဖူးပါသလား။ ခင်ဗျားအနေဖြင့် ဟုတ်ကဲ့၊ ရေးဖူးပါတယ်။ လုပ်ဖူးပါတယ်။ သို့သော် ဒါသူနဲ့တန်သောအရာပဲဟု သင်စဉ်းစားကောင်းစဉ်းစားနေနိုင်သည်။ ကျွန်တော် အနည်းငယ်ချဲ့ပြီးရေးထားတာ။ ဒါပေမဲ့ ကျွန်တော် ရေးထားသည့်အချက်၏ (၈၀) ရာခိုင်နှုန်းလောက်က အမှန်တွေပါ။ 'ကျွန်တော်မှန်ပါတယ်' ဆိုပြီး အကြိမ်တစ်ထောင်လောက်ကို ပြောသော်လည်း၊ ၎င်းက သင့်ကို ပေးမလွှတ်မြောက်စေနိုင်ပါ။ သင့်ရဲ့မှားနေသော ၂၀ ရာခိုင်နှုန်းကို သင်ဝန်ချရမည်ဖြစ်သည်။ လွှတ်မြောက်သောသူဖြစ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သင့်အနေဖြင့် မှားသည့်အတိုင်းဝန်ခံပြီး၊ အပြစ်ကို ဝန်ချရန်သာ ဖြစ်သည်။

ပျောက်သောသားအကြောင်းကို စဉ်းစားဆင်ခြင်ပါ။ သူလုပ်ခဲ့သောအရာနှင့် သူရှိသည့်နေရာကို သတိရလာသောအခါ၊ 'ငါထ၍ အဘထံသို့သွားမည်။ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်း ပြစ်မှားပါပြီ' (လုကာ ၁၅း၁၈)ဟု ပြောရန် ဆုံးဖြတ်လိုက်သည်။ ဘုရားသခင်ကိုလည်းကောင်း၊ သူ့အဘကိုလည်းကောင်း ပြစ်မှားခဲ့သည်။ ကျွန်တော်တို့ အပြစ်ပြုသောအခါ၊ ပုဂ္ဂိုလ်နှစ်ဦးနှစ်ယောက်အထိ ထိပါးနိုင်ပါသည်။ မိတ်ဆွေသူငယ်ချင်း (လူလူချင်း) ပြစ်မှားသကဲ့သို့၊ ကောင်းကင်ဘုံရှိ ကျွန်တော်တို့၏အဖခမည်းတော်ဘုရားကိုလည်း ပြစ်မှားရာရောက်ပါသည်။ ပြဿနာကိုဖြေရှင်းရန်၊ ကောင်းကင်ဘုံရှင်အဖထံအပြစ်ကို ဝန်ချတောင်းပန်ရမည် ဖြစ်သည်။ ထိုသို့ပြုလျှင် ခမည်းတော်ဘုရား၏ခွင့်လွှတ်ခြင်းကို ကျွန်တော်တို့ရရှိမည်ဖြစ်သည်။ သည့်အပြင် အလျားလိုက်ပြဿနာကိုလည်း မမေ့သင့်ပါ။ ကျွန်တော်တို့ပြစ်မှားမိသောသူကို ရှာပြီး၊ 'ကျွန်တော်အမှားပြုမိပြီ။ ကျွန်တော်ဝမ်းနည်းပါတယ်။ ကျေးဇူးပြုပြီး၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ' ဟုပြောရမည်။

## အစားပေးခြင်း

ကျွန်တော်တို့ပြစ်မှားမိသောပုဂ္ဂိုလ်ထံနှင့် ဘုရားသခင်ထံဝန်ချတောင်းပန်ပြီးသောအခါနောက်ထပ်တစ်ဆင့်လုပ်ဆောင်ရန် တခါတလေလိုအပ်ပြီး၊ ထိုကဲ့သို့လုပ်ဆောင်ရန်လည်း သင့်တော်ပါသည်။ ကျွန်တော်တို့ ဖျက်ဆီးလိုက်သောအရာကိုပြန်လည်ပြုပြင်ရန် (သို့)လျော်ပေးရန်စိတ်ဆန္ဒရှိလိမ့်မည်။ ၎င်းကိုသမ္မာကျမ်းစာက လျော်ပေးခြင်းဟုခေါ်သည်။ ဣသရေလလူများသည် မိမိတို့ပျက်စီးစေသောအရာ(သို့)ခိုးယူသောအရာ၏ ၂၀ ရာခိုင်နှုန်းကိုထပ်ပေါင်းကာပြန်၍အစားပေးလျော်ရမည်ဟုပညတ်ချက်ရှိသည်။ ၎င်းကိုမောရှေက 'လူပြုတတ်သောဒုစရိုက်ကိုပြု၍၊ ထာဝရဘုရားကို ပြစ်မှားသဖြင့် အပြစ်ရောက်သောယောက်ျား၊ မိန်းမတို့သည် ထိုအပြစ်ကို ဖော်ပြ၍တောင်းပန်ရမည်။ ပြစ်မှားသောအတွက်၊ ငါးစုတစ်စုကို ထပ်၍ပြစ်မှားခံသောသူအားပေးရမည်'ဟု ရှင်းပြထားသည် (တော ၅း၅-၆)။

ဓမ္မသစ်ခေတ်ကာလမှာမူအခွန်ကောက်သောသူများသည်ရောမအစိုးရကောက်ခံခိုင်းသည်ထက်တခါတရံပို၍ကောက်ကြသည်။ ဇက္ခဲသည် အခွန်ခေါင်းတစ်ယောက်ဖြစ်ပြီး၊ ချမ်းသာသောသူဖြစ်သည်။ သခင်ယေရှုနှင့်တွေ့ပြီးနောက် နောင်တရ၍သူ့နှလုံးသားနှင့် သူ့အသက်တာပြောင်းလဲသွားသည်။ ဒါကြောင့် ဇက္ခဲသည် ထ၍ သခင့်ထံ ဤသို့ဆို၏။ 'ဇက္ခဲသည်လည်းရပ်နေ၍၊ သခင် အကျွန်ုပ်၏ဥစ္စာတဝက်ကို ဆင်းရဲသောသူတို့အားပေးပါ၏။ တစ်စုံတစ်ယောက်သောသူ၏ဥစ္စာအနည်းငယ်ကိုအကျွန်ုပ်ယူမိလျှင် လေးဆပြန်၍ပေးပါမည်ဟု' ဆို၏ (လုကာ ၁၉း၁-၉)။ ဘယ်လောက် ရက်ရောခြင်းမျိုးလဲ။ ခရစ်ယာန်များသည် ဂျူးလူမျိုးတို့၏ ပညတ်တရားအောက်၌ အသက်မရှင်ကြပါ။ သို့သော် ပြုပြင်လိုသောပြင်းပြသည့်ဆန္ဒသည် စစ်မှန်သော နောင်တတရားနောက်သို့ အမြဲလိုက်ပါသည်။ ဖြစ်နိုင်သောနေရာမျိုးတွင် သင့်တော်သော အစားပြန်၍ ပေးဆပ်ခြင်းမျိုးကိုလည်းလုပ် လိုကြသည်။

## နာခံပါ။ လုပ်သာ လုပ်လိုက်ပါ။

ကျွန်တော်ငယ်စဉ်တုန်းက ဤသင်ခန်းစာကို သင်ယူရရှိပါသည်။ နိုင်ငံအသီးသီးမှအကြွေစေ့များစုဆောင်းခြင်းသည်ကျွန်တော့်ဝါသနာတစ်ခုဖြစ်သည်။ တနေ့တော့ ကျွန်တော်ကဲ့သို့အကြွေစေ့များကိုစုသော ကျွန်တော်ထက် အဆပေါင်းများစွာစုမိသည့် ဝမ်းကွဲညီမဆီသို့သွားလည်ခဲ့သည်။ သူ့မှာ တူတဲ့အကြွေစေ့များစွာရှိသည်။ ၎င်းအထဲတွင် ကျွန်တော် မစုမိရသေးသောအကြွေစေ့လည်းပါသည်။ ဘယ်သူမှ မရှိသည့်အချိန်တွင် ထိုအကြွေစေ့တစ်စေ့ကို ကျွန်တော့်အိတ်ကပ်ထဲသို့ထည့်လိုက်သည်။ အိမ်ရောက်သောအခါ ကျွန်တော့်စုဘူးထဲသို့ ဝမ်းသာစွာဖြင့်ထည့်လိုက်သည်။ သို့သော် ကျွန်တော်ပြုခဲ့သောအရာအတွက်စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ဝမ်းကွဲညီမက အများကြီးရှိတာဘဲ၊ မသိလောက်ပါဘူးဆိုပြီး ကိုယ့်ကိုကိုယ်အားပေးပါသည်။ ငါယူခဲ့သောအကြွေက သူ့မှာတစ်ခုတည်းရှိတာ မဟုတ်ဘူး။ ဒါကြောင့် သိပ်ပြီးတော့ အလိုမရှိပါဘူး။ အကြွေစေ့လေးပါ။ တန်ဖိုးမကြီးပါဘူး။ သူ့ဆီမှာ ငါတောင်းခဲ့ရင် သူကကျွန်တော့်ကိုပေးမှာပါဆိုပြီး စဉ်းစားခဲ့ပါသည်။ ဒီလိုနဲ့ ကိုယ့်ကိုကိုယ်အယုံအကြည်သွင်းခဲ့ပါသည်။ သို့သော် အတွင်းတွင် ငြိမ်သက်ခြင်းမရှိပါဘူး။ ညီမကိုဆက်သွယ်ပြီး၊ လုပ်ခဲ့သောအရာကို ရှင်းပြဖို့ ရှက်လာပါသည်။ ကျွန်တော်ကိုကျွန်တော် စိတ်ညစ်လာပါသည်။ ဒီအကြွေစေ့လေးကို အိမ်ယူသွားရလောက်အောင်ကျွန်တော်ဘယ်လောက် 'အ' လိုက်သလဲ။ ကျွန်တော် မလွှတ်လပ်တော့ပါဘူး။ မပြောပလောက်သောအကြွေစေ့ဖြစ်သော်လည်း၊ နေ့အချိန်တွင်ကျွန်တော်၏ လွတ်လပ်မှုကိုဖျက်ဆီးပြီး၊ ညဥ့်အချိန်မှာလည်း မငြိမ်မသက်ဖြစ်စေပါသည်။ ကျွန်တော်ဘာလုပ်ရမလဲ။ ဘာလုပ်နိုင်လဲ။ နောက်ဆုံးတော့ ညီမထံရှင်းပြသည့် စာတစ်စောင်ရေးပြီး၊ အကြွေစေ့ကိုစာအိတ်ထဲထည့်ကာ၊ စာတိုက်ပုံးထဲသို့ထည့်လိုက်ပါတော့သည်။ အခု ကျွန်တော်လွတ်မြောက်ပြီ။ မငြိမ်မသက်ဖြစ်တာတွေလည်း မရှိတော့ပါဘူး။

ယနေ့ မည်ကဲ့သို့သော စာကို စာတိုက်သို့သင်ယူသွားသလဲ။ လွတ်မြောက်ခြင်းအခွင့်ကိုရစေမည့် စာဖြစ်လျှင် မရှက်ပါနဲ့။ ရှက်ကြောက်ခြင်းနှင့်တွဲသောစိတ်ပျက်ခြင်းသည် အလွန်ပင်အကျိုးရှိပါသည်။ ၎င်းသည် အမှားကိုနောက်ထပ် မလုပ်ဖို့အထောက်အကူပြုသည်။ အခု သင့်ကို ကျွန်တော်ယေရှုနာမ၌ အားပေးတိုက်တွန်းချင်ပါသည်။ သင့်ရဲ့မိသားစုထဲတွင်အမေ (သို့)အ ဖေ၊ သင့်ရဲ့သား(သို့)သမီးကို သင်နာကျင်စေခဲ့လျှင် အခုတောင်းပန်ဖို့ဆုံးဖြတ်ချက်ချပြီး၊ အမှားကို ပြန်၍ပြုပြင်ပါ။ ညီအစ်ကို တစ်ယောက်ကိုထိခိုက်နာကျင်စေသော တစုံတရာကိုသင်ရေးခဲ့၊ လုပ်ခဲ့၊ ပြောခဲ့လျှင်၊ 'အော်၊ သူက တကယ်ခက်တဲ့လူပဲ။ သူလည်း

အခြားသူတွေကို နာကျင်စေခဲ့တာဘဲ' ဆိုပြီး သင့်ကိုယ်သင် မဆုံးဖြတ်ပါနှင့်။ မှန်ကောင်းမှန်ပါမည်။ သို့သော် အဲ့ဒါကသူ့၏ ပြဿနာပါ။ သူ့ကိုအမှားတစုံတရာလုပ်မိခဲ့လျှင်၊ သင်၏အပြစ်ကိုဝန်ခံပါ။ ကိုယ့်အပိုင်းကိုသန့်ရှင်းစေပါ။ ချစ်သောညီအစ်ကို မောင်နှမများ၊ ကျွန်တော်တို့အတွက် ခရစ်တော်ဝယ်ယူခဲ့ပြီးသောလွတ်မြောက်မှုကို ကိုယ်တိုင်တွေ့ကြုံခံစားရခြင်းသည် အလွန် ပင် အံ့သြဖွယ်ကောင်းပါသည်။ သင်၏လွတ်လပ်မှုကိုပျော်မွေ့ရန် ဖုန်းတစ်ချက်ခေါ်တာ၊ စာတစ်စောင်ရေးတာ (သို့)အီးမေးလ် တစ်ခါရေးခြင်း အပေါ်မူတည်နိုင်ပါသည်။ လုပ်လိုက်ပါ။ သင် လွတ်မြောက်သွားမည်။ သို့သော် အချိန်မရွေ့ပါနှင့်။ ကျေးဇူးပြု ပြီး အခုလုပ်လိုက်ပါ။

## ကိုယ့်အပေါ်မဖြစ်ပါစေနှင့်။

သင်သည် ယုံကြည်သူလူသစ် ဖြစ်ကောင်းဖြစ်မည်။ ဘုရားသခင်၏အပြစ်ခွင့်လွှတ်ခြင်းကို ရရှိခံစားသောသူဖြစ်သော ကြောင့် သင်ပျော်နေပါသည်။ အရမ်းကောင်းပါသည်။ သခင်ခရစ်တော်သည် အချုပ်အနှောင်ခံသူများကို လွတ်ခြင်းအခွင့်ပေး ရန် ကြွရောက်လာခြင်းဖြစ်သည်။ သို့သော် ခရစ်ယာန်တိုင်းသည် ထိုလွတ်လပ်မှုအတိုင်း အသက်မရှင်ကြောင်း မကြာခင် တွေ့ရှိပါသည်။ သခင်ယေရှုက ကျွန်တော်တို့ကိုချုပ်နှောင်ထားသော သံကြိုးများကိုဖယ်ရှားပေးပြီး ထောင်တံခါးများကိုဖွင့်ပေး ကာ၊ လွတ်ခြင်းအခွင့်ကိုပေးပါပြီ။ သို့သော် သံကြိုးကို ကျွန်တော်တို့အပေါ်မှ ဖယ်ရှားဖို့ငြင်းဆိုနိုင်ပြီး၊ အချုပ်အနှောင်ထဲ မှာဘဲပျော်မွေ့နိုင်ပါသည်။ သို့သော် သခင်ယေရှု၏အသွေးတော်သည် ကျွန်တော်တို့အားလွတ်စေနိုင်လောက်အောင် တန်ခိုး မရှိသောကြောင့်မဟုတ်၊ တစ်ယောက်ကိုတစ်ယောက်ပြစ်မှားမိသောအပြစ်များကိုဝန်ချတောင်းပန်ဖို့ ငြင်းဆိုသောကြောင့်သာ လျှင် ဖြစ်သည်။ ဒီလိုမျိုး သင့်အသက်တာ၌ မဖြစ်ပါစေနှင့်။ သင့်၏လွတ်လပ်မှုကို လုံခြုံစေရန် သခင်ယေရှုက အဖိုးအခကိုပေးခဲ့ ပြီးပါပြီ။ ထိုလွတ်ခြင်းအခွင့်ကို ယနေ့ ယေရှုက သင့်ကိုအပြည့်အဝခံစားစေလိုပါသည်။

## သို့သော် ကျွန်ုပ်၏ဆုံးရှုံးမှုသည် ကြီးမားလွန်းပါသည်။

တကယ်ပြင်းထန်သည့် အပြစ်တစ်ခုကိုကျူးလွန်မိကြောင်း သင်သတိထားမိကောင်းထားမိမည်။ ၎င်းအပြစ်ကို လက်ခံ ပြီး၊ ဝန်ချတောင်းပန်လျှင် ငွေကြေးအခက်အခဲ(သို့)ဥပဒေနဲ့ဆိုင်သော အခက်အခဲများတွေ့ကြုံမည်ကို သင်ကြောက်နိုင်သည်။ ဒါမှမဟုတ် အသင်းတော်၌ (သို့)အသင်းအဖွဲ့တွင် သင်၏နေရာကိုထိပါးနိုင်သည်။ သင့်မိသားစုကို တကယ်ဘဲနစ်နာစေပြီး အရှက်ရစေနိုင်ပါသည်။ ရှင်ဘုရင်ဒါဝိတ်သည်လည်း ဤကဲ့သို့သောအခြေအနေကို ရင်ဆိုင်ခဲ့ဖူးပါသည်။ သို့သော် ဝန်ချတောင်း ပန်ခြင်းမပြုဘဲ တိတ်ဆိတ်နေခြင်းသည် အထောက်အကူမဖြစ်ပါ။ ဝန်ချတောင်းပန်ခြင်းမရှိသောအပြစ်သည် သင်၏အတွင်း လူကို ပျက်စီးစေသည်။ ၎င်းက သင့်ကို ခရစ်ယာန်အသက်တာ၏အကျော့ကို သေစေလိမ့်မည်။ (သို့)တက်ကြွလှုပ်ရှားသောသူ တော်ကောင်းယောင်ဆောင်သောသူ (Active Hypocrite) ဖြစ်စေလိမ့်မည်။

လူ့အသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ အကြွေးစေ့ကိုခိုးယူခြင်းစသော မည်သည့်အပြစ်အတွက်မဆို နောင် တရခြင်းနှင့် ဝန်ချတောင်းပန်ခြင်းလိုအပ်ပါသည်။ ကျွန်တော်တို့သည် ဝန်ခံခြင်းနှင့်အစပြုကာ၊ ဘုရားထံအပြစ်ကိုဝန်ချတောင်း ပန်ရပါသည်။ ကျွန်တော်တို့သည် တတိယလူကိုပြစ်မှားခဲ့လျှင် ပုံမှန်အားဖြင့် ထိခိုက်ဒဏ်ရာရရှိသူအား တစ်စုံတစ်ရာပြောသင့် ပါသည်။ ရှုပ်ထွေးသော အခြေအနေမျိုးကြုံရလျှင်၊ ဒေသန္တာရအသင်းတော်၏အသင်းလူကြီးများ (သို့) ခရစ်ယာန်အကြံပေးဆွေး နွေးသည့်ပုဂ္ဂိုလ် (Christian Counsellor) တစ်ယောက်ယောက်ကို အရင်ချဉ်းကပ်၍ (ယာကုပ် ၅း ၁၆)တွင် တွေ့ရသော လမ်း ညွှန်ချက်များကို လိုက်နာခြင်းသည် အကောင်းဆုံးဖြစ်သည်။ 'အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ကိုယ့်အပြစ်ကိုဖော်ပြ တောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့။' ရင့်ကျက်သောခရစ်ယာန် (ယုံကြည် သူ)များ၏ ကူညီမှုသည် တကယ်ဘဲအရေးပါသည် (ဖိ ၄း၂-၃)။ ယေဘုယျအားဖြင့်ပြောရလျှင်၊ ဒဏ်ခံရသူ၏ကောင်းကွက်သည် ကျွန်တော်တို့၏လမ်းညွှန် ဖြစ်သင့်ပါသည်။ ဘယ်လိုရှေ့ဆက်ရမည်ဆိုတာနှင့် ဒဏ်ခံရသူအတွက် အကောင်းဆုံးက ဘာလဲဆို တာကို ဆုံးဖြတ်နိုင်ရန်အတွက်၊ အပြင်မှလာသောအကြံဉာဏ်များကို တခါတရံ သင်လိုအပ်ပါလိမ့်မည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- တစ်စုံတစ်ယောက်ကို အမှားလုပ်မိကြောင်း သင်သိရှိသလား။ ဘုရားထံဝန်ချတောင်းပန်ပြီးပြီလား။ ယခု သင်ပြစ်မှားခဲ့သောပုဂ္ဂိုလ်ထံသွားပြီး 'အမှားလုပ်မိသောကြောင့် ကျွန်တော် ဝမ်းနည်းပါသည်။ ကျေးဇူးပြုပြီးခွင့်လွှတ်ပါ။ သင်ခွင့်လွှတ်မလား' ဟု ဘုရားပြောစေလိုပါသည်။
- တစ်စုံတစ်ခုကိုပျက်စီးစေခဲ့လျှင် သင်ပြန်၍ပြုပြင်နိုင်မလား။ သင့်ဥစ္စာမဟုတ်သော တစ်စုံတစ်ရာကို သင်ယူခဲ့မိလျှင် ပြန်၍ပေးနိုင်မလား။ (သို့) ၎င်းအတွက်အဖိုးကိုပေးနိုင်မလား။ ဒီလိုမျိုးလုပ်ဖူးပါသလား။
- **ဆုတောင်းချက်။** ကောင်းကင်ဘုံရှင်အဖ ကျွန်တော့်မျက်လုံး၌ တံကျင်ရှိလျှင် ၎င်းကိုမြင်စေတော်မူပါ။ ကျွန်တော်၏အမှားများကို ဝန်ခံပါ၏။ အာမင်။

# သင်ခန်းစာ (၄)
# သူတစ်ပါးကကိုယ့်ကိုပြစ်မှားသောအခါ

သူတစ်ပါးက ကျွန်တော်တို့အား သိလျှက်နှင့်(သို့)မသိဘဲနှင့် ပြစ်မှားသောအခါ စိတ်ချမ်းသာစရာမကောင်းသည့် အခြေအနေမျိုးကို စဉ်းစားကြပါစို့။ ဤကဲ့သို့သောအခြေအနေမျိုးကြုံလျှင် ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်သင့်သလဲ။ ခရစ်ယာန် ခွင့်လွှတ်ခြင်း (Christian Forgiveness)၏ အခြေခံအကြောင်းတရားကို သခင်ယေရှုက ပုံဥပမာတိုတစ်ပုဒ် ကိုအသုံးပြု၍ ရှင်းပြခဲ့ပါသည်။ ၎င်းပုံဥပမာကို သင်သိကောင်းသိမည်။ သို့သော် အောက်တွင်ရှိသောကျမ်းချက် အပိုဒ်ငယ် (၁၅)လုံးကို အာရုံ စိုက်ပြီး သေသေချာချာဖတ်ပါ။ ပုံဥပမာထဲရှိ ရှင်ဘုရင်သည် ကျွန်တော်တို့၏ကောင်းကင်ဘုံရှင်ခမည်းတော် ဘုရားကို ရည်ညွှန်း ထားသည်။ ပုံဥပမာကို ဖတ်ရင်းအစေခံကျွန်အပေါ် ရှင်ဘုရင်က ဘယ်လိုခံစားမလဲဆိုတာကို ကြိုးစားပြီး တွေးကြည့်ပါ။

## ပုံဥပမာ

'ထိုအခါ ပေတရုသည် ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည်သူ၏အပြစ်ကို ဘယ် နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့လောဟု မေးလျှောက်သော် ယေရှုက၊ ခုနစ်ကြိမ်မြောက် အောင်လွှတ်ရမည် ငါမဆို။ အကြိမ်ခုနစ်ဆယ်ခုနစ်လီမြောက်အောင်လွှတ်မည် ငါဆို၏။ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်သည် မိမိကျွန်များတို့ကိုစာရင်းယူခြင်းငှါအလိုရှိသောမင်းကြီးတစ်ဦးနှင့်တူ၏။ စာရင်းယူစဉ်တွင် ငွေအခွက်တစ်သိန်းအကြွေးတင်သော သူတစ်ယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။ ထိုသူသည် အကြွေးဆပ်ရန်မရှိသောကြောင့် ကိုယ်မှစ၍သားမယားဥစ္စာရှိသမျှ တို့ကို ရောင်း၍အကြွေးကိုဆပ်စေဟု သူ၏သခင်စီရင်၏။ ထိုကျွန်သည် ညွတ်ပြပ်ဝပ်တွားလျှက် သခင် ကျွန်တော်ကို သည်းခံ တော်မူပါ။ အကြွေးရှိသမျှကိုဆပ်ပါမည်ဟု လျှောက်လျှင် သူ၏သခင်သည် သနားခြင်းရှိသဖြင့်အကြွေး ရှိသမျှကိုလွှတ်၍ ချမ်း သာပေးလေ၏။ ထိုကျွန်သည် ထွက်သွားရာတွင် မိမိငွေဒေနာရိတစ်ရာကို အကြွေးတင်သောကျွန်ချင်းတစ်ယောက်ကိုတွေ့ လျှင် လည်ပင်းကိုကိုင်ညှစ်၍ ငါ့ငွေကိုဆပ်ပေးလော့ဟုဆို၏။ ထိုကျွန်ချင်းသည် ခြေရှင်၏ခြေရင်း၌ပြပ်ဝပ်လျှက် ကျွန်တော် ကို သည်းခံတော်မူပါ။ အကြွေးရှိသမျှကိုဆပ်ပါမည်ဟု တောင်းပန်သော်လည်း ငွေရှင်သည် နားမထောင်ဘဲသွား၍အကြွေးကို မဆပ်မှီတိုင်အောင် သူ့ကို ထောင်ထဲမှာလှောင်ထား၏။ ထိုအမှုအရာကို အခြားသောကျွန်ချင်းတို့သည် မြင်လျှင်အလွန်နာ ကြည်းသောစိတ်နှင့် သွား၍ပြုလေသမျှတို့ကို မိမိတို့သခင်၌ကြားလျှောက်ကြ၏။ ထိုအခါ သခင်သည် ထိုကျွန်ကိုခေါ်၍ ဆိုး ညစ်သောကျွန် သင်သည် ငါ့ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသော အကြွေးကို ငါရှင်းလင်းစေ၏။ ငါသည် သင့်ကို သနား သကဲ့သို့သင်သည်လည်း ကျွန်ချင်းကိုမသနားအပ်သလောဟုဆိုလျှက် အမျက်ထွက်၍ အကြွေးရှိသမျှကို မဆပ်မှီတိုင် အောင် အာဏာသားတို့လက်သို့အပ်လေ၏။ သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျှက် အပြစ်မလွှတ် လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတ္တံ့ဟု မိန့်တော်မူ၏။' (မဿဲ ၁၈း ၂၁-၃၅)။

ဤအစေခံကျွန်သည် ငွေမြောက်များစွာကို ရှင်ဘုရင်ထံအကြွေးတင်ပြီး၊ ပြန်ပေးရန် သဘောတူညီချက်ကို ပျက်ကွက် နေကြောင်း ရှင်ဘုရင်က သိမည်ဖြစ်သည်။ ဤအခြေအနေသည် ဘယ်လိုစဉ်းစားစဉ်းစား စိတ်ညစ်စရာကောင်းသောအခြေအနေ ဖြစ်သည်။ ဒါဖြင့် စာရင်းရှင်းရမည့် ရက်ရောက်ပါပြီ။ အစေခံကျွန်မှာမူပျက်ကွက်ပြီး၊ ပြစ်ဒဏ်ပေးရန် ထိုက်တန်သောသူဖြစ် သည်။ သို့သော် အံ့သြစရာကောင်းသည်မှာ ရှင်ဘုရင်ကသူ့ကိုထောက်ထား ညှာတာမှုနှင့်ကြည့်ကာ၊ 'သင်ပြန်၍ မပေးနိုင်ဘူးဆို တာ ငါသိတယ်။ သင့်ရဲ့ အကြွေးအားလုံးကို ဖျက်သိမ်းဖို့ ငါဆုံးဖြတ်လိုက်ပြီ။ အခု မင်းအိမ်ပြန်လို့ရပါပြီ' ဟုပြောပါသည်။

ဤလူကြီးသည် အကြွေးများဖျက်သိမ်းခြင်းနှင့်ထိုက်တန်ပါသလား။ မထိုက်တန်ပါ။ အပြစ်ခွင့်လွှတ်ခြင်းနှင့်ထိုက်တန် သောသူတစ်ယောက်မျှ မရှိပါ။ အပြစ်ခွင့်လွှတ်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်သည်။ အပြစ်ခွင့်လွှတ်ခြင်းကိုကျွန် တော်တို့ကြိုးစားမှုကြောင့် (သို့)ထိုက်တန်သောကြောင့် ရရှိသည် မဟုတ်ပါ။ စေတနာအလျှောက် အခမဲ့ရရှိပါသည်။ သင်၏အ

ကြွေးအများစုကို ငါလွှတ်မည်။ ကျန်သေးသည့် အရာအတွက် ဤသဘောတူစာချုပ်ကိုလက်မှတ် ထိုးပါ'ဟု ရှင်ဘုရင်က မပြော ကြောင်းသတိထားပါ။ ခရစ်ယာန်ခွင့်လွှတ်ခြင်း (Christian Forgiveness)သည် အမြဲတမ်း အခမဲ့ဖြစ်ပြီး ပြီးပြည့်စုံပါသည်။

## သင် ဘယ်လောက်အထိ ခွင့်လွှတ်ခြင်းခံခဲ့သလဲ။

ချစ်သောညီအစ်ကိုမောင်နှမများ ဤပုံဥပမာ၏အစပိုင်းသည် ကျွန်တော်တို့၏ပြောင်းလဲခြင်းကို ကွင်းကွင်းကွက်ကွက် နှင့် စိတ်လှုပ်ရှားဖွယ် သရုပ်ဖော်ပြသခြင်း တစ်ခုဖြစ်သည်။ ကျွန်တော်တို့သည် ကယ်တင်ခြင်းနှင့်အပြစ်ခွင့်လွှတ်ခြင်းကို ရှာရင်း မျှော်လင့်ခြင်းမဲ့စွာနှင့် သခင်ယေရှုထံသို့လာခဲ့ကြသည်။ ကျွန်တော်တို့တွင် တချို့သောသူများသည် အခြားသောသူများထက် မိမိ တို့၏အပြစ်ကြွေးပမာဏကို ပို၍နားလည်ကြသည်။ ကျွန်တော်တို့အားလုံးသည် အပြစ်စီရင်ခြင်းခံသော အပြစ်သားများဖြစ်ကြ သည်။ သို့သော် ဤအကြောင်းကို အချို့သောသူတို့သည် အခြားသောသူများထက် ပို၍နားလည် သဘောပေါက်ကြသည်။ ခွင့် လွှတ်ခြင်းခံရသောသင်၏အပြစ်ပမာဏကို သင်သိပါသလား။ အချို့သောခရစ်ယာန်များသည် မိမိတို့အပြစ်၏ညစ်ညမ်းမှုကိုမသိ နားမလည်ကြပါ။ ဘုရားကိုကျေးဇူးတင်ကြသည်။ သို့သော် အပြစ်အနည်းငယ်မျှသာ ခွင့်လွှတ်ခြင်းခံသည်ဟု ထိုသူတို့က ထင် မှတ်ကြသည်။ ယေရှုခွင့်လွှတ်ခဲ့သောအပြစ်ပမာဏကို ကျွန်တော်တို့ကသိနားလည်ကြသောအခါ ကျွန်တော်တို့၏နှလုံးသားများ နူးညံ့သွားပါလိမ့်မည်။ ခရစ်တော်၏စံနမူနာကိုလိုက်ရန်ပြင်ဆင်လာပြီး အခြားသူများ၏အပြစ်ကိုလည်း ခွင့်လွှတ်တတ်မည်။

ဤအကြောင်းကို ကောင်းကောင်းဆင်ခြင်ပါ။ တစ်စုံတစ်ယောက်က သင့်ကိုပြစ်မှားသောအခါ သင်က ဘုရားကို ပြစ် မှားသောအပြစ်နှင့်နှိုင်းယှဉ်လျှင် သူက သင့်ကို ပြစ်မှားသောအပြစ်သည် မပြောပလောက်ပါ။ သင့်၏အကြောင်းအားလုံးကို ဘု ရားက သိတော်မူပါသည်။ ကျွန်တော်တို့၏မကောင်းသော အကြံအစည်တစ်ခုခြင်းစီတိုင်းကို ဘုရားက သိတော်မူပါသည်။ 'အို ငါဘယ်သူ့ကိုမျှ မသတ်ဖူးပါ'ဟု သင်စဉ်းစားကောင်းစဉ်းစားနိုင်သည်။ သို့သော် သင်အရမ်းစိတ်ဆိုးပြီး၊ လူကိုသတ်လိုသော စိတ်ရှိကောင်းရှိမည်။ သို့မဟုတ် 'ငါက သူတစ်ပါးသားမယားကို မပြစ်မှားဖူးပါဘူး'သင်ပြောကောင်းပြောနိုင်သည်။ သို့သော် တခါတလေ ပြစ်မှားလိုသောဆန္ဒရှိသည် မဟုတ်လော။ နောက်တွင် ဖြစ်နိုင်သော၊ မလိုလားအပ်သည့်ပြဿနာများကိုကြောက် သောကြောင့် သင်သူတစ်ပါးသား၊ မယားကို မပြစ်မှားတာပါ။ သင့်ရဲ့အကြံအစည်ကို ဘုရားကသိတော်မူပါသည်။ သင်သွားခဲ့သော နေရာ၊ သင်ကြည့်ရှုခဲ့သော websites များကိုလည်း သူသိတော်မူပါသည်။ ယေရှုခရစ်တော်၏အသွေးတော်က ဤအညစ်အ ကြေးများမှ သင့်ကိုလုံးဝဆေးကြောသန့်စင်စေခဲ့ပြီးပါပြီ။ ဤအရာသည် ကျွန်တော်တို့အတွက် အသွေးတော်နှင့်ခရစ်တော်ရွေး ဝယ်ခဲ့သည့် အံ့သြဖွယ်ကောင်းသောလွှတ်ခြင်းဖြစ်ပါသည်။ ယခု သခင်ယေရှုက 'ငါ သင့်ကိုများစွာ ခွင့်လွှတ်ပြီးဖြစ်သောကြောင့် သင်သွား၍ သင့်၏ညီအစ်ကိုမောင်နှမများကို ခွင့်လွှတ်စေလိုပါသည်'ဟု သင့် ကိုပြောနေပါသည်။

ပုံဥပမာထဲတွင် အစေခံကျွန်ချင်းကို ခွင့်မလွှတ်ချင်သောအစေခံကျွန်ကို ဘုရင်ကြီးက အလွန်ပင်စိတ်ပျက်လှပါ သည်။ တခြားနည်းနှင့်ပြောရလျှင် 'ကြည့်။ သင့်ကိုခွင့်လွှတ်ရန် မဖြစ်နိုင်သောသန်းပေါင်းများစွာကို ငါခွင့်လွှတ်တယ်။ သင် က ဒင်္ဂါးတစ်ရာလေးကို ခွင့်လွှတ်နိုင်ရန်သနားကြင်နာသော နှလုံးသားကို ဘာကြောင့်မရှိနိုင်တာလဲ'ဟု ဘုရင်က ပြောသည်။ တစ်စုံတစ်ယောက်က သင့်ကိုနာကြင်စေခဲ့သည်။ သင့်ကို လျစ်လျူရှုပြီး၊ ငြင်းဆိုခဲ့သည်။ သင့်အကြောင်းကို မဟုတ်မမှန်ပြော ခဲ့သည်။ သင့်ထံမှ တစ်စုံတစ်ရာကိုခိုးခဲ့သည်မှာ မှန်ပါသည်။ သူလုပ်ခဲ့သောအရာသည် မှားပြီး၊ အပြစ်ဖြစ်ပါသည်။ အကြွေး မများပါဘူးဆိုပြီး ဟန်ဆောင်နေသည့်ပြဿနာ မဟုတ်ပါ။ မကောင်းသောအရာကို ကောင်းအောင်လုပ်နေခြင်းလည်း မဟုတ်ပါ။ အပြစ်က အပြစ်ဖြစ်ပါသည်။ အပြစ်ကြွေးက အပြစ်ကြွေးဖြစ်ပါသည်။ လူလူချင်းပြစ်မှားသော အပြစ်ကို ဘုရားသခင်အပေါ် ကျွန်တော်တို့ပြစ်မှားသောအပြစ်နှင့်နှိုင်းယှဉ်လျှင် ဘာမှမပြောပလောက်ပါ။ ဤပုံဥပမာတွင် သခင်ယေရှုက ဤကဲ့သို့ပြောလို ခြင်းဖြစ်ပြီး၊ သူပြောနေသောအရာကို သူသိတော်မူသည်။

ကျွန်တော်တို့ ဘာကိုလုပ်ဆောင်ရန် ဘုရားက မျှော်လင့်ပါသလဲ။ 'သင့်အပေါ် ငါဂရုဏာတရားထားသကဲ့သို့ သင့်ရဲ့ မိတ်ဆွေအစေခံကျွန်အပေါ် သင်ဂရုဏာမထားသင့်ဘူးလား' ဟု ရှင်ဘုရင်က ပြောသည်။ ကျွန်တော်တို့သည် အခြားသူများကို စေတနာအလျှောက် အခမဲ့ ခွင့်လွှတ်ရန်ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် အစဉ်မထိုက်တန်သော လက်ဆောင်တစ်ခုဖြစ်သည်။ သခင်ယေရှုက 'နှလုံးသားမှညီအစ်ကိုကိုခွင့်လွှတ်ရန်' ခရစ်ယာန်အားလုံးကို တိုက်တွန်းရင်း ဤပုံဥပမာကို အဆုံးသတ်ပါသည်။

## တင်(မ်)ကိုဘယ်သူ ပစ်သတ်ခဲ့သလဲ။

တင်(မ်)သည် ကျွန်တော်တို့အသင်းတော်၏အသင်းသားတစ်ယောက်ဖြစ်ခဲ့သည်။ သူသည် တနင်္ဂနွေဝတ်ပြုအစည်းအဝေးကို တော်ရုံတန်ရုံ မပျက်ကွက်ပါ။ ဘုရားကျောင်းလာလျှင် ဘီးတပ်လှျပ်စစ်ကုလားထိုင်ဖြင့် ရောက်လာတတ်သည်။ ကလေးများအတွက် ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။ သူသည် အောက်(စ်)ဖို့တက္ကသိုလ် (Oxford University)မှ သချ်ာဘာသာရပ်ဖြင့်ဘွဲ့ယူပြီးနောက် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်များကို ထောက်ပံ့ကူညီရန် စစ်တပ်တွင် စာရင်းပေးသွင်းခြင်းခံခဲ့ရသည်။ သူသည် လေတပ်တွင်တာဝန်ထမ်းဆောင်ခဲ့သည်။ တစ်နှစ်၊ နှစ်နှစ်ကြာပြီးနောက် တခြားဩစတြေးလျားစစ်သားများနှင့်အတူ ပြင်သစ်နိုင်ငံသို့ လေယာဉ်ပေါ်မှ လေထီးဖြင့်တွန်းချခြင်းခံခဲ့ရသည်။ လေထဲတွင်ရှိနေခိုက် သေနတ်ဖြင့်ပစ်ခြင်းခံခဲ့ရပြန်သည်။ ထိုအချိန်ကစပြီး လည်ပင်းမှ အောက်ပိုင်းသေသွားပါသည်။ သူ့ကို ဘယ်သူပစ်ခဲ့သလဲ။ ဘယ်သူက သူ့ကိုပစ်ခဲ့သည်ကို မသိဘဲ မနှစ်က သူသေဆုံးသွားပါသည်။ နှစ်ပေါင်း(၆၀)နီးပါးအထိ တစ်ယောက်ကမျှ နောင်တရပြီး၊ သင့်ကို ကျွန်တော်ပစ်ခဲ့တာပါ။ ကျွန်တော်ကိုခွင့်လွှတ်ပါဆိုပြီး လာ၍မတောင်းပန်ပါ။ သို့သော် သူမသိသော သူ့ကိုပစ်ခဲ့သောဂျာမဏီစစ်သားကို သူခွင့်လွှတ်ခဲ့သည်။ ကျွန်တော့်ကလေးတွေနှင့်သူ့ဆီသို့ ကျွန်တော်သွားလည်ခဲ့ဖူးသည်။ သူသည် ဓါတ်ပုံတချို့နှင့်စစ်အတွင်းရခဲ့သော လက်မှတ်များကို ကျွန်တော်တို့အား ပြခဲ့သည်။ သူ့ရဲဘဝပုံပြင်ကိုလည်း ပြောပြပါသည်။ သူ့လေသံ၌ခါးသီးမှုတစ်စုံတစ်ခုမျှ မရှိခဲ့ပါ။ အတွင်းကျန်းမာသောသူတစ်ယောက်ဖြစ်ခဲ့သည်။ သူသည် ဒုက္ခိတတစ်ယောက်ဖြစ်ပြီး၊ လျှပ်စစ်ကုလားထိုင်၏အကူအညီဖြင့် လမ်းသွားရသောသူဖြစ်သော်လည်း အသက်တာတွင် ဝမ်းမြောက်ပျော်ရွှင်သောညီအစ်ကိုတစ်ယောက်ဖြစ်ပါသည်။

## နှလုံးသားခွင့်လွှတ်ခြင်း

ပြစ်မှားသောသူသည် နောင်တရ၍သူ့အပြစ်ကို ဝန်ချတောင်းပန်ပြီး၊ ပြန်လည်၍ပေးဆပ်မှုမျိုးလုပ်လိုသော အချိန်သည် ကောင်းသောအခြေအနေဖြစ်သည်။ နောက်ဆုံး ရည်ရွယ်ချက်မှာ ယိုယွင်းပျက်စီးသွားသောဆက်နွယ်မှုကို ပြန်လည်ပြုပြင်ခြင်းတည်းဟူသော ပြန်လည်သင့်မြတ်ခြင်းပင် ဖြစ်သည်။ အပြစ်နှင့်ပြည့်နှက်သော ဤလောကကြီးတွင် ၎င်းကဲ့သို့နှစ်လိုဖွယ်ရာကောင်းသောစိတ်ဆန္ဒနှင့် ၎င်းကဲ့သို့သောမြင့်မြတ်လှသည့် ရည်ရွယ်ချက်များ အမှန်တကယ် ဖြစ်တည်လာရန်အချိန်ကြာနိုင်ကြောင်း ဘုရားသခင်ကောင်းစွာသိတော်မူသည်။ သို့သော် တချို့သောကိစ္စများတွင် လုံးဝဖြစ်လာမည် မဟုတ်ပါ။ အပြစ်ကျူးလွန်သောသူနောင်တရဖို့ ကျူးလွန်ခံရသောသူက ဆက်လက်၍စောင့်သင့်ပါသလား။ အထဲ၌ ကသိကအောင့်ဖြစ်ခြင်း၊ မိမိကိုနှိပ်စက်ပြီး၊ အတွင်း၌ မိမိဝိညာဉ်ကို ယိုယွင်းပျက်စီးစေသော နာကျင်မှုမှ ကိုယ့်ကိုကိုယ် လွှတ်မြောက်စေရန် ကျူးလွန်ခံရသူ အနေဖြင့် ဘာလုပ်ဆောင်နိုင်ပါသလဲ။ ၎င်း၏အဖြေကိုသခင်ယေရှုက 'ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျှက် အပြစ်လွှတ်ကြလော့' (မဿဲ ၁၈း၃၅)ဟု ပုံပြင်၏အဆုံးတွင် ပေးထားပါသည်။ ၎င်းကို 'နှလုံးသားခွင့်လွှတ်ခြင်း' (Heart Forgiveness) ဟု တချို့ကခေါ်ကြသည်။

ကျွန်တော်တို့အပေါ် သူတစ်ပါးက ပြစ်မှားသောမတရားမှုများကိုပြန်သတိရပြီး၊ ပြစ်မှားသောသူကိုသခင်ယေရှုမြတ်သော နာမ၌ ခွင့်လွှတ်လျှက် ၎င်းကြောင့်ဖြစ်ပေါ်လာသော နာကျင်မှုများကိုရင်ဆိုင်၍ သူ့အတွက် ဆုတောင်းပေးသောအခါသူ့ကို နှလုံးသားထဲမှ ကျွန်တော်တို့ ခွင့်လွှတ်ခြင်းဖြစ်သည်။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness)သည် ကျွန်တော်တို့စိတ်ဆန္ဒ၏ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။ ကျွန်တော်တို့သည်လည်း ခွင့်လွှတ်ခြင်းခံသောသူများဖြစ်သောကြောင့် ခွင့်လွှတ်ခြင်းဖြစ်သည်။ နာခံခြင်းဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ယေရှုနာမ၌ 'သွားခွင့်'(Letting go) ပြုခြင်းဖြစ်သည်။ နာကျင်စရာကောင်းသော (သို့) စိတ်ဆိုးစရာကောင်းသော အတွေးများပြန်ပေါ်လာသောအခါ ဘုရား၏ရှေ့တော်၌နှလုံးသားအပြည့်နှင့် ခွင့်လွှတ်ပြီးပြီဖြစ်ကြောင်းကို မိမိကိုမိမိပြန်သတိပေးရသည်။ ကျွန်တော်တို့၏ဆုံးဖြတ်ချက်ကိုပြန်၍ တည်စေပါသည်။ ၎င်းသည် ပြန်လည်သင့်မြတ်မှုကို ရယူရန်(သို့)တရားမျှတမှုအတွက် လိုအပ်သောခက်ခဲသည့်အလုပ်ကို လွဲရှောင်ရန်အတွက် ရိုးရှင်းသော စိတ်ပိုင်းဆိုင်ရာလှည့်ကွက် မဟုတ်ပါ။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness)သည် အစဉ်ခက်ခဲပြီး၊ အလွန်ပင်နာကျင်လှပါသည်။ သို့ရာတွင် ၎င်းသည် နာကျင်စေသောအရာကို ဖယ်ရှား၍ နာကျင်မှုကို လျော့စေကာဒဏ်ရာရသောနှလုံးသားကို ကျန်းမာစေရန်ဘုရားသခင်ကို ခွင့်ပြုခြင်းဖြစ်သည်။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness) သည်

ပထမခြေလှမ်းဖြစ်ပြီး၊ ကျူးလွန်ခြင်းခံရသူ၏သဘောထားအပေါ် မူတည်သည်။ ကျူးလွန်သူ၏သဘောထားအပေါ် မမူတည်ပါ။

## လက်တွေ့လုပ်ဆောင်ခြင်း

- ဘုရားသခင်က သင့်ကို ဘယ်လောက်ထိခွင့်လွှတ်ခဲ့ကြောင်းကို တစ်မိနစ်လောက်အချိန်ပေးပြီး ဆင်ခြင်ပါ။ သင်လုပ်သင့်သော်လည်း မလုပ်ခဲ့သောကောင်းသောအရာများနှင့် အခြားသူများအပေါ် သင်ပြုခဲ့သောနာကျင်မှုများ စသည့် ဘုရားသခင်သာလျှင် သိတော်မူသော သင်ပြုခဲ့သည့် ထိုလျှို့ဝှက်အပြစ်များကို စဉ်းစားပါ။ ဘုရားသခင်ထံမှ သင်ရရှိသောကြီးမားသည့် သူ၏ခွင့်လွှတ်ခြင်းကို နားလည်သဘောပေါက်အောင် ကြိုးစားပါ။
- တစ်စုံတစ်ယောက်က သင့်အပေါ်ပြုခဲ့သောအရာကြောင့်၊ သင်သူ့ကိုစိတ်ဆိုးရသောအချိန်မျိုးရှိပါသလား။ ယခုအချိန်သည် သင့်ကိုပြစ်မှားသောသူများကို ခွင့်လွှတ်ဖို့အချိန် ဟုတ်ပါသလား။
- **ဆုတောင်းချက်**။ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောဘုရား၊ ကျွန်တော်ကို ချစ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ခွင့်လွှတ်ခြင်းနှင့် ကျွန်တော်မထိုက်တန်ကြောင်း ကျွန်တော်သိပါ၏။ ကျွန်တော့်ကိုပြစ်မှားသောသူများကို အကျွန်ုပ်သည် ခွင့်လွှတ်နိုင်ရန် မစတော်မူပါ။ အာမင်။

# သင်ခန်းစာ (၅)
# ဘယ်အချိန်မှာ ကျွန်တော်ခွင့်လွှတ်သင့်သလဲ။

ကျွန်တော်တို့ကို ပြစ်မှားသောသူများကို ခွင့်လွှတ်ရန် ဘုရားသခင်က မျှော်လင့်ကြောင်းကို နှုတ်ကပတ်တော်က ရှင်းလင်းစွာပြောသည်။ ကျွန်တော်တို့ကိုယ်တိုင်သည်လည်း ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ခံသောသူများဖြစ်သောကြောင့်၊ ကျွန်တော်တို့က သူတပါးကို ခွင့်လွှတ်ခြင်း ဖြစ်သည်။ 'ကိုယ့်ကိုပြစ်မှားသောသူများကို မည်သည့်အချိန်တွင် ခွင့်လွှတ်သင့်သလဲ' ဟူသော မေးခွန်းသည် အလွန်ပင်အရေးပါသောမေးခွန်းတစ်ခု ဖြစ်ပါသည်။ ကိုယ့်ကိုပြစ်မှားသောသူနှင့်တွေ့ရန် အခွင့်အရေးကိုရှာပြီး၊ သူနှင့်မတွေ့မှီ၊ သူနောင်တမရမှီ၊ တစ်စုံတစ်ယောက်က ကိုယ့်ကိုပြစ်မှားကြောင်းကို ကိုယ်က သိလိုက်သည့်အချိန်မှာ ခွင့်လွှတ်သင့်ပါသလား။ သို့မဟုတ် ကိုယ့်ကိုပြစ်မှားသောသူနှင့် တွေ့ရန်အခွင့်အရေးကိုရှာ၍ သူ့ကိုတွေ့ပြီး၊ သူသည် အပြစ်ရှိကြောင်းသိလာ၍၊ နောင်တရကာ၊ ရိုးရိုးသားသားနှင့်နှိမ့်ချစွာဖြင့် ခွင့်လွှတ်ပေးရန် တောင်းပန်သောလာအခါမှသာ ခွင့်လွှတ်သင့်ပါသလား။

## တစ်ချို့သောခရစ်ယာန်များ သဘောထားချင်း မတိုက်ဆိုင်သောနေရာ

'ပျော်ရွှင်စရာကောင်းသော ကျွန်တော်တို့အသင်းတော်ကို နှစ်ခြမ်းကွဲစေသည့် ပြောဆိုရခက်သောညီအစ်ကိုသည် နောင်တမရသေးသည့်အတွက် ကျွန်တော်ခွင့်မလွှတ်သေးဘူး။ ကျွန်တော်စိတ်ရှည်စွာနှင့်သူ့ကိုစောင့်နေပါသည်။' 'လွန်ခဲ့သောအနှစ်(၂၀)တုန်းက ကျွန်မယောကျ်ားအကြောင်း မကောင်းပြောသည့်မာနကြီးသော ဟိုမိန်းမက နောင်တရသည့်လက္ခဏာမပြသေးဘူး။ ဒါကြောင့် ကျွန်မသူ့ကို ခွင့်မလွှတ်သေးဘူး။ သို့သော် သူနောင်တရရင် ခွင့်လွှတ်ဖို့ ငါကအဆင်သင့်ပါ' ဆိုပြီး ခရစ်ယာန်များပြောသံကို ကျွန်တော်ကြားသောအခါ ကျွန်တော် အံ့သြရပါသည်။ ဤကဲ့သို့သောခရစ်ယာန်များသည် ခွင့်လွှတ်ခြင်းကို ရွှေ့ဆိုင်းရန် မျှတသောအကြောင်းတရားတချို့ တွေ့ရှိသောကြောင့် ဖြစ်သည်။ ဤကဲ့သို့သောသူများသည် လက်တွေ့တွင်အကြိမ်ကြိမ် ခွင့်လွှတ်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် အပြစ်ပြုမိသူအများစုသည် ခွင့်လွှတ်မှုကို တောင်းပန်ရန်ပြန်မလာကြပါ။

ခွင့်လွှတ်ခြင်းကို သခင်ယေရှုက အရေးပါသည်ဟု မှတ်ယူပါသည်။ ခမည်းတော်ဘုရားသခင်၏ ခွင့်လွှတ်ခြင်း (God's Fatherly Forgiveness) သည် ကိုယ့်ကိုပြစ်မှားသောသူများကို ကျွန်တော်တို့က ခွင့်လွှတ်သည့်အပေါ်၌မူတည်ကြောင်း သိရှိခဲ့ပြီးဖြစ်သည် (မဿဲ ၆း၁၄-၁၅)။ သခင်ယေရှုကဆုတောင်းခြင်းကိုသွန်သင်ရာတွင် 'သင်တို့သည် ဆုတောင်းသောအခါ၊သူတပါး၌အပြစ်တင်ခွင့်ရှိလျှင် သူ့အပြစ်ကိုလွှတ်လော့။ လွှတ်လျှင်ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် သင်တို့၏ အပြစ်ကိုလွှတ်တော်မူမည်' ဟု သွန်သင်ပါသည် (မာကု၊၁၁း၂၅)။ 'သင်တို့သည် ဆုတောင်းသောအခါ၊ သင်တို့ကို ပြစ်မှားသောသူသည် နောင်တရကြောင်း သင်သတိထားမိသောအခါသာ သူ့ကိုခွင့် လွှတ်ပါ' ဟု မသွန်သင်ထားပါ။ ခွင့်လွှတ်ရန် သွန်သင်ချက်များသည် အပြစ်ပြုမိသူ နောင်တရခြင်း/မရခြင်းအခြေအနေပေါ် မမူတည်ပါ။

ကျွန်တော်တို့ကို ပြစ်မှားသော သူများကို ခွင့်လွှတ်သင့်သည်ဆိုသည့်အချက်ကို ခရစ်ယာန်အားလုံးက လက်ခံကြသည်။ 'ဘယ်အချိန်မှာ ခွင့်လွှတ်သင့်သလဲ'ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ခရစ်ယာန်များသည် အချင်းချင်းသဘောခြင်း မတိုက်ဆိုင်ကြပါ။ ဤအချက်နှင့်ပက်သတ်၍ နှုတ်ကပတ်တော်က မည်ကဲ့သို့သွန်သင်ကြောင်းကို အချိန်ပေးပြီး ကျွန်တော်တို့ စဉ်းစားကြရအောင်။ ရှုပ်ထွေးမှုသည် ဆိုင်းတွခြင်းသို့ အစဉ်ဦးတည်နေပါသောကြောင့်၊ ဤအချက်သည် အရေးပါပါသည်။ ဘုရားအလိုတော်နှင့်အညီ ခွင့်လွှတ်နိုင်ရန်အတွက် ဓမ္မပညာနှင့်ဆိုင်သော ရှင်းလင်းမှုလိုအပ်ပါသည်။

## သူသည်နောင်တရလျှင် ခွင့်လွှတ်ပါ။

အပြစ်ကိုခွင့်လွှတ်ရန်အတွက် အပြစ်ပြုသောသူ နောင်တရလာသည်အထိ စောင့်သင့်သည်ဟူသောအချက်ကို လက်ခံသောသူတို့၌ အကြောင်းပြချက်များစွာရှိသည်။ ၎င်းတို့တွင် အချို့ကို စဉ်းစားကြရအောင်။

## (က) 'သူသည် နောင်တရလျှင်ခွင့်လွှတ်ပါ' ဟု ယေရှုမိန့်မှာခဲ့သည်။

'သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ကိုဆုံးမလော့။ သူသည် နောင်တရလျှင် သူ၏အပြစ်ကိုလွှတ် လော့'ဟု (လုကာ ၁၇း၃)တွင် ကျွန်တော်တို့တွေ့ရသည်။ ကျွန်တော်တို့သည် ဤကျမ်းချက်မှ မည်သည့်သင်ခန်းစာကို သင်ယူနိုင်သနည်း။ 'သူငယ်ချင်းယုံကြည်သူတစ်ယောက်က အပြစ်ပြုလျှင် သူ့ကိုကျွန်တော်တို့ ချဉ်းကပ်ရမည်။ သူသည်နောင်တရသောအခါ သူ့ကို ဆက်လက်ပြီး မချုပ်နှောင်ဘဲ၊ အပြစ်ကိုလွှတ်ရမည်ဖြစ်သည်' ဟူသော ရှင်းလင်းသည့် အမိန့်သည် ဤကျမ်းချက်တွင်ပါကြောင်း သတိထားပါ။ အပြစ်ပြုသောမယုံကြည်သူများကို ဘယ်လိုကိုင်သွယ်ရမည်ကို ဤကျမ်းချက်တွင် မဖော်ပြထားသည်ကို သတိထားပါ။ အပြစ်ပြုသောသူသည် သေခဲ့လျှင်၊ ဆက်သွယ်၍မရလျှင် (သို့) သူသည် ဘယ်သူဖြစ်ကြောင်းကိုမသိလျှင် ကျွန်တော်တို့သည် ဘာလုပ်ဆောင်သင့်သည်ကိုလည်း မဖော်ပြထားကြောင်းသတိထားပါ။ အနုတ်လက္ခဏာဆောင်သောနောင်တမရသည့်သူကို ခွင့်မလွှတ်သင့်ဘဲ၊ အပေါင်းလက္ခဏာဆောင်သောနောင်တရသည့် သူကိုသာ ခွင့်လွှတ်သင့်ကြောင်း ဤကျမ်းချက်က အခိုင်အမာပြောဆိုထားပါသည်။ နောင်တမရသောသူကို ကိုင်တွယ်ရန် လမ်းညွှန်ချက်များအတွက် တခြားကျမ်းချက်များကိုကြည့်ရှုသင့်ပါသည်။

## (ခ) 'ခွင့်လွှတ်သည်'ဟူသော ဝေါဟာရသည် နောင်တရခြင်းကို သွယ်ဝိုက်၍ဆိုလိုခြင်း ဖြစ်သည်။

အချို့သော ကျမ်းစာကျောင်းသား/သူများက 'ခွင့်လွှတ်ခြင်း'ဟူသော ဝေါဟာရ၏အနက်အဓိပ္ပါယ်တွင် နောင်တရခြင်းရှိသည်ဟု ကောက်ချက်ချကြသည်။ ခွင့်လွှတ်ခြင်းသည် နောင်တရခြင်းဖြစ်ကြောင်းပြသောကျမ်းချက်များကို သမ္မာကျမ်းစာထဲတွင် ရှာဖွေကြသည်။ 'ခွင့်လွှတ်သည်' ဟု အမြဲတမ်းအနက်ပြန်ဆိုထားသော ဂရိစကားလုံးတစ်လုံးမျှမရှိပါ။ ဓမ္မသစ်ကျမ်းတွင် တခါတရံ 'ခွင့်လွှတ်သည်' ဟုအနက်ပြန်ဆိုထားသော မတူညီသောဂရိစကားလုံး လေးလုံးရှိသည်။ မည်သည့်အချိန်တွင် 'ခွင့်လွှတ်သည်' ဟူသောစကားလုံးကို အသုံးပြုရမည်ကို ကျမ်းစာဘာသာပြန်ဆိုသူက အကြောင်းတရား (Context) ကိုကြည့်ပြီး ဆုံးဖြတ်ရသည်။ အပြစ်ပြုသူတို့သည် နောင်တမရကြသော်လည်း ခွင့်လွှတ်ခြင်းရကြသည်။ ၎င်းနှင့် ပတ်သက်၍ ရှင်းလင်းသော ဥပမာတချို့ကို သမ္မာကျမ်းစာတွင်ရှိကြောင်းကို ဤသင်ခန်းစာ နောက်ပိုင်းတွင်တွေ့ရပါမည်။ ဟုတ်ကဲ့ပါ။ အပြစ်ပြုသောသူအားလုံးတို့သည် နောင်တရလျှင် အမှန်တကယ်ကောင်းမည်ဖြစ်သည်။ သို့သော် သမ္မာကျမ်းစာတွင်ရှိသော 'ခွင့်လွှတ်ခြင်း'သည် အမြဲတမ်း နောင်တရခြင်းကို မဆိုလိုပါ။

## (ဂ) ဘုရားသခင်ခွင့်လွှတ်သကဲ့သို့ ကျွန်တော်တို့ခွင့်လွှတ်ရမည်။

အပြစ်သားများသည် အမှန်တကယ်နောင်တရသောအခါမှသာလျှင် ဘုရားသခင်ကခွင့်လွှတ်သောကြောင့် ကျွန်တော်တို့သည်လည်း အမှန်တကယ်နောင်တရသောသူများသာလျှင် ခွင့်လွှတ်သင့်သည်ဟု တချို့က ငြင်းဆိုလိမ့်မည်။ ဘုရားသခင်၏ခွင့်လွှတ်နေခြင်းသည် ကျွန်တော်တို့ခွင့်လွှတ်ရန်အတွက် ပုံဥပမာဖြစ်သည်။ သို့သော် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ကျွန်တော်တို့ ဘယ်လိုအတုယူရမည်နည်း။

## ဘုရားသခင်၏ခွင့်လွှတ်ခြင်းသည် ကျွန်တော်တို့ခွင့်လွှတ်ခြင်း၏စံနမူနာဖြစ်သည်။

လူက ခွင့်လွှတ်သည့်အခါနှင့် ဘုရားက ခွင့်လွှတ်သည့်အခါ၊ တခါတရံတူညီသော ဂရိဝေါဟာရကို အသုံးပြုသည့်အချက်သည် ဘုရားသခင်း၏ခွင့်လွှတ်ခြင်းနှင့် လူသားများ၏ခွင့်လွှတ်ခြင်းတို့တွင် တူညီမှုများစွာရှိကြောင်း ပြသသည်။ ဘုရားက ခွင့်လွှတ်သောအခါ၊ ခွင့်လွှတ်ခြင်းခံသောသူ၏ ထာဝရသွားရမည့်နေရာသည် ပြောင်းသွားသည်။ သို့သော် လူသားများကခွင့်လွှတ်သောအခါ ဤကဲ့သို့ မဖြစ်ပါ။ ထို့ကြောင့် တူညီမှုများရှိသော်လည်း ခြားနားမှုများလည်းရှိပေသည်။ ကျွန်တော်တို့၏ခွင့်လွှတ်ခြင်းနှင့် ဘုရားသခင်၏ခွင့်လွှတ်ခြင်းအကြား ဆက်စပ်မှုကို အောက်ပါ လူသိများသောကျမ်းချက်များက ဖော်ပြထားပါသည်။

၁။ ကောလောသဲ ၃း၁၃ 'တစ်ယောက်၌တစ်ယောက်အပြစ်တင်စရာအခွင့်ရှိလျှင်၊ အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။'

၂။ ဧဖက် ၄း၃၀-၃၂ 'ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။ ခပ်သိမ်းသောစိတ်တိုခြင်း ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့။'

ဤကျမ်းချက်များတွင် နှိုင်းယှဉ်သည့်စကားလုံး 'သကဲ့သို့' ကို အသုံးပြုပြီး၊ နှိုင်းယှဉ်ခြင်း၏အဓိကအချက်က ဘာလဲ။ ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့် ကျွန်တော်တို့၏ခွင့်လွှတ်ခြင်းသည် တထပ်တည်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ 'ဘုရားသခင်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့' ဟူသောအချက်သည် သူတပါးကိုကျွန်တော်တို့က ခွင့်လွှတ်ရန်လှုံ့ဆော်ပေးသောအရာ (သို့)သူတပါးအား ကျွန်တော်တို့ခွင့်လွှတ်ရခြင်း၏ အရင်းခံအကြောင်းတရားဖြစ်သည်။

ထို့အပြင် ဘုရားသခင်၏ခွင့်လွှတ်ခြင်းမှ သင်ယူရန် တစ်စုံတစ်ရာရှိကြောင်းကို 'ဘုရားသခင်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့'ဟူသော အချက်က ကျွန်တော်တို့အား တိုက်တွန်းနေပါသည်။ အထက်ပါကျမ်းချက်(၂)ခုတွင် အသုံးပြုပြီး၊ ခွင့်လွှတ်ခြင်းဟု အနက်ပြန်ဆိုထားသော ဂရိဝေါဟာရမှာ 'ကျေးဇူးတော်'(Charis) စကားလုံးပါဝင်သည့် ခရီဇိုမာ(Charizomai) ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် တရားသဖြင့်လုပ်ဆောင်ရသော လုပ်ရပ်မဟုတ်၊ ကျေးဇူးတော်ကြောင့် လုပ်ဆောင်ရသော လုပ်ဆောင်ချက်ဖြစ်ကြောင်း ဤဝေါဟာရကို ရွေးခြယ်အသုံးပြုခြင်းက ထင်ရှားပေါ်လွင်စေပါသည်။ ကျွန်တော်တို့၏ခွင့်လွှတ်ခြင်းသည် အပြစ်ရှိသူနောင်တရသည့်အခြေအနေပေါ်တွင် မူတည်ရမည်ဟု ဤကျမ်းချက်များက မသွန်သင်ထားပါ။ ဘုရားသခင်သည် ကျွန်တော်တို့ကို ကျေးဇူးပြုပြီး ခွင့်လွှတ်သကဲ့သို့၊ ကျွန်တော်တို့လည်း ထိုကျေးဇူးကိုထောက်၍ ခွင့်လွှတ်ရမည်ဖြစ်ကြောင်း သွန်သင်ထားပါသည်။ ဘုရားသခင်သည် ခွင့်လွှတ်ရာ၌ အခမတောင်းဘဲ ရက်ရောစွာဖြင့် ခွင့်လွှတ်ပြီးဖြစ်သည်။ ကျွန်တော်တို့သည်လည်း ထိုကဲ့သို့ပြုသင့်ပါသည်။ ဘုရားသခင်သည် ခွင့်လွှတ်ပြီးသောအပြစ်ကို ဘယ်တော့မှ မမှတ်တော့ပါ။ ကျွန်တော်တို့သည်လည်း ဘုရားသခင်ကဲ့သို့ မမှတ်သင့်ပါ။

## နောင်တမပါဘဲ အပြစ်ခွင့်လွှတ်ခြင်းနှင့်ဆိုင်သောဥပမာများ

သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ ကွက်မျက်ခြင်းခံစဉ်တွင် 'အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိ'ဟု ဆုတောင်းပါသည် (လုကာ ၂၃း၃၄)။ ဤကဲ့သို့ မထိုက်တန်သည့် ခွင့်လွှတ်ခြင်းကို ပြသခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ကျော်အထိ အများသူကို သက်ဝင်လှုပ်ရှားစေသောတန်ခိုးရှိသည့်အရာ ဖြစ်သည်။ ၎င်းကဲ့သို့ ရက်ရက်ရောရောခွင့်လွှတ်ခြင်းကို ကျွန်တော်တို့က အားကျဂုဏ်ယူမိပါသည်။ သခင်ယေရှုကိုယ်တော်တိုင်သည် (လူသားတစ်ယောက်အနေဖြင့်ဖြစ်နိုင်သည်) သူကို သတ်သောသူတို့၏အပြစ်များကိုနှလုံးသားထဲမှ လုံးလုံးခွင့်လွှတ်ခဲ့ပြီးဖြစ်ကြောင်းကို သေခါနီးဝေနာခံနေစဉ် သူ၏ဆုတောင်းခြင်းက သက်သေပြခဲ့သည်။

ယေရှု၏နောက်တော်သို့လိုက်သောသူများသည် ခွင့်လွှတ်ခြင်းနှင့်ပတ်သက်၍ သူ၏သွန်သင်မှုကိုခံယူပြီး၊ လက်တွေ့ကျင့်သုံးခဲ့ကြသည်။ သတေဖန်ကိုခဲနှင့်ပစ်ကြစဉ်၊ သူသည် 'ဒူးထောက်လျှက်၊ သခင်၊ ဤသူတို့ပြုသောဒုစရိုက်အပြစ်ကိုမှတ်တော်မမူပါနှင့်ဟု ကြီးသောအသံနှင့်ကြွေးကြော်ပြီးမှကျိန်းစက်လေ၏' (တမန် ၇း၆၀)။ သတေဖန် အိပ်ပျော်နေစဉ် ခဲနှင့်ပစ်သတ်ခြင်းမဟုတ်ပါ။ သမိုင်းတလျှောက် ဣသရေလများနှင့်ဘုရားသခင်၏ဆက်ဆံမှုများကို နှုတ်ဖြင့်မြွက်ဆိုပြီး၊ ခဲနှင့်ပစ်သတ်ခြင်း ဖြစ်သည်။ အမှန်ကိုပြောသောကြောင့် နားထောင်သူများသည် စိတ်ဆိုးပြီး၊ မျက်လုံးများနီရဲလာသည်ကို သူတွေ့ခဲ့သည်။ထိုသူတို့သည် သူ့ကိုစွပ်စွဲပြီး၊ လူအုပ်ကြီးမှာ ကျယ်လောင်သောအသံနှင့် အော်ဟစ်ကြောင်းကို သူကြားခဲ့သည်။ သူတို့သည် သူ့(သသေဖန်)ကို ဖမ်းပြီး၊ မြို့ပြင်သို့ ဆွဲထုတ်ကာ၊ ခဲဖြင့် ပစ်သတ်ပါတော့သည်။ ဤကဲ့သို့ ပြုကြသောအခါ၊ သူသည် ဒူးထောက်လျှက်၊ 'သခင်၊ ဤသူတို့ပြုသောဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်'ဟု ဆုတောင်းခဲ့သည်။ သူသည် ဘာကြောင့် ဤကဲ့သို့လုပ်နိုင်ခဲ့သလဲ။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ခြင်းကိုခံနေစဉ် သူ့ကို သတ်သောသူများကို နှလုံးသားမှလုံးလုံးခွင့်လွှတ်သကဲ့သို့၊ သတေဖန်သည်လည်း သေခါနီးဝေဒနာကိုခံနေစဉ် သူ့အပေါ်ဒုစရိုက်အပြစ်ပြုသောသူများကို နှလုံးသားမှ လုံးလုံးခွင့်လွှတ်ကြောင်းကို သူ၏ဆုတောင်းခြင်းက ထင်ရှားစေကြောင်း ကျွန်တော်တို့ အားလုံးသဘောတူကြလိမ့်မည်ဟု ကျွန်

တော် ယူဆပါသည်။

တမန်တော်ရှင်ပေါလုသည် သူ၏နောက်ပိုင်းအချိန်များတွင် ခက်ခဲပြီး၊ စိတ်ပျက်စရာကောင်းသောအချိန်များကိုရင်ဆိုင်ကြုံတွေ့ခဲ့သည်။ 'ပထမအချိန်၌ အပြစ်တင်ခွင့်ကိုဖြေ၍၊ ငါသည် အစီရင်ခံရသောအခါ၊ ငါ့ဘက်၌ အဘယ်သူမျှမနေ။ လူအပေါင်းတို့သည် ငါ့ကိုစွန့်ပစ်ကြ၏။' သူထပ်၍ပြောသည်မှာ 'သူတို့၌ အပြစ်တင်တော်မမူပါစေနှင့်'ဟု (၂ တိ ၄း၁၆-၁၇)တွင် ရှင်ပေါလုက ပြောပါသည်။ ဤအရာများသည် သူ့ရည်ရွယ်ချက်ကို ဖော်ကျူးနေသောအရာများ မဟုတ်ပါ။ ရိုးသားပြီး၊ နာကျင်သည့်အခြေအနေပေါ်တွင်မရပ်တည်သော ခွင့်လွှတ်ခြင်းနှင့်ဆိုင်သည့်သူ၏ဆုတောင်းချက်များဖြစ်သည်။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness) နှင့်ဆိုင်သော ဥပမာများဖြစ်သည်။ မိမိကိုညှဉ်းပန်းနှိပ်စက်ပြီး၊ သတ်သောသူများကို ခွင့်လွှတ်သောခရစ်ယာန်များအကြောင်းကို အသင်းတော်သမိုင်းတွင် များစွာတွေ့ရမည်။ မိမိကို ညှဉ်းပန်းနှိပ်စက်ပြီး၊ သတ်သောသူများကို ခွင့်လွှတ်ဖို့ရွေးခြယ်ကြခြင်းသည် မတော်တဆလုပ်မိခဲ့သောအရာများ မဟုတ်ပါ။ အသစ်ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်သောနှလုံးသား၏ထင်ရှားသော အမှတ်လက္ခဏာများဖြစ်ကြသည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- သင်ဆုတောင်းနေစဉ် သင့်ကိုများစွာနာကျင်စေသောပုဂ္ဂိုလ်ကို ဘုရားက ဖော်ပြနိုင်သည်။ ထိုကဲ့သို့ဖြစ်လျှင် သခင်ယေရှုက ဘာလုပ်ဖို့ရန် သင့်ကိုမျှော်လင့်သလဲ။
- တစ်စုံတစ်ယောက်ကို ခွင့်လွှတ်ဖို့ရန်၊ သူနောင်တရပြီးပြန်လာမည့်အချိန်ကို စောင့်နေသလား။ ဘယ်လောက်ကြာစောင့်ပြီးပြီလဲ။ ဆက်လက် စောင့်ဦးမှာလား။ ဘာကြောင့်လဲ။
- **ဆုတောင်းချက်**။ အနန္တတန်ခိုးနှင့်ပြည့်စုံသောဘုရား၊ ကိုယ်တော်မသိသော အရာတစ်စုံတစ်ခုမျှမရှိပါ။ ၎င်းကိုသိရခြင်းသည် အကျွန်ုပ်ကို နှစ်သိမ့်မှုကိုပေးပါ၏။ အကျွန်ုပ်သည်ခွင့်လွှတ်နိုင်ပြီး၊ တရားမျှတမှုကို ကိုယ်တော်ကျေးဇူးပြုမည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

# သင်ခန်းစာ (၆)
# ခွင့်လွှတ်ခြင်းအကြောင်းနားလည်လွဲမှုများ

နှုတ်ကပတ်တော်က ကျွန်တော်တို့အား ခွင့်လွှတ်ခိုင်းသောအခါ၊ ဘာကိုဆိုလိုပြီး၊ ဘာကိုမဆိုလိုကြောင်းကိုရှင်းလင်းအောင် ကြည့်ကြမည်။ ခွင့်လွှတ်ခြင်းအကြောင်းနားလည်လွဲမှုများက ခွင့်လွှတ်ရန်အရေးကြီးသော ဆုံးဖြတ်ချက်ချခြင်းမှ ကျွန်တော်တို့အား ရပ်တန့်စေနိုင်ပါသည်။ ထို့အပြင် ကျွန်တော်တို့၏နှလုံးသားနှင့် သဘောထားများမပြောင်းလဲဘဲ အမှန်တကယ်ခွင့်မလွှတ်သည့်အချိန်၌ပင်လျှင် မှန်သောစကားလုံးများကိုသုံးကာ 'ငါခွင့်လွှတ်ပါပြီ' ဟု ကျွန်တော်တို့အားပြောစေနိုင်ပါသည်။ ဤသင်ခန်းစာတွင် နားလည်လွဲမှုများသောအချက် (၅) ချက်ကိုရှင်းပြပြီး၊ အခြား(၅)ခုကို နောက်သင်ခန်းစာတွင်ရှင်းပြပါမည်။

### ၁။ မမျှတဘူး။

'ငါခွင့်လွှတ်ရမလား'ဟုအချို့သောသူတွေက မေးတတ်ကြသည်။ ငါမခွင့်လွှတ်နိုင်ဘူး။ ငါခွင့်လွှတ်ရင် မတရားဘူး။ လူသည် မိမိလုပ်ခဲ့သောအမှားအတွက် ပြန်ပေးဆပ်သင့်ပါတယ်။ ကျွန်တော်တို့အများစုသည် ဤအရာနှင့်ပတ်သတ်နိုင်တယ်လို့ကျွန်တော်ထင်ပါသည်။ နှုတ်ကပတ်တော်ကို ကြည့်သောအခါ၊ ခွင့်လွှတ်ခြင်းနှင့်တရားမျှတမှုတို့သည် ဆက်စပ်မှုရှိကြောင်းတွေ့ရသည် (ရော ၃း၁၃-၁၄)။ ကျေးဇူးတရားကြောင့် နောင်တရသောအပြစ်သားကို ဘုရားကခွင့်လွှတ်နိုင်သည်။ အကြောင်းမှာ သခင်ယေရှုက ထိုအပြစ်အတွက် အပြစ်ဒဏ်ပေးခြင်းခံခဲ့ပြီး တရားမျှတမှုရှိခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည် (၁ ယော ၂း ၂၂ ပေ ၂း၂၄)။ ဘုရားသခင်ကိုယ်တော်ကိုယ်တိုင် တရားမျှတမှုကို အစဉ်ကျေးဇူးပြုသည်။ ဘုရားသဘောသဘာဝမှာ တရားမျှတပြီး၊ ကျေးဇူးပြုသောဘုရားဖြစ်သည်။ အပြစ်ပြုခြင်းခံရသော(သို့)အနာတရဖြစ်နေသော ကျွန်တော်တို့က ရက်ရောစွာနှင့်လွှတ်လပ်စွာဖြင့် ခွင့်လွှတ်ရန်ဘုရားက တောင်းဆိုပါသည်။

ခရစ်ယာန်မိဘနှစ်ပါးမှဆင်းသက်လာသော အသက်(၂၆)နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ကို ကျွန်တော်တို့က အကြံပေးဆွေးနွေးခြင်း (Counselling) ကိုကြိမ်ပေါင်းများစွာလုပ်ခဲ့သည်။ သူသည် အသက်(၁၃)နှစ်အရွယ်ရောက်သောအချိန်တွင် မူးယစ်ဆေးဝါးကို သုံးစွဲလာခဲ့သည်။ မူးယစ်ဆေးဝါးကို အရမ်းစွဲလမ်းသည့်အတွက်ကြောင့် အကူအညီရှာရင်း ကျွန်တော်တို့အသင်းတော်သို့ လာခဲ့သည်။ တခြားညီအစ်ကိုတစ်ယောက်နှင့်အတူ နေ့လည်ပိုင်းတွင်အချိန်ယူပြီး၊ နှုတ်ကပတ်တော်ဖွင့်ကာ နှစ်ရက်သုံးရက်လောက်အထိ သူနှင့်အတူအသက်တာတွင်အရေးကြီးသော လွှတ်ခြင်းအကြောင်းကို ဆွေးနွေးကြပါသည်။ သူသည် လွန်ခဲ့သောနှစ်များတွင် သူ့ကို အရမ်းစိတ်နာစေခဲ့သောသူများ၏အမည်များကိုစာရွက်ပေါ်တွင်ရေးချသည်။ ၎င်းစာရင်းတွင် သူ့အဖေနာမည်လည်းပါသည်။ ထို့နောက် ကျွန်တော်တို့ စတင်ပြီး ဆုတောင်းကြသည်။ သူရေးသားထားသောနာမည်စာရင်းကိုကြည့်ပြီး၊ တစ်ယောက်ပြီးတစ်ယောက်အတွက် ဆုတောင်းပေးကာ ယေရှုနာမ၌ ခွင့်လွှတ်သည်။ အဆုံးတွင်စာရင်းထဲရှိနောက်ဆုံး နာမည်အတွက်ဆုတောင်းပေးရန် ဖြစ်သည်။ သူသည်တော်တော်လေးစိတ်ခိုင်မာသော ယောကျ်ားလေးတစ်ယောက်ဖြစ်သော်လည်း၊ ကြေကွဲပြီးငိုပါတော့သည်။ သူသည် ဆုတောင်းတာရပ်ပြီး၊ 'သည်လူအတွက် ဆုမတောင်းဘူး။ သူ့ကို ငါ ခွင့်မလွှတ်နိုင်ဘူး။ တစ်ရက်တော့ သူ့ကိုသတ်မယ်ဆိုပြီး ငါ့ကိုယ်ငါ ကတိပေးထားတာ' ဟုပြောပါသည်။ သူ့ရဲ့စိတ် ခံစားချက်များကို ကျွန်တော်တို့အားရှင်းပြပေးရန် တောင်းပါသည်။ ကျွန်တော် ဆေးစွဲသွားအောင် မိတ်ဆက်ပေးသောသူသည်သူ (သူ့အဖေ)ဖြစ်ပါသည်။ 'ကျွန်တော်ငယ်ငယ်တုန်းက၊ မူးယစ်ဆေးဝါးများ ကိုအမြဲတမ်း အလကားပေးသောသူဟာ သူဖြစ်တယ်။ ကျွန်တော့်ဘဝကို သူဖျက်ဆီးတာ။ ဤအရာအတွက် တစ်ရက်သူပေးဆပ်ရမည်။ သူ့ကိုကျွန်တော်သတ်မည်။ ကျွန်တော် သူ့ကို ခွင့်လွှတ်လျှင် သတ်လို့မရတော့ဘူး။ ဒါကြောင့်၊ ကျွန်တော်သူ့ကို ခွင့်မလွှတ်နိုင်ဘူး' ဟုပြောသည်။

ဤလူ(သူ့အဖေ)သည် သူတစ်ယောက်တည်းကိုသာမပြစ်မှားဘဲ၊ ဘုရားသခင်ကိုလည်း ပြစ်မှားကြောင်း ကျွန်တော်တို့က သူ့ကိုရှင်းပြပါသည်။ စိတ်ပျက်ပြီး၊ အမျက်ထွက်ကာ၊ မူးယစ်ဆေးဝါးရောင်းသောသူကို ခွင့်လွှတ်လျှင် သူသည် လုံးဝလွှတ်သွားမည်ဟု ဤလူငယ်လေးက ထင်ခဲ့သည်။ ထိုကဲ့သို့ဖြစ်လျှင်မမျှတဘူး။ ၎င်းသည် တရားမျှတမှုနှင့် ပတ်သက်၍ သူ၏နားလည်

သဘောပေါက်မှုနှင့် တခြားစီဖြစ်သည်။ သို့သော် ဘုရားသခင်သည် နောက်ဆုံးတွင် တရားစီရင်မည့် တရားသူကြီးဖြစ်သည်။ အဘယ် သူမျှ ဘုရားသခင်၏မျက်မှောက်တော်မှ လွတ်မြောက်နိုင်မည် မဟုတ်ပါ (ဗျာဒိတ် ၂၀း ၁၁-၁၅)။ ကျွန်တော်တို့က အပြစ်ပြုသောသူကို ခွင့်လွှတ်ပြီးသော်လည်း သူသည် ဘုရားသခင်ထံ၌ စာရင်းရှင်းရဦးမည် ဖြစ်သည်။ ထို့အပြင် သူသည် အာဏာမင်းများထံ လုပ်မှားသောလုပ်ရပ်အတွက် စာရင်းရှင်းဖို့လိုအပ်ကောင်းလိုအပ်နိုင်သည်။ သို့သော် ဘုရားသခင်က ခွင့်လွှတ်ရန် ကျွန်တော်တို့ကို ခေါ်ပါသည်။

## လက်တုန့်ပြန်မည်လား။

'ချစ်သူတို့၊ သူတစ်ပါးသည် သင်တို့ကိုပြစ်မှားလျှင်၊ ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကိုအခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျှောက် ငါပေးဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏'ဟု (ရောမ ၁၂း၁၉)တွင် ကျွန်တော်တို့တွေ့ရသည်။ ပြန်၍တုံ့ပြန်ခြင်းသည် ကျွန်တော်တို့၏တာဝန် မဟုတ်ပါ။ ဘုရားသခင်ထံ အပ်နှံရန်သာဖြစ်သည်။ ကျွန်တော်တို့သည် တခါတရံ တရားမျှတမှုကို အားပေးသင့်သည်။ သို့သော် တရားမျှတမှုကိုအားပေးသော်လည်း လက်မတုံ့ပြန်သင့်ပါ။ ဖြစ်ပေါ်လာသောအမှုကို ရဲအားသတင်းပို့ရန်လိုကောင်း လိုနိုင်သည်။ သတင်းပို့ရန် ကျွန်တော်တို့၌ တာဝန်ရှိသောအရာဖြစ်နိုင်သည်။ သို့သော် လက်တုံ့ပြန်ရန် ဤကဲ့သို့ လုပ်ဆောင်ခြင်း မဟုတ်ပါ။

## ၂။ ဘာမှမဖြစ်သလိုဟန်ဆောင်၍နေခြင်း။

ဘာမှမဖြစ်သကဲ့သို့ဟန်ဆောင်နေခြင်းသည် ကြီးလေးသောအပြစ်ကို သေးငယ်စေခြင်း ဖြစ်သည်။ ဘာမှမဖြစ်သကဲ့သို့ ဟန်ဆောင်ပြီးနေရန် သခင်ယေရှုက ကျွန်တော်တို့အား မခေါ်ပါ။ ထိုကဲ့သို့ မဟန်ဆောင်ဘဲ၊ တစ်စုံတစ်ယောက်က ကိုယ့်ကိုပြစ်မှားပြီး၊ ကိုယ့်ကိုစိတ်နာစေလျှင် ယေရှုနာမတော်မြတ်၌ သူ့ကို ကျွန်တော်တို့ခွင့်လွှတ်ရသည်။

## ၃။ ကျွန်တော်မမေ့နိုင်ပါ။

'ခွင့်လွှတ်ခြင်းသည် မေ့ပစ်ခြင်းဖြစ်သည်။ ကျွန်တော့်အပေါ်သူလုပ်ခဲ့တာတွေ ဘယ်တော့မှမေ့မည် မဟုတ်သောကြောင့် ကျွန်တော် ခွင့်မလွှတ်နိုင်ပါ'ဟု တချို့ကပြောသည်။ သင်ခန်းစာ(၁)ရှိ မှန်ပြတင်းပေါက်မှအောက်သို့ ကျသွားသောလူငယ်အကြောင်းကို ပြန်သတိရပါ။ မှန်စလေးတစ်ခု ကျွန်တော်တို့၏လက်မောင်းတွင် ရှိနေသရွေ့ပြစ်မှုကို ပြန်သတိရစေသောနာကျင်မှုကို ပုံမှန်ခံစားမည်ဖြစ်သည်။ ကျွန်တော်တို့က ဘယ်တော့မှမေ့ပစ်နိုင်မည် မဟုတ်ပါ။ နှလုံးသားထဲမှခွင့်လွှတ်သည့်အခါမှသာ (လက်မောင်းထဲမှ မှန်စလေးကိုဖယ်ပစ်၍၊ အချိန်တန်သောအခါ အနာလုံးဝပျောက်သွား၍ ပုံမှန်လှုပ်ရှားမှုကိုလုပ်နိုင်သကဲ့သို့) မေ့နိုင်မည်ဖြစ်သည်။ သို့သော် လက်မောင်းပေါ်တွင် ခွဲစိတ်ဒဏ်ရာမှာ ကျွန်တော်တို့သေသည်အထိကျန်မည်ဖြစ်သကဲ့သို့ အချို့သောအတွေ့အကြုံများကို ကျွန်တော်တို့က လုံးဝမမေ့နိုင်ပါ။ သို့သော် နှလုံးသားမှခွင့်လွှတ်ပြီးသောအခါ၊ မှတ် ဉာဏ်နှင့် ဆက်စပ်နေသော ဝေဒနာသည် တဖြည်းဖြည်းကွယ်ပျောက်သွားမည်။ ဘုရားသခင်က သင့်ကို ကျန်းမာစေပြီး၊ ဖြစ်ပျက်ခဲ့သောအမှုကို စဉ်းစားသော်လည်း အနာမရှိတော့သည့်အချိန်ရောက်လာကြောင်း သင် သတိထားမိလိမ့်မည်။ ခွင့်လွှတ်ခြင်းဖြင့် ဘုရားသခင်က သင့်ကိုကျန်းမာစေပြီဖြစ်သည်။ အမှန်တော့ သခင်ယေရှု၏စကားတော်ကို နားထောင်ရန် ရွေးချယ်ပြီးသည်နောက်၊ ခွင့်လွှတ်ရန် မထိုက်တန်သော အပြစ်ကျူးလွန်သူကို ကျွန်တော်တို့၏ နှလုံးသားထဲမှ ခွင့်လွှတ်ကြသောအခါ၊ ဒေါသ၊ စိတ်နာကျင်မှုနှင့် လက်တုံ့ပြန်လိုမှုတို့သည် ပျောက်သွားပြီး၊ နောင်တမရသော အပြစ်ကျူးလွန်နေသည့် သူကိုသနားပြီး၊ ဂရုဏာတရားများပွါးကာ၊ သူ့အတွက် စိတ်ပူသွားပါလိမ့်မည်။

## ၄။ ကျွန်တော်က အသုံးခံသူဖြစ်မည်။

'အကယ်၍၊ ဤမကောင်းသူတွေကို ကျွန်တော်ခွင့်လွှတ်လျှင်၊ သူတို့သည် ဆက်လက်ပြီး ကျွန်တော့်ကိုနာကျင်စေမည်။' ဟုတ်ကဲ့ပါ။ ဤကဲ့သို့ဖြစ်နိုင်ပါသည်။ သို့သော် ခွင့်လွှတ်ခြင်းဆိုသည်မှာ အရာရာသည် အရင်အတိုင်းဆက်လက်ပြီး သေချာ

ပေါက်ဖြစ်မည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ခိုးမှုဖြင့်ဖမ်းမိသောအလုပ်သမားသည် ကုမ္ပဏီ၏ဂုဏ်သိက္ခာကိုကာကွယ်ရန် အလုပ်ရှင်၏ခွင့်လွှတ်ခြင်းကိုခံပြီး၊ အလုပ်ဖြုတ်ခြင်း ခံနိုင်သည်။ ထိန်းမနိုင်၊ သိမ်းမရသော ခင်ပွန်းတစ်ယောက်က၊ ဇနီး၏ခွင့်လွှတ်မှုကိုခံပြီး၊ ဖြစ်လာနိုင်သောနာကျင်မှုများမှ သားသမီးနှင့်ဇနီးကို ကာကွယ်ရန်၊ သတိထားပြီး ခွဲခွါခြင်းရှိရမည်ဟု ဇနီးက သူ့အား ပြောနိုင်သည်။ သင့်သမီးကို လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်သောယောက်ျားကို သင်ခွင့်လွှတ်နိုင်သည်။ သို့သော် လူမှုဝန်ဆောင်မှုဌာန (Social Sservices) သို့သတင်းပို့ကာ၊ ကလေးများအိမ်တွင်ရှိသောအခါ အိမ်သို့မဝင်ရန် သူ့ကိုတားမြစ်နိုင်ပါသည်။ နှလုံးသားမှခွင့်လွှတ်ပြီးလျှင်၊ ဤကဲ့သို့သောကြိုတင်ကာကွယ်မှုများကို ခါးသီးမှု(သို့)ဒေါသမပါဘဲ ဆောင်ရွက်နိုင်သည်။

ကိုလံဘီယာ (Colombia) နိုင်ငံတွင် တစ်ရက်တနင်္ဂနွေမနက်မှာ ကျွန်တော်တို့ ဘုရားကျောင်း၌ ဘုရားရှိခိုးနေသည့် အချိန်တွင် သူခိုးများက ကျွန်တော်တို့အိမ်ကိုဖောက်ပြီး၊ ပစ္စည်းတချို့ယူသွားကြသည်။ ထိုနောက်ပိုင်းတွင် လူစိမ်းတွေကအိမ်နားတွင်ဖြတ်လျှောက်၍၊ ကျွန်တော်တို့၏စင်များ၊ အဝတ်ဗီရိုများနှင့်ကြောင်အိမ်များကို ကြည့်သွားကြသည်မှာ စိတ်မချမ်းသာစရာဖြစ်သည်။ ဒီလိုဆက်နေရင်၊ လုံခြုံမှုမရှိဘူး။ ကျွန်တော်တို့ကို မလေးစားရာလည်းရောက်သည်ဟု ခံစားရပါသည်။ ထိုသူစိမ်းသူခိုးတွေကို ခွင့်လွှတ်ဖို့ရန် ကျွန်တော်တို့က ရွေးချယ်လိုက်ပါသည်။ သို့သော် ကျွန်တော်တို့က ရဲကိုအကြောင်းကြားပြီး၊ အိမ်သော့များကိုလဲကာ၊ ပြတင်းပေါက်အပြင်ဘက်ရှိ သံချောင်းများကို ပို၍ခိုင်အောင်လုပ်ပါသည်။ ခွင့်လွှတ်ပြီးသည်နောက်၊ နောက်ထပ်မဖြစ်ရလေအောင်အရေးကြီးသော တားဆီးကာကွယ်မှုများလုပ်ဆောင်သင့်ပါသည်။ ထိုကဲ့သို့မလုပ်ဘဲ၊ ခွင့်လွှတ်ထားပြီးဖြစ်သော်လည်း နောက်တဖန်အပြစ်ပြုနိုင်ရန်အတွက် တံခါးကိုကျယ်ကျယ်ဖွင့်ထားခြင်းသည် သူတော်ကောင်းတစ်ယောက်၏အကျင့် မဟုတ်ပါ။ ထိုကဲ့သို့ပြုခြင်းသည် တာဝန်မသိတတ်ခြင်းလည်း ဖြစ်သည်။

## ၅။ အပြစ်ကျူးလွန်သောသူသည်တိုးတက်မည်မဟုတ်ပါ။

အပြစ်ကျူးလွန်သူများကို မိမိတို့အပြစ်၏အကျိုးဆက်မှ အကာအကွယ်ပေးခြင်းသည် နောင်တမရသောသူအား အထောက်အကူမပြုပါ။ အပြစ်ကျူးလွန်သူ၏အကျိုးအတွက် အမှုကိစ္စကိုထပ်၍ လိုက်ဖို့တာဝန်ကို ခွင့်လွှတ်ခြင်းက ပပျောက်မသွားစေပါ။ ခွင့်လွှတ်ပြီးနောက် မှန်ကန်ပြီး လုပ်သင့်သောအရာမှာ ရဲကိုဖုန်းဆက်ခေါ်ခြင်း၊ ယာယီခွဲခွါမှုတစ်ခုစီစဉ်ခြင်း (သို့) ရိုးသားမှုမရှိသောစာရင်းကိုင်ကို ဆိုင်မှဖယ်ရှားခြင်းတို့ ဖြစ်နိုင်ပါသည်။ မှန်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ချက်များသည် ခံရသူများကထပ်၍ မခံရန်ကာကွယ်ပေးခြင်းဖြစ်သည်။ ထို့အပြင် အပြစ်ကျူးလွန်သူကို ပညာရစေပြီး၊ အသက်တာ၌ တိုးတက်စေလိုသောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

အပြစ်ကျူးလွန်သူမှ သူ့လုပ်ရပ်၏အကျိုးဆက်များကို ရင်ဆိုင်ကျော်ဖြတ်ခြင်းသည် အမြဲကောင်းပြီး၊ အပြုသဘောဆောင်ပါသည်။ ဘုရားရှင်သည်ပင်လျှင် အပြစ်ကိုခွင့်လွှတ်ပြီးနောက်၊ ခွင့်လွှတ်ခြင်းခံသောအပြစ်သားသည်သူ့အပြစ်၏နာကျင်စရာကောင်းသော အကျိုးဆက်များနှင့် ဆက်လက်၍အသက်ရှင်နိုင်သည်။ 'လူသည် မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်' (ဂလာ ၆း၇)သည် ဘဝရှဲ့ပညတ်ချက်တစ်ခုဖြစ်သည်။ အရေးကြီးပြီး ထူးခြားသောခြားနားမှုတစ်ခုမှာ သင့်နှလုံးသားမှ ခွင့်လွှတ်ပြီးသည်နောက် စိတ်နှလုံးတွင် အမျက်ဒေါသမပါဘဲ ရဲများနှင့်ပူးပေါင်း၍လုပ်ဆောင်နိုင်ပါသည်။ စိတ်ပျက်ခြင်း(သို့)လက်စားချေလိုသော စိတ်မပါဘဲ၊ မရိုးသားသောအလုပ်သမားတစ်ယောက်ကို သင်အလုပ်ဖြုတ်နိုင်သည်။ သင့်ကိုခရစ်ယာန်များထားရှိသောမေတ္တာနှင့် ဂရုဏာတရားက လှုံ့ဆော်ပါလိမ့်မည်။ ရေရှည်တွင် ဤလုပ်ဆောင်ချက်သည် အပြစ်ပြုသူကို သာ၍အကျိုးရှိစေမည်ဟု ရိုးရိုးသားသားနှင့်အခိုင်အမာ သင်ယုံကြည်ထားသောကြောင့် လုပ်ဆောင်ခြင်းဖြစ်သည်။ 'ငါ့စကားကို ကြားသော သင်တို့အား ငါဆိုသည်ကား၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုနှောင့်ယှက်သောသူတို့အဖို့ဘုရားသခင်ကိုဆုတောင်းကြလော့'ဟု ကျွန်တော်တို့၏ရန်သူများကိုတောင် မေတ္တာနှင့်အကြင်နာတရား ပြသသင့်ကြောင်းကို သခင်ယေရှုက (လုကာ ၆း၂၇-၂၈)တွင် ရှင်းလင်းစွာပြောပါသည်။ ကျွန်တော်တို့သည် နှလုံးသားမှခွင့် လွှတ်ပြီးနောက်၊ တရားသောလမ်းကိုလိုက်၍လုပ်ဆောင်ခြင်းသည် ပြန်၍လက်တုံ့ပြန်ခြင်း မဟုတ်ပါ။ သို့သော် အပြစ်ကျူးလွန်သူအား ရင့်ကျက်တိုးတက်အောင်လုပ်ဆောင်ခြင်း (သို့)အနာဂတ်တွင် မတရားမှုများလုပ်ဆောင်ရန် အခွင့်အရေးများကိုလျှော့ချရန် အကာအကွယ်ပေးခြင်းတစ်ခုဖြစ်နိုင်ပါသည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- ခွင့်လွှတ်ခြင်းအကြောင်းကို မှားယွင်းစွာ နားလည်အသက်ရှင်နေပါသလား။ ဤသင်ခန်းစာသည် သင့်အတွက်အထောက်အကူဖြစ်ပါသလား။
- သင့်ကိုပြစ်မှားသောသူများအကြောင်းကို သင်စဉ်းစားသောအခါ၊ သင့်ကို လွှမ်းမိုးနေသော စိတ်ခံစားချက်ကဘာလဲ။ ကရုဏာတရားလား(သို့)လက်တုံ့ပြန်လိုသော ဆန္ဒလား။ သင်သည် တစ်စုံတစ်ရာကို ပြောင်းလဲသင့်ပါသလား။
- **ဆုတောင်းချက်**။ သခင်ယေရှုဘုရား၊ ကျွန်တော်သည် အပြစ်ခွင့်လွှတ်ခြင်းရရန်၊ အကျွန်ုပ်၏အပြစ်ဒဏ်ကိုယူဆောင်ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်တော်သည် သူတစ်ပါးတို့ကို ခွင့်လွှတ်နိုင်ရန် ရဲရင့်ခြင်းနှင့်တကွ ခွန်အားကိုပေးတော်မူပါ။ သူတစ်ပါးကို ခွင့်လွှတ်ပြီးနောက် ကျွန်တော်သည် ဘာလုပ်ဆောင်ရမည်ကို သိနိုင်ရန် ဉာဏ်ပညာနှင့် ရဲရင့်ခြင်းကို ပေးသနားတော်မူပါ။ အာမင်။

# သင်ခန်းစာ (၇)
# ခွင့်လွှတ်ခြင်းအကြောင်း နောက်ထပ်နားလည်မှု လွဲခြင်းများ

ဤသင်ခန်းစာတွင် ခွင့်လွှတ်ခြင်းနှင့်ဆက်စပ်သော နောက်ထပ်မှားယွင်းသောအချက် (၅)ချက်ကို ဖော်ထုတ်ပြီး၊ ၎င်းတို့ကို အမှားပြင်ရန် ဖြစ်သည်။

## ၆။ . . . လျှင် ကျွန်တော်ခွင့်လွှတ်မည်။

အချို့သောသူများသည် ခွင့်လွှတ်ဖို့ရန် သဘောတူကြသည်။ သို့သော် အခြေအနေပေါ်မူတည်ပြီး၊ ခွင့်လွှတ်ရန်သဘောတူသည်။ ထိုကဲ့သို့ ခွင့်လွှတ်ခြင်းသည် စစ်မှန်သောခွင့်လွှတ်ခြင်း မဟုတ်ပါ။ အပြစ်ကျူးလွန်သူက နောင်တရမည်ကို (သို့) နောက်ထပ်အပြစ်မပြုတော့မည်ကို ကျွန်တော်တို့က မျှော်လင့်ကြသည်။ မှန်ပါသည်။ သို့သော် ကျွန်တော်တို့၏ခွင့်လွှတ်ခြင်းသည် ထိုအရာအပေါ်တွင် မရပ်တည်သင့်ပါ။ တမန်တော်ပေတရုသည်လည်း အလားတူမျှော်လင့်ချက်(သို့)ခံယူချက်ရှိထားသောကြောင့် သခင်ယေရှုကို ဤကဲ့သို့မေးခဲ့သည်။ 'သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကို ပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကို ဘယ်နှစ်ကြိမ်လွှတ်ရအံ့နည်း။ ခုနှစ်ကြိမ်မြောက်အောင်လွှတ်ရပါအံ့လော'ဟု မေးလျှောက်သော် ယေရှုက 'ခုနှစ်ကြိမ်မြောက်အောင် လွှတ်ရမည်ငါမဆို။ အကြိမ်ခုနှစ်ဆယ့်ခုနှစ်လီမြောက်အောင် လွှတ်ရမည် ငါဆို၏' (မဿဲ ၁၈း ၂၁-၂၂)။ အခြေအနေပေါ်မမူတည်ဘဲ ကျွန်တော်တို့၏နှလုံးသားမှ ခွင့်လွှတ်ရန်ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် ကျေးဇူးတော်ကြောင့်ရသောလက်ဆောင်ဖြစ်ပြီး၊ ကျွန်တော်တို့သည် ထိုကျေးဇူးတော်နှင့် လုံးဝ မထိုက်တန်သောသူများဖြစ်ကြသည်။ ၎င်းကျေးဇူးတော်ကို ကျွန်တော်တို့က အခမဲ့သက်သက်ရရှိခြင်း ဖြစ်သည်။

## ၇။ ကျွန်တော်ခွင့်လွှတ်ချင်စိတ်မရှိဘူး။

အပြစ်ကျူးလွန်သူကို အတွင်းထဲတွင် အမှန်တကယ် ခွင့်လွှတ်လိုစိတ်မရှိဘဲ၊ ခွင့်လွှတ်ခြင်းသည် သူတော်ကောင်းယောင်ဆောင်ရာရောက်သည်ဟု တချို့က ထင်သည်။ သို့သော် ခွင့်လွှတ်လိုသောဆန္ဒပြင်းပြသည်အထိ ကျွန်တော်တို့စောင့်လျှင်ဘယ်တော့မှ ခွင့်လွှတ်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်တို့နှလုံးသားထဲတွင် ကြံစည်သမျှတို့ကို သခင်ဘုရားက ကောင်းစွာသိတော်မူသည်။ စိတ်ပူနေသည်အချိန်တွင် 'ကျွန်တော်ခွင့်လွှတ်ပါသည်' ဟုပြောခြင်းသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပါ ဟုပြောရလောက်အောင်နာကျင်မှု၊ စိတ်ရှုပ်ထွေးမှုနှင့်စိတ်ပင်ပန်းခြင်းများကို ပြင်းထန်သောစော်ကားမှုများက ဖြစ်စေပါသည်။ စိတ်ရှုပ်ထွေးသည့်အချိန်(သို့)အံ့ဩသည့်အချိန်တွင် ဤကဲ့သို့ပြောသော စကားလုံးများသည်ကျွန်တော်တို့နှလုံးသားမှ ထွက်လာသောစကားလုံးများဖြစ်လိမ့်မည် မဟုတ်ပါ။ စိတ်ရှုပ်ထွေးမှုများ ရှင်းသွားပြီး၊ စိတ်ပူပင်သောကများချုပ်ငြိမ်းသွားသောအခါ၊ ကျွန်တော်တို့၏အစစ်အမှန်သည် ပေါ်လာပြီး၊ ခွင့်လွှတ်ခြင်းကို စဉ်းစားရန် အချိန်တန်လာမည် ဖြစ်သည်။ သွေးပူနေသည့်အချိန်တွင် ခွင့်လွှတ်ရန်ခက်ခဲသည်။ ခွင့်လွှတ်ခြင်းသည် နာကျင်စရာကောင်းသောနာခံခြင်း၏လုပ်ဆောက်ချက် ဖြစ်သည်။ စိတ်နှလုံးအကြွင်းမဲ့ခွင့်လွှတ်ရန်သခင်ယေရှုကကျွန်တော်တို့အား သွန်သင်ပါသည် (ကော ၃း၁၂-၁၄)။ ကျွန်တော်တို့ဘာလုပ်ရမလဲ။ နာကျင်သည့်အချိန်၌ပင်လျှင်၊ သူ၏စကားတော်ကိုနာခံပြီး ခွင့်လွှတ်ရန် သခင်ယေရှုက ကျွန်တော်တို့အား မျှော်လင့်ပါသည်။

## ၈။ ခွင့်လွှတ်ခြင်းသည်ပြန်လည်သင့်မြတ်ခြင်းဖြစ်သည်။

ပြန်လည်သင့်မြတ်ခြင်းကို တမန်တော်ရှင်ပေါလုက 'ဘုရားသခင်သည်ခရစ်တော်အထဲ၌ရှိနေလျှက်၊ လောကီသားတို့၏အပြစ်များကို မှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏'ဟု (၂ ကော ၅း၁၈-၁၉) တွင် အဓိပ္ပါယ် ဖွင့်ဆိုခဲ့သည်။ ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းတို့သည် ဆက်စပ်မှုရှိကြောင်းထင်ရှားလှပါသည်။ နှလုံးသားကို ဘုရားက မြင်တော်မူပါသည်။ အပြစ်သားကျွန်တော်တို့ကို ဘုရားက အပြစ်ခွင့်လွှတ်သောအခါ၊ တချိန်တည်းတွင်

သူနှင့်ရန်ငြိမ်းပြီး၊ပြန်လည် သင့်မြတ်ခြင်း ခံကြပါသည်။ ထိုခဏခြင်းတွင် မိတ်သဟာယရှိပြီး ၎င်းမိတ်သဟာယကို ပျော်မွေ့ ခံစားနိုင်ပါသည်။ ခရစ်ယာန်များက ခွင့်လွှတ်ကြသောအခါ၊ ဤအရာသည် အကြိမ်ကြိမ်ဖြစ်သောအရာဖြစ်သည်။ သို့သော် တခါတရံ ဆုံးရှုံးခဲ့သော ထိုမိတ်သဟာယကိုပြန်၍ ပျော်မွေ့ခံစားရန် အချိန်ကြာနိုင်ပါသည်။ အရက်မူးနေစဉ် ရန်ဖြစ်ခဲ့သော လူငယ်လေးကို သခင်ဘုရားက ခွင့်လွှတ်ပြီးသော်လည်း၊ ရန်ဖြစ်ခြင်းကြောင့် ပျက်စီးခဲ့သောသူ၏မျက်မှန်သည် ပြန်၍မကောင်း ဘဲ၊ ဆက်လက်ပျက်စီးနေပြီး၊ ထိခိုက်ပွန်းရှခဲ့သောသူ့နှာခေါင်းမှာမူ အနာပျောက်ရန် အချိန်ကြာမည်ဖြစ်သည်။ ခွင့်လွှတ်ခြင်း သည် ပြန်လည်သင့်မြတ်ခြင်းကို ဖြစ်စေသော်လည်း ခွင့်လွှတ်ခြင်းသည် ရန်ငြိမ်းခြင်းနှင့်မတူပါ။ ပြင်းပြင်းထန်ထန် စော်ကားမှု များတွင် ခွင့်လွှတ်ခြင်းသည် ပြန်လည်သင့်မြတ်ခြင်းဆီသို့ တဖြည်းဖြည်းဦးတည်ရာတွင် ပထမခြေလှမ်းအဆင့်သာဖြစ်သည်။

ယုံကြည်မှုကို ပြင်းထန်စွာနှင့်ကြိမ်ပေါင်းများစွာ အလွဲသုံးချသည့်အချိန်မျိုးနှင့် အလွန်ပင်စိတ်ဓါတ်ကျသည့်ချိန်မျိုးတွင် ခရစ်ယာန်အကြံပေးဆွေးနွေးသည့်ပုဂ္ဂိုလ်များ (Christian Counsellors)က အလွန်ခက်ခဲသောအခြေအနေများကိုကြုံတွေ့ ကြသည်။ ကလေးကို မတရားကျင့်ခြင်း၊ အဓမ္မကျင့်ခြင်း၊ စိတ်ပိုင်းဆိုင်ရာကြိုးကိုင်ခြယ်လှယ်ခြင်းနှင့် အိမ်ထောင်ရေးဖောက်ပြန် ခြင်း(သို့)သူတပါးအသက်ကိုသတ်ခြင်း စသောအခြေအနေများကို ဆင်ခြင်ကြည့်ပါ။ မှန်ပါသည်။ ဤကဲ့သို့သော အခြေနေတွင် လည်း ခွင့်လွှတ်ရန်ဘုရားက ကျွန်တော်တို့ကိုခေါ်ပါသည်။ သို့သော် ခွင့်လွှတ်ခြင်းသည် အတိတ်ကို မပြောင်းလဲစေပါ။ ခွင့် လွှတ်ခြင်းသည် ဖောက်ပြန်ပြီး အပြစ်ကျူးလွန်သူ၏နှလုံးသားကို မပြောင်းလဲစေပါ။ ခွင့်လွှတ်ပြီးနောက်၊ ပျက်စီးခဲ့သောဆက်နွယ် မှုကို ပြန်လည်တည်ဆောက်ခြင်းသည် တခါတရံလုံခြုံမှု မရှိ (သို့)မိုက်မဲရာရောက်တတ်ပါသည်။ ၎င်းကဲ့သို့သော အထူးကိစ္စရပ်မျိုး တွင် ပြန်လည်သင့်မြတ်ခြင်း မပါဘဲ ခွင့်လွှတ်ခြင်းရှိလိမ့်မည်။

## ၉။ 'ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်သည်' ဟုပြောခြင်း။

ကျွန်တော်တို့ကို ပြစ်မှားသောသူများက နောင်တမရမှီ၊ မိမိတို့၏နှလုံးသားမှ ခွင့်လွှတ်ရန်ဖြစ်ကြောင်း ကျွန်တော်တို့ သိရှိပြီး ဖြစ်သည်။ အချို့သောသူတို့သည် ဘယ်တော့အခါမျှ နောင်တရမည် မဟုတ်ပါ။ သူတို့ကို ခွင့်လွှတ်လိုသောကြောင့်၊ သူတို့ကို သွား၍တွေ့စရာမလိုပါ။ သို့သော် ဤနေရာတွင် အရေးကြီးသောအချက် တစ်ခုရှိသည်။ ၎င်းမှာ ကျွန်တော်တို့သည် သူ့ကိုခွင့်လွှတ်ပြီးဖြစ်ကြောင်းကို ဘယ်အချိန်တွင် ပြောသင့်ပါသလဲ။ ပုံမှန်အားဖြင့်ဆိုသော် အပြစ်ကျူးလွန်သူက နောင်တရ သောအခါ၊ 'ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်ပြီးပါပြီ။ (သို့) ခင်ဗျားကို၊ ကျွန်တော်ခွင့်လွှတ်ပြီ' ဟုပြောခြင်းဖြင့်မိမိတို့၏ ခွင့်လွှတ် ခြင်းကို ဖော်ပြကြပါသည်။ သို့သော် အခြေအနေအားလုံးအတွက် အထွေထွေလမ်းညွှန်ချက်များကို နှုတ်ကပတ်တော်က မပေး ကြောင်းသိသင့်ပါသည်။ သို့သော် ခက်ခဲသောကိစ္စရပ်များတွင် လိုအပ်သောဉာဏ်ပညာကို ဘုရားသခင်ထံတော်ပါးမှ ကျွန်တော် တို့မျှော်လင့်နိုင်ပါသည် (မဿဲ ၁၀း၁၉၊ ယာကုပ် ၁း၅)။ ဘုရားသခင်၏အချိန်တော်အတွက်မူကား သူ၏လမ်းညွှန်မှုအောက်၌ အသက်ရှင်ရန်လိုအပ်လိမ့်မည်။

နောင်တမရသော အပြစ်ကျူးလွန်သူများအနေဖြင့်၊ သင်က သူ့တို့ကိုခွင့်လွှတ်ပြီး ဖြစ်ကြောင်းကြားခြင်းသည် နောင်တရ ရန်အလွန်အထောက်အကူပေးသောထူးခြားသည့်အခြေအနေတစ်ရပ် ဖြစ်စေနိုင်ပါသည်။ သခင်ယေရှုက ခွင့်လွှတ်ခြင်းကို လက် ဝါးကပ်တိုင်ပေါ်တွင် အသံဖြင့်ဘာကြောင့်ဖော်ပြခဲ့သလဲ။ သူ့ကိုကျောက်ခဲဖြင့်ပစ်သတ်နေသောသူများအား နှလုံးသားခွင့်လွှတ် ခြင်း (Heart Forgiveness)ကို သတေဖန်က ဘာကြောင့်ဖော်ပြသလဲ။ ကျွန်တော်တို့နှလုံးသားမှ ခွင့်လွှတ်ခဲ့ပြီးနောက်၊ အပြစ် ကျူးလွန်သူသည် နောက်တရကြောင်းကြားသောအခါ (သို့)အပြစ်ကျူးလွန်သူ (သို့) ဘုရားသခင်၏နိုင်ငံတော်အတွက်အကျိုးရှိ မည်ဖြစ်ကြောင်းကို သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်တို့အားဖော်ပြသည်နှင့်တစ်ပြိုင်နက် ထိုခွင့်လွှတ်ခြင်းကို ကြားပြော ရန် အသင့်ပြင်ဆင်ရမည် ဖြစ်သည်။

ဥပမာအားဖြင့် မူဆလင်အစွန်းရောက်သမားများက သတ်ခဲ့သောသာသနာပြုဆရာတစ်ယောက်၏မိဘများက မိမိ တို့၏သားကိုသတ်ခဲ့သောသူများအား ခွင့်လွှတ်ကြောင်းကို လူများရှေ့မှောက်တွင် ထုတ်ဖော်ပြောခြင်း၏ အပေါင်းလက္ခဏာ ဆောင်သောထိရောက်မှုကို စဉ်းစားကြည့်ပါ။ နောက်တမရသောလူသတ်သမားများအား ခွင့်လွှတ်ကြောင်းကို မိဘများက လူအများရှေ့တွင် ဖော်ပြခြင်းသည် ရှင်းလင်းနက်နဲပြီး တန်ခိုးကြီးသောဘုရားသခင်ကျေးဇူးတော်၏သတင်းစကားကို မူဆလင်

နိုင်ငံသို့ ရောက်စေပါသည်။

## 'ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်သည်'ဟု မပြောဘဲ ခွင့်လွှတ်ခြင်း

အပြစ်ကျူးလွန်သူသည် မိမိအပြစ်ကိုဝန်ခံပြီး၊ နောင်တမရမီ သူ့အားခွင့်လွှတ်ခဲ့ပြီးကြောင်းကို ပြောခြင်းသည် တခါတရံ မှားပါသည်။ အပြစ်ကျူးလွန်သူအားအကျိုးရှိစေရန် သင်သည် သူ့ကိုခွင့်လွှတ်ပြီးဖြစ်ကြောင်းကို ပြောရန်မှန်ကန်သောအချိန်ကိုရွေးချယ်ခြင်းသည် အရေးကြီးပါသည်။ သင်၏ရည်ရွယ်ချက်သည် ကောင်းနိုင်ပါသည်။ သို့သော် အချိန်မတန်ဘဲ 'ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်သည်'ဟု ပြောခြင်းသည် အပြစ်ကျူးလွန်သူ၏စိတ်သဘောထားအပေါ်တွင် အနုတ်လက္ခဏာဆောင်သောထိရောက်မှုမျိုးရှိစေနိုင်သည်။ သင့်၏ခွင့်လွှတ်ခြင်းကို လွဲမှားစွာအနက်ဖွင့်ဆိုနိုင်ပါသည်။ မိမိအမှားလုပ်ခြင်းကိုဟာသတစ်ခုကဲ့သို့လည်းကောင်း၊ အရေးမပါသည့်အသေးအဖွဲကဲ့သို့လည်းကောင်း (သို့)ထိုကဲ့သို့အမှားလုပ်ခြင်းသည်အမှားမဟုတ်၊ တရားသည်ဟု ထင်နေသောအပြစ်ကျူးလွန်သူတစ်ယောက်၏နေရာတွင် ကိုယ့်ကိုကိုယ်ခဏလောက်နေကြည့်ပါ။ ခွင့်လွှတ်ခြင်းကို သူမည်ကဲ့သို့တုံ့ပြန်နိုင်မလဲ။

## သင်ကျွန်ုပ်ကိုထောက်ခံသည်။

သူ့အမြင်ကို ထောက်ခံကြောင်းဖော်ပြချက်တစ်ခုဖြစ်သည်ဟု သင့်၏ခွင့်လွှတ်ခြင်းကို သူက လွယ်ကူစွာ အနက်ဖွင့်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် သူပြုသောအမှုမှာ မကြိုက်သော်လည်း သည်းခံကာလုပ်ရသော မကောင်းမှုတစ်ခု (Necessary Evil) (သို့) ရယ်စရာတစ်ခု (သို့) အသေးအမွှားတစ်ခုကဲ့သို့ ခံစားနေသောကြောင့်ဖြစ်သည်။ ဤကဲ့သို့ဖြစ်လျှင် အပြစ်ကျူးလွန်သူသည် သူ့အပြစ်ကိုဝန်ခံပြီး နောင်တရရန် ခြေတစ်လှမ်းဝေးပါသေးသည်။

## ၎င်းကိုကျွန်တော်ပြန်လုပ်နိုင်သည်။

အပြစ်ကျူးလွန်သူသည် နောင်တမရသောကြောင့် သင့်ကို(သို့)အခြားသူတစ်ယောက်ကို ပြန်၍အပြစ်ပြုနိုင်သည်။ သင့်ရဲ့ ခွင့်လွှတ်ခြင်းကိုအလားတူအပြစ်များကိုပြန်၍ပြုနိုင်ရန် 'မီးစိမ်း' ပြခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်နိုင်သည်။ ဒီလိုပြဿနာသည် သိပ်ပြီးမပြင်းထန်ပါ။ ဤကဲ့သို့ဖြစ်လျှင် အပြစ်ကျူးလွန်သူသည် သူ့အပြစ်ကိုဝန်ခံပြီး၊ နောင်တရရန်ခြေလှမ်းတစ်လှမ်းဝေးပါသေးသည်။

## ကျွန်တော့်ကိုခြယ်လှယ်ဖို့သင်ကြိုးစားနေသည်။

သင်သည် သင်၏ခင်ပွန်း/ဇနီးအပေါ်သစ္စာမရှိဟု သံသယရှိသူ၊ သင့်ရဲ့အသင်းတော်မှ ညီမတစ်ယောက်သည် သူမ၏သံသယရှိမှုကို လိုက်လံဖြန့်သည့် အခြေအနေတစ်ခုကို စဉ်းစားကြည့်ပါ။ အသင်းတော်တွင် ဤမဟုတ်မမှန်သော သတင်းသည်ပြန့်နှံ့ပြီး၊ သင်နှင့်သင့်မိသားစုကိုများစွာနာကျင်စေသည်။ သို့သော် သင်သည် သင့်၏စိတ်နှလုံးသားထဲမှသူမအားခွင့်လွှတ်ရန်ဆုံးဖြတ်ချက်ချထားပြီး၊ သင့်ရဲ့မိသားစုလည်း အလားတူခွင့်လွှတ်ရန် သင်တိုက်တွန်းခဲ့သည်။ ယခု မိသားစုအနေဖြင့် ဤစော်ကားနေသောညီမငယ်အား သူမ မထိုက်တန်သောကြင်နာခြင်းနှင့်အတူ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness) ကို ပြတော့မည်ဖြစ်သည်။ သင်သည် သူမကိုခွင့်လွှတ်ပြီးပြီဖြစ်ကြောင်းကို ယခု သင်ပြောသင့်ပါသလား။ သူမသည် မိမိအပြစ်ကို ဝန်ခံခြင်းမရှိဘဲ၊ သင်သည် သူမအားအပြစ်လွှတ်ကြောင်းကို နှုတ်ဖြင့်ပြောဆိုခြင်းသည်သူမအတွက်အကျိုးရှိနိုင်မည် မဟုတ်ချေ။ သင်သည် သူမအတွက် အပြစ်သားတစ်ယောက်ဖြစ်နေသော် လည်း၊သင်အပြစ်လွှတ်ခြင်းရှိပြီဟု သူမအားသွား၍ပြောခြင်းသည် သူမ 'အပြစ်သား' ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သောကြောင့်၊ သင့်ရဲ့ခွင့်လွှတ်ခြင်းသည်ခြယ်လှယ်ခြင်းတစ်ခုအဖြစ် သူမ နားလည်ကောင်းနားလည်မည် ဖြစ်သည်။ ဤကဲ့သို့ဖြစ်လျှင် အပြစ်ကျူးလွန်သူသည် မိမိအပြစ်ကိုဝန်ခံပြီး နောင်တရရန်ခြေလှမ်းတစ်လှမ်းဝေးပါသေးသည်။

## မှန်ကန်သောအချိန်

ယောသပ်ကို သူ့အစ်ကိုများက ကျွန်အဖြစ်ရောင်းရသည့်အကြောင်း ဝမ်းနည်းစရာကောင်းသော အဖြစ်အပျက်ကို ကမ္ဘာဦးကျမ်းတွင် ကျွန်တော်တို့တွေ့ရပါသည်။ သူတို့သည် မိမိတို့ညီယောသပ်အားပြစ်မှားကြသည်။ သို့သော် ယောသပ်သည် သူ၏အစ်ကိုများကို နှလုံးသားမှ ခွင့်လွှတ်ကြောင်းသူ၏အသက်တာက သက်သေပြပါသည်။ နှစ်ပေါင်းများစွာကြာပြီးနောက်၊ အစ်ကိုများကိုပြန်၍တွေ့ပါသည်။ သို့သော် အစ်ကိုများအပေါ် သူ၏ခွင့်လွှတ်ခြင်းကို ဖွင့်ပြောရန်အချိန်မတန်မီ၊ သူတို့၏စိတ်ထားများပြောင်းလဲကြောင်းသက်သေကို ရှာရင်း၊ အစ်ကိုများကို မည်ကဲ့သို့စုံစမ်းကြောင်းကို ကျွန်တော်တို့တွေ့ရသည် (ကမ္ဘာ၊ ၄၂-၄၄)။ ပြီးနောက် သူ့အစ်ကိုများကို ပွေ့ဖက်၍ နမ်းပါသည်။ ၎င်းသည် နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgivensss) ကို ဖော်ထုတ်ခြင်းဖြစ်သည်။

တခါတရံ အပြစ်ကျူးလွန်သူသည် သင်၏ခွင့်လွှတ်ခြင်းကို ကြားနာရန် အဆင်သင့်မရှိကြပါ။ သူတို့၏တုံ့ပြန်မှုသည် သတင်းကောင်းကို ငြင်းပယ်သောသူတို့၏ တုံ့ပြန်မှုနှင့်တူပါသည်။ 'ဖြူစင်သောအရာကိုခွေးတို့အားမပေးကြနှင့်။ ပုလဲရတနာကို ဝက်တို့ရှေ့မှာမချထားကြနှင့်။ သို့ပြုလျှင် ထိုအရာတို့ကို ကျော်နှင်း၍သင်တို့ကို လှည့်လျက် ကိုက်ဖြတ်ကြလိမ့်မည် (မဿဲ ၇း၆)။ ထို့ကြောင့် 'ခင်ဗျားကို ကျွန်တော်ခွင့်လွှတ်ပြီ'ဟု ပြောရန်မှန်ကန်သောအချိန်ကို ရွေးချယ်ဖို့အလွန်ပင် အရေးကြီးပါသည်။

## ၁၀။ ကျွန်တော်မခွင့်လွှတ်နိုင်ဘူး။

စော်ကားသောအမှု(အပြစ်)မှာ ခွင့်လွှတ်ရန်ခက်လွန်းသောအခါ၊ 'ဘုရားသခင် ဤလူကို ကျွန်တော်မခွင့်လွှတ်နိုင်သောကြောင့် ကိုယ်တော်ဘုရားက ခွင့်လွှတ်တော်မူပါ' ဟု ကျွန်တော်ဆုတောင်းပါသည်ဟု ကျွန်ုပ်အားတစ်ယောက်ကပြောခဲ့သည်။ ၎င်းသည် နာခံခြင်းမဟုတ်၊ ပြဿနာကိုရှောင်လွှဲခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိလုပ်ဆောင်နေသောအရာကိုသိတော်မူ၍၊ အပြစ်ရှိသောယောကျ်ား၊ မိန်းမများသည် နောင်တရသောအခါမှသာလျှင် ထိုသူတို့၏အပြစ်များကို လွှတ်တော်မူ၏။ သို့သော် ကျွန်တော်တို့ကို ပြစ်မှားသောသူများကို နှလုံးသားမှခွင့်လွှတ်ရန် ဘုရားအလိုတော်ရှိပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့အထဲတွင်အလုပ်လုပ်ပြီး၊ သူ့ကိုနာခံရန်တန်ခိုးကိုပေးပါသည် (ဖေဖက် ၃း၂၀၊ ကော ၁း၁၉)။ အချို့သောသူများသည် ခွင့်လွှတ်ရန်အခွင့်အလမ်းရှိသောအခါ၊ ၎င်းက သူတို့ကိုအလွန်စိတ်ဆိုးစေပြီး၊ အခြားသောသူများအတွက်မူ၊ ခွင့်လွှတ်ရန် မဖြစ်နိုင်ပါ။ သို့သော် ဘုရားက သင့်ကို ခွင့်လွှတ်ခိုင်းနေလျှင် ခွင့်လွှတ်ဖို့ဖြစ်နိုင်ပါလိမ့်မည်။ သူသည် သင်လိုအပ်နေသောခွန်အားကိုပေးပြီး၊ သင် ခွင့်မလွှတ်မီအချိန်၊ ခွင့်လွှတ်နေသည့်အချိန်နှင့် ခွင့်လွှတ်ပြီးအချိန်များတွင် သူသည် သင်နှင့်အတူရှိမည်ဖြစ်သည်။ 'သခင်ဘုရား၊ ကျွန်တော်သည် အားနည်းပါ၏။ သူ့ကို ကျွန်တော် ခွင့်မလွှတ်နိုင်ပါ။ ခွန်အားပေးတော်မူပါ။ သူ့ကို ခွင့်လွှတ်ရန် ကျွန်တော့်ကို မစတော်မူပါ' ဟု တောင်းခြင်းသည် ပို၍ကောင်းသောဆုတောင်းချက် ဖြစ်ပါလိမ့်မည်။ ဤကဲ့သို့တောင်းပြီး ယေရှုနာမ၌ သူ့ကို ခွင့်လွှတ်လိုက်ပါ။ တခါတရံ သင်ခန်းစာ(၁၂)တွင် ဖော်ပြသကဲ့သို့ နတ်ဆိုး၊ ဝိညာဉ်ဆိုးများပါဝင်လာပြီး၊ ခွင့်မလွှတ်ရန် ပိတ်ပင်တားဆီးနိုင်ပါသည်။ ဤကဲ့သို့သောအခြေအနေများတွင် ယုံကြည်သူညီအစ်ကိုမောင်နှမများ၏ ဆုတောင်းကူညီပေးခြင်းသည် အလွန်လိုအပ်ပါသည်။

## ကိုယ်တွေ့လုပ်ဆောင်ခြင်း

- တစ်စုံတစ်ယောက်ကိုခွင့်လွှတ်ရန် အချိန်အကြာကြီးစဉ်းစားပြီး တုံ့ဆိုင်းနေဖူးပါသလား။ လိုအပ်မှုကိုမြင်ပြီးလုပ်ဆောင်မှုတရပ်လုပ်ဆောင်ရန် ဤသင်ခန်းစာမှ တစ်စုံတစ်ရာက သင့်ရဲ့မျက်စိများကို ပွင့်စေခဲ့သလား။
- သင့်ကိုပြစ်မှားနေသောသူများထဲမှ တစ်ယောက်ယောက်ဆီကို 'ကျွန်တော်သင့်ကိုခွင့်လွှတ် ပြီ'ဟု ပြောခြင်းဖြင့်၊ ရန်ငြိမ်းခြင်းသို့ ခြေလှမ်းလှမ်းနိုင်ရန် အချိန်ကျပါသလား။
- **ဆုတောင်းချက်။** သခင်ယေရှုဘုရား ကိုယ်တော်ရဲ့ခွင့်လွှတ်ခြင်းနှင့်ကျွန်တော်သည် ခွင့်လွှတ်ခြင်းခံပြီးသူ ဖြစ်ကြောင်းကိုပြောပြသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ ခွင့်လွှတ်လိုသောစိတ်မရှိသည့်အချိန်၌ပင်လျှင် ကိုယ်တော်၏စကားတော်ကိုနာခံပြီး၊ ခွင့်လွှတ်နိုင်ရန် အကျွန်ုပ်အားမစတော်မူပါ။ အာမင်။

# သင်ခန်းစာ (၈)
# ခွင့်မလွှတ်ဖို့ ကျွန်တော်ရွေးခြယ်လျှင် ဘာဖြစ်မလဲ။

ကျွန်တော်တို့ကို တစ်စုံတစ်ယောက်က ပြစ်မှားကြောင်းသိသောအခါ၊ တစ်စုံတစ်ခုက မိမိတို့အတွင်းကို ထိခိုက်နာကျင်စေပါသလား။ မယုံကြည်မှုနှင့်ဒေါသအကြားတွင်သော်လည်းကောင်း၊ စိတ်ပျက်မှုနှင့်မကျေနပ်မှုအကြားတွင်သော်လည်းကောင်း၊ စိတ်အားငယ်မှုနှင့် လက်တုံ့ပြန်လိုသောဆန္ဒအကြားတွင်သော်လည်းကောင်း၊ ကျွန်တော်တို့၏ခံစားချက်များသည်ချီတုံချတုံ ရှိနေတတ်ပါသည်။ မတရားမှုက အနာတရဖြစ်စေပြီး၊ ကျွန်တော်တို့၏နှလုံးသားနာကျင်မှုသည် မိမိတို့၏ဝိညာဉ်ပိုင်းဆိုင်ရာကျန်းမာခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာခြင်းကို အလွန်ပျက်စီးစေပါသည်။ ကျွန်တော်တို့၏နှလုံးသားများကို တဖြည်းဖြည်းခြင်း စားသွားသော ခွင့်မလွှတ်ခြင်း၏အက်စစ်(acid of non-forgiveness)သည်ဘုရားသားသမီးများကို စိတ်အားငြိုးငယ်သော လူများအဖြစ်သို့သော်လည်းကောင်း၊ ရန်မူသော (သို့) လက်စားချေလိုစိတ်ပြင်းပြသောလူအဖြစ်သို့သော်လည်းကောင်း ပြောင်းသွားစေနိုင်သည်။ ဤအရာသည် မည်ကဲ့သို့ဖြစ်လာသည်ကိုသိရန်၊ ဓမ္မဟောင်းကျမ်းရှိပုဂ္ဂိုလ်(၃)ဦးတို့၏အသက်တာကို ဆင်ခြင်စဉ်းစားပါ။

## စိတ်ငြိုးငယ်လာသော မေဖိဗောရှက်

မေဖိဗောရှက်သည် ကလေးတစ်ယောက်ဖြစ်သော်လည်း၊ အခြားကလေးများနှင့်အတူ ပြေး၍မဆော့နိုင်ပါ။ သူသည် လူနာထိုင် ဘီးတပ်ကုလားထိုင်(wheelchair)လည်းမရှိခဲ့ပါ။ လူငယ်တစ်ယောက်ဖြစ်သော်လည်း၊ မြည်းပေါ်စီးရန် မ တင်ဖို့လိုအပ်ပြီး၊ ဆင်းလိုသောအခါ၊ ပြန်၍ချဖို့ လိုအပ်ပါသည်။ အကြောင်းမှာ သူသည် ကိုယ်ခန္ဓာချွတ်ယွင်းနေသူဖြစ်သည်။ သူ့ဘဝရှိ ဤခက်ခဲမှုသည် သူကလေးဘဝတုန်းက သူ့ကိုအောက်ပြုတ်ကျအောင် ထိန်းသောအထိန်းသည်ကြောင့် ဖြစ်သည် (၂ ရာ ၄း ၄)။ အထိန်းသည်မိန်းမက ဘာကြောင့်ငါ့ကို နည်းနည်းလောက်ပိုပြီး ဂရုမစိုက်တာလဲဟု ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါများ စဉ်းစားမလဲဆိုတာ ကျွန်တော်တွေးတောမိပါသည်။ သူသည် ကျန်းမာသောမိသားစုမှလာပြီး၊ ကျန်းမာသန်စွမ်းသူတစ်ယောက်အနေဖြင့် မွေးဖွားခဲ့ပါသည်။ သို့သော် ယခုမူကား၊ သူသည် မသန်စွမ်းသူတစ်ယောက်၏ဘဝကို အသက်ရှင်ဖြတ်သန်းခဲ့ရတော့သည်။ ၎င်းကဲ့သို့သောအတွေးများကို သူ၏စိတ်တွင်အကြိမ်ကြိမ် စဉ်းစားကာ၊ ဒေါသထွက်ပြီး၊ စိတ်အားငယ်မည့်အချိန်တွေကို သင်စဉ်းစားနိုင်ပါသလား။

ရှင်ဘုရင်ဒါဝိဒ်သည် ရှောလု၏သားယောနသန်အား ကျေးဇူးပြုရန်ရှောလု၏မျိုးစဉ်ဆက်သားမြေးများကို ရှာခိုင်းသည်။ ရှောလု၏မျိုးစဉ်ဆက်သားသမီးများမှ မေဖိဗောရှက်သည် ကျန်ကြွင်းသောတစ်ဦးတည်းသောမြေးဖြစ်ပြီး၊ ဒါဝိဒ်ကသူ့ ကိုတွေ့ချင်ခဲ့သည်။ သို့သော် အဲ့ဒီအချိန်မှာ မေဖိဗောရှက်က ဘယ်မှာနေသလဲ။ 'စားကျက်မရှိသော'ဟု အဓိပ္ပါယ်ရသော လောဒေဗာရှာ(Lo Debar)ဟူသော နေရာတွင်နေသည်။ တော်ဝင်မိသားစုဝင်ဖြစ်ပြီး၊ နန်းတွင်းတွင်မွေးဖွားသောသူသည် စိမ်းလန်းစိုပြေခြင်း မရှိစားကျက်မြေမရှိသောကန္တာရတောတွင် ကိုယ်အင်္ဂါချို့တဲ့သူအဖြစ် နေခဲ့ရသည်။ ဘယ်လောက်ဝမ်းနည်းစရာကောင်းပြီး၊ စိတ်အားငယ်စရာကောင်းသောအခြေအနေမျိုးလဲ။ မျှော်လင့်ချက်မရှိသောသူ့အခြေအနေ၏စကားကို သူမေ့မည်ဟု သင်ထင်ပါ သလား။ ဤအထိန်းသည်(nurse)က သူ့အလုပ်ကို ကောင်းကောင်းသာလုပ်ခဲ့ရင်. . . . ။ အထိန်းသည်များ(nurses)သည် ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်သည်။ သူတို့ကို ကိုယ်အင်္ဂါချို့တဲ့သူများအဖြစ်သို့ပြောင်းသွားစေရန် မဟုတ်ပါ။ 'ငါသည် ကိုယ်အင်္ဂါချို့တဲ့သူအဖြစ် မွေးဖွားသည်မဟုတ်။ ငါသည်တော်ဝင်မိသားစုဝင်ဖြစ်သည်။ သို့သော် နုံချာသည့်ဘဝကို အသက် ရှင်ရသည်။ ဤအရာသည် မျှတမှု မရှိဘူး။ မမျှတဘူး။'

ခွင့်မလွှတ်ခြင်းသည် လူ့နှလုံးသားကိုသေချာပေါက် ဖြည်းဖြည်းချင်း ကိုက်စားသွားမည် ဖြစ်သည်။ အချိန်စေ့လာသည်နှင့်အမျှ၎င်းသည်သင့်ကိုယ်သင်အမြင်ကိုပါထိပါးနိုင်ပါသည်။မေဖိဗောရှက်ကိုဘုရင်ဒါဝိဒ်ရှေ့မှောက်သို့ပို့ဆောင်ကြသောအခါ၊ 'ကျွန်တော်ကဲ့သို့ဖြစ်ရသောခွေးသေကောင်ကို ကိုယ်တော်ကြည့်ရှုရမည်အကြောင်း၊ ကိုယ်တော်ကျွန်သည် အဘယ်သို့သောသူ

ဖြစ်ပါသနည်း' ဟုပြောပါသည် (၂ ရာ ၉း၄-၈)။ ပထမဦးဆုံးက္ကသရေလဘုရင်၏မြေး၊ မေဖိဗောရှက်သည် ခွေးသေကောင်ထက် တောင်တန်ဖိုးနည်းသူဟု သူ့ကိုယ်သူမြင်ပါသည်။ ကျွန်တော်တို့အားလုံးသည် မတူကွဲပြားစွာ ဖန်ဆင်းခြင်းခံကြသူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အချို့သောသူများအတွက် ခွင့်မလွှတ်ရန် ဆုံးဖြတ်ချက်ချခြင်းသည် မိမိကိုယ်မိမိ ဂရုဏာတက်ခြင်းလမ်းသို့ရင်း၊ မိမိကိုယ်မိမိတန်ဖိုးမထားခြင်းနှင့် စိတ်ပြိုးငယ်ခြင်းသို့ရင်း ပို့ဆောင်မည်ဖြစ်သည်။ အခြားသူတစ်ယောက်လုပ်ရပ်ကြောင့်၊ ငါသည်ခွေးလောက်တောင် တန်ဖိုးမရှိတော့ဘူး။ အမှန်တော့ ငါသည် ခွေးသေကောင်တစ်ကောင်ပါဘဲ။ ငါသည် တန်ဖိုး မရှိသောသူပါ။

## ရန်မူလာသော ယေဖသ

နောက်ထပ် ဥပမာတစ်ခုကိုကြည့်ကြရအောင်။ 'ဂိလဒ်အမျိုးသားယေဖသသည် ခွန်အားကြီးသောသူရဲဖြစ်သည်။ သူ့အဘကားဂိလဒ်၊ သူ့အမိကားပြည့်တန်ဆာဖြစ်၏။ ဂိလဒ်၏မယားဘွားမြင်သောသားတို့သည် ကြီးသောအခါ၊ သင်သည် အခြားတစ်ပါးသောမိန်းမ၏သားဖြစ်သောကြောင့်၊ ငါတို့အဆွေအမျိုးနှင့်မတူ၊ အမွေမခံရဟု ယေဖသကိုဆို၍ နှင်ထုတ်လေ၏။ ထိုအခါ ယေဖသသည် ညီတို့ထံမှထွက်သွား၍တောဘပြည် (Tob)၌နေသဖြင့်၊ လျှပ်ပေါ်သောသူတို့သည်သူ့ထံတွင်စည်းဝေး၍ သူ့နောက်သို့လိုက်ကြ၏' (သူကြီး ၁၁း၁-၃)။

ယေဖသသည် သူ၏ညီများနှင့်မတူဘဲ မွေးဖွားခဲ့သည်မှာ သူ့အမှားကြောင့် မဟုတ်ပါ။ ဖခင်၏တရားဝင် မိန်းမမှမွေးဖွားလာသောသားမဟုတ်၊ ပြည့်တန်ဆာမိန်းမမှ ဖွားမြင်လာသောသားဖြစ်သောကြောင့်၊ အိမ်(မိသားစု)တွင် 'ဒုတိယလူတန်းစား'အဖြစ် သတ်မှတ်ခြင်းခံသည်။ ယေဖသသည် ဖခင်အိမ်တွင် နှစ်ပေါင်းများစွာနေထိုင်ခွင့်ရခဲ့သော်လည်း၊ သူ၏အဖေတူအမေကွဲညီများက အစ်ကိုတစ်ယောက်ကဲ့သို့ လုံးဝလက်မခံကြပေ။ မိမိတို့ဖခင်၏အမွေကိုရရန် သူ(ယေဖသ)သည် ထိုက်တန်သည်ဟု သူတို့ကမထင်ကြပါ။ တစ်နေ့တော့ ညီတော်များက သူ့ကို မိမိတို့ဖခင်၏အိမ်မှ မောင်းထုတ်ကြပါတော့သည်။ ရင်နာစရာကောင်းသော ထိုဖြစ်ရပ်ကို သင်မြင်ယောင်နိုင်ပါသလား။ သူဘယ်ဆီကိုသွားမလဲ။ သူ၏အဖေတူအမေကွဲညီများ၏မုန်းတီးမှုသည်သူ(ယေဖသ)ချစ်ခဲ့သောအရာ၊ သိခဲ့သောအရာများနှင့်ဝေးစေပြီး၊ ဆင်းရဲ၍ မသေချာသောအနာဂတ်တစ်ခုဆီသို့ရောက်စေပါသည်။

ဤလူငယ်လေး၏နှလုံးသားထဲတွင် ဘာဖြစ်ခဲ့သည်ကို သင်မြင်ယောင်ပြီး၊ စဉ်းစားကြည့်နိုင်ပါသလား။ သူ၏တုံ့ပြန်မှုသည် မေဖိဗောရှက်၏တုံ့ပြန်မှုနှင့်မတူပါ။ သူ့စိတ်ခံစားမှုက သူ့ကိုစိတ်ဓါတ်မကျစေဘဲ၊ ရန်လိုစိတ်ရှိစေခဲ့သည်။ သူသည် ခွန်အားကြီးပြီး၊ အကြမ်းဖက်မှုတွင် အခြားသူများထက်သာသည်။ သူသည်စွန့်စားသူများ၏ နောက်လိုက်ခြင်းကိုရသည်။

နှစ်ပေါင်းများစွာကြာပြီးနောက်၊ ဂိလဒ်ပြည်သား အသက်ကြီးသူတို့သည် ယေဖသကိုပြန်ခေါ်ကြသည်။ သူတို့သည် သူ(ယေဖသ)၏စစ်တိုက်စွမ်းရည်ကိုသိ၍၊ အမ္မုန်လူတို့ကို စစ်တိုက်ရာတွင်မိမိတို့၏ဗိုလ်ချုပ်မင်းလုပ်စေလိုကြသည်။ 'သင်တို့သည်၊ ငါ့ကိုမုန်း၍ ငါ့အဖအိမ်မှနှင်ထုတ်သည် မဟုတ်လော။ ယခု ဆင်းရဲခြင်းသို့ရောက်သောအခါ၊ အဘယ်ကြောင့်ငါ့ထံသို့လာကြသနည်းဟု ဂိလဒ်ပြည်သားအသက်ကြီးသူတို့အား ပြောဆို၏' (သူကြီး ၁၁း၇)။ သူပြောသွားသောအရာများအပေါ် နာကျင်မှုကိုခံစားနိုင်သည်။ 'သင်တို့သည်ငါ့ကိုနှင်ထုတ်ကြသည်။ သင်တို့၏အဖသည် ငါ့အဖလည်းဖြစ်၏။ ငါ့အဖအိမ်မှ ငါ့ကိုနှင်ထုတ်ကြ၏။ ငါသည်အမှားတစ်ခုမျှမပြုခဲ့ပါ။ သို့သော် သင်တို့သည်ငါ့ကိုမုန်းတီးကြ၏' ဟု ယေဖသကဂိလဒ်ပြည်သားအသက်ကြီးရင့်သူတို့ကိုပြောသည်။ နာကျင်မှုရှိပြီး၊ မိမိညီအစ်ကိုများကို ခွင့်မလွှတ်သောသူတစ်ယောက်ဖြစ်သည်။ ယခုတွင် သူသည် အသက်ကြီးရင့်သောသူဖြစ်သည်။ သို့သော်လည်း ကလေးဘဝက သူ့အားမုန်းတီးမှုကို သူမမေ့လျော့နိုင်ပါ။ သူသည် နှစ်လိုဖွယ်ရာ မကောင်းသောသူ့မိသားစုနှင့် ပတ်သက်မှုရှိသေးသည်။ ညီအစ်ကိုများရှေ့တွင် သူ့ကိုသူ သက်သေပြရန်လိုကြောင်း သူခံစားခဲ့သည်။ 'သင်တို့သည် ငါ့ကိုတန်ဖိုးမထားကြ။ မိသားစုနာမည်နှင့်ထိုက်တန်သည်ဟုလည်း သင်တို့သည် မထင်ကြ. . .။ သို့သော်လည်း ငါသည် တန်ဖိုးရှိသောသူ ဖြစ်သည်။ ခွန်အားကြီးသောတိုက်ခိုက်ရေးသမား တစ်ယောက်ဖြစ်ပြီး၊ ပထမတန်းစားစစ်သူကြီးဖြစ်သည်။ သူများက ငါ့ကိုအလိုရှိကြသည်' ဟုဆိုကာ၊ ခွန်အားကြီးပြီး၊ ရန်လိုလာခြင်းအားဖြင့် သူ့ကိုယ်သူ တန်ဖိုးရှိသောသူဖြစ်ကြောင်းကို သူ့ကိုယ်သူနှင့် အခြားသူများအားသက်သေပြနိုင်ခဲ့သည်။ သူသည် လွှတ်မြောက်သောသူ မ

ဟုတ်ပါ။ ကလေးဘဝက ကြုံတွေ့ခဲ့သောပြဿနာ၏ ချည်နှောင်မှုကို ခံနေသေးသည်။ ခွင့်လွှတ်ခြင်းမရှိသော အသက်တာသည် ကျွန်တော်တို့၏အသက်ရှင်ခြင်းကို ထိပါးစေပါသည်။ ကျွန်တော်တို့၏ ဆုံးဖြတ်ချက်များသည် နာကျင်စရာကောင်းသော မိမိတို့မမေ့နိုင်သောအရာများ၏ လွှမ်းမိုးမှုကိုခံရသည်။ အတိတ်၏လွှမ်းမိုးမှုကိုမခံဘဲ၊ အတိတ်ကိုအတိတ်မှာသာထားကာ၊ အသက်တာအသက်ရှင်လျှောက်လှမ်းရန် သခင်ယေရှုအလိုတော်ရှိပါသည်။ သူသည် ကျွန်တော်တို့အားခွင့်လွှတ်ခြင်းအသက်တာရှိစေလိုသည်။

## လက်စားချေလိုစိတ်ပြင်းပြသော ရှံဆုန်

ခွင့်မလွှတ်ရန် ရွေးခြယ်သောသူများ၌ ဖြစ်ပျက်နိုင်သောအရာနှင့်ပတ်သက်၍ ရှံဆုန်သည် နှစ်သက်စရာမကောင်းသော ပုံဥပမာတစ်ခုဖြစ်သည်။ 'ဒေလိလကလည်း၊ ရှံဆုန်၊ဖိလိတ္တိလူတို့သည် သင့်ကိုတိုက်လာကြသည်ဟုဆိုသော်၊ ရှံဆုန်နိုး၍ ထာဝရဘုရားစွန့်တော်မူကြောင်းကို မရိပ်မိသောကြောင့် အရင်ကဲ့သို့ ငါထွက်၍ အားထုတ်မည်အကြံရှိသော်လည်း၊ ဖိလိတ္တိလူတို့သည် ဖမ်းဆီး၍သူ့မျက်စိကိုဖောက်ပြီးမှဂါဇမြို့သို့ ယူသွားပြီးလျှင် ကြေးဝါကြိုးနှင့်ချည်နှောင်၍ ထောင်အိမ်၌ကြိတ်ဆုံနှင့်ကြိတ်စေကြ၏' (သူကြီး ၁၆း၂၀-၂၁)။ ဘုရားသခင်၏အစေခံကျွန်တစ်ယောက်အတွက် ဝမ်းနည်းစရာကောင်းသောအဆုံးသတ်ခြင်းဖြစ်သည်။ သူဘယ်လိုခံစားခဲ့မည်ကို စဉ်းစားကြည့်ပါ။ သူသည် ခန္ဓာကိုယ်ကြီးသောသူ၊ ခွန်အားဗလကြီးသောသူ၊ ရည်ရွယ်ချက်တစ်ခုအတွက် ဖြစ်တည်ကာ ဝိညာဉ်တော်နှင့်ပြည့်ဝသောသူ ဖြစ်သည်။ သို့သော် ယခုမှာမူ မျက်စိကန်းပြီး၊ ကြိတ်ဆုံကြိတ်သောသူဖြစ်သည်။ သူသည် လွတ်လပ်မှုကို ဆုံးရှုံးခဲ့သည်။ သူ၏အမြင်အာရုံကိုလည်း ဆုံးရှုံးကာ၊ လှပသောမိန်းကလေးများကို မျက်စိမှိတ်ပြ၍မရတော့ပါ။ အမှောင်ထဲတွင် ကြိတ်ဆုံကိုလှည့်ပြီးကြိတ်သောကြောင့်၊ စိတ်ပျက်လာပြီး၊ ဒေါသထွက်ကာ၊ ခါးသီးလာတော့သည်။ လက်စားချေရန် နည်းလမ်းများကို စဉ်းစားပါတော့သည်။

ရှံဆုန်၏စိတ်ထဲတွင် ဘာဖြစ်နေသည်ကို ကျွန်တော်တို့အား ဖျတ်ခနဲမြင်စေသောအရာတစ်ခု ရှိသည်။ 'ရှံဆုန်ကလည်း၊ အိုအရှင်ထာဝရဘုရား၊ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ။ အကျွန်ုပ်မျက်စိနှစ်ဖက်ကိုဖောက်သောဖိလိတ္တိလူတို့၌ တပြိုင်နက်အပြစ်ဒဏ်ပေးနိုင်မည်အကြောင်း၊ ယခုတစ်ကြိမ်မျှသာ ခွန်အားကိုပြန်ပေးတော်မူပါဘုရားဟု ထာဝရဘုရားအားဆုတောင်း၏' (သူကြီး ၁၆း၂၈)။ သူသည် မိမိပန်းတိုင်သို့ပြေးရာ၌ သေချာစိတ်ရှိသည်။ သူ၏ပန်းတိုင်က ဘာလဲ။ အနာဂတ်တွင် ဣသရေလအမျိုးသားတို့၏ကောင်းစားရေးကို သူစဉ်းစားနေသည် မဟုတ်ပါ။ ဘုရားသခင်၏ဂုဏ်တော်ကိုစဉ်းစားခြင်းလည်း မဟုတ်။ ဘုရားသခင်က သူ့အားခေါ်တော်မူခြင်းကိုပြီးစီးစေရန် စဉ်းစားနေခြင်းလည်း မဟုတ်ပါ။ သူသည်လက်စားချေရန် စဉ်းစားနေသည်။ 'သခင် ကျွန်တော်သည် အမှောင်ထဲတွင် လျှောက်ရသောကြောင့် ကျွန်တော်စိတ်ဆိုးပါ၏။ သူတို့သည် အကျွန်ုပ်၏ မျက်စိကိုဖောက်ကြပြီ။ ၎င်းသည် နာကျင်ပြီး၊ အရှက်ကွဲစေကာ၊ မျှော်လင့်ခြင်းကင်းမဲ့စေပါသည်။ ဤကဲ့သို့ ကျွန်တော် ဆက်ပြီး အသက်မရှင်လိုပါ။' မိမိမျက်လုံးများဆုံးရှုံးမှုကြောင့် ရှံဆုန်သည် လက်စားချေရန် နည်းလမ်းရှာကာ၊ ခါးသီးသောပုဂ္ဂိုလ် တစ်ဦးအဖြစ်သေဆုံးခဲ့ရသည်။

## သင့်အပေါ် ဘာဖြစ်ပျက်နေသလဲ။

ကျွန်တော်တို့အားလုံးသည် မတူညီ၊ ခြားနားကြသောကြောင့်၊ ကြုံတွေ့ရသောနာကျင်မှု၊ မတရားမှုများနှင့်ငြင်းပယ်မှုများကို တုံ့ပြန်ရာတွင်လည်း မတူညီကြပါ။ သို့သော် အချို့သောနယ်ပယ်များတွင် ကျွန်တော်တို့၏နှလုံးသားထဲမှ ခွင့်လွှတ်ရန်ငြင်းဆိုခြင်းသည် ခရစ်ယာန်အားလုံးအား တူညီသောအကျိုးသက်ရောက်မှုရှိစေပါသည်။ (က) ဘုရား၌ဝမ်းမြောက်ခြင်းကိုကျွန်တော်တို့သည် ဆုံးရှုံးသည်။ အကြောင်းမှာ နာမခံခြင်းအမျိုးမျိုးက ဘုရားသခင်နှင့် ကျွန်တော်တို့၏သဟာယကိုထိပါးစေသောကြောင့်ဖြစ်သည် (ဆာလံ ၅၁း၇-၁၃)။ (ခ) ကျွန်တော်တို့သည် အမှုတော်တွင် ထိရောက်မှုကို ဆုံးရှုံးသည်။ အကြောင်းမှာကျွန်တော်တို့၏ဆုတောင်းချက်များကို ၎င်းက တားဆီးသောကြောင့်ဖြစ်သည် (ဆာလံ ၆၆း၁၈)။ (ဂ) လွတ်လပ်မှုကို ကျွန်တော်တို့ဆုံးရှုံးသည်။ အကြောင်းမှာ ကျွန်တော်တို့လုပ်သောအရာများနှင့် လုပ်မည့်အရာများသည် အခြားသူများ၏မျှော်လင့်ချက်များနှင့်နာကျင်စရာကောင်းသော အတွေ့အကြုံများကို အောက်မေ့သတိရခြင်းများက လွှမ်းမိုးမည်ဖြစ်သောကြောင့် ဖြစ်သည်

(ဂလာတိ ၅း၁)။ (ဃ) အခြားသူများကို ညစ်ညမ်းစေမည်ဖြစ်သည်။ အကြောင်းမှာ အဖြေမရှာဘဲထားသော စိတ်ထိခိုက်မှုများ သည် မိမိတို့ကိုမိမိတို့ ထုတ်ဖော်ရန် နည်းလမ်းများကို တွေ့သည် (ဟေဗြဲ ၁၂း၁၅)။

ခရစ်ယာန်များသည် ခါးသီးပြီး (သို့) စိတ်အားငယ်ကာ၊ လက်စားချေလိုသောသူများ ဖြစ်နိုင်ပါသလား။ ဟုတ်ကဲ့၊ ဖြစ် နိုင်ပါသည်။ ယုံကြည်သူများ ဤကဲ့သို့ဖြစ်နိုင်သည်မှာ စိတ်မကောင်းစရာပါ။ ခရစ်ယာန်များသည် လွတ်လပ်မှု၊ ထိရောက်မှုနှင့် ပျော်ရွှင်မှုများ ဆုံးရှုံးနိုင်ပြီး၊ အခြားသူများအပေါ် ဆိုးသောဩဇာလွှမ်းမိုးသူများ ဖြစ်နိုင်ပါသလား။ ဟုတ်ကဲ့၊ ဖြစ်နိုင်ပါသည်။ ၎င်းသည် သင့်အပေါ်(သို့) ကျွန်တော့်အပေါ်၌လည်း ဖြစ်နိုင်ပါသည်။ တစ်စုံတစ်ယောက်က ထိခိုက်နာကျင်စေသော မည် သည့် နာကျင်မှုမျိုးကြောင့်မဆို၊ ဖြစ်လာသောအနုတ်လက္ခဏာဆောင်သည့် ဤအကျိုးသက်ရောက်မှုများကို လွဲရှောင်၍မရပါ။ ၎င်းသည် အံ့ဩစရာကောင်းသော သတင်းကောင်းပါ။ ဘဝတွင် မတရား၊ ဆိုးယုတ်ပြီးနာကျင်စရာကောင်းသောဖြစ်ရပ်နှင့် သင့်ကို ချည်နှောင်ထားနေသောသံကြိုးများကို နှလုံးသားမှ ခွင့်လွှတ်ခြင်းဖြင့် ထိုကြိုးဖြတ်တောက်နိုင်ပါသည်။ သင့်ကို ပြစ်မှား သောသူကို ခွင့်လွှတ်ခြင်းဖြင့်၊ အသက်တာတွင် ဘုရားခေါ်တော်မူခြင်း (Divine Calling)ကို ပြည့်စုံစေရန် သင်သည် လွှတ် ခြင်းအခွင့်ကိုရသောသူဖြစ်မည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- သင့်အသက်တာတွင် ရန်လိုခြင်း (သို့) စိတ်ပြိုးငယ်ခြင်းနှင့် ခါးသီးမှုများဖြစ်စေသော ပဋိပက္ခဖြစ်သည့် အခြေအနေ များရှိပါသလား။ ရှုံဆုန်ကဲ့သို့ လက်စားချေရန် လမ်းကြောင်းများကို စဉ်းစားနေသည်ဟု ကိုယ့်ကိုကိုယ်မြင်နေပါသလား။ နာကျင်မှုကို နှလုံးသားတွင် မသိမ်းထားဘဲ ခွင့်လွှတ်ရန်အသင့်ရှိပြီလား။
- သင်နှင့်နီးသောသူတစ်စုံတစ်ယောက်၏ အသက်တာ၌ ပြင်းထန်သည့်အနုတ်လက္ခဏာဆောင်သောခံစားမှုများရှိနေ ကြောင်းသင်သိပါသလား။ ခွင့်လွှတ်ရန် သူတို့သည် အကူအညီလိုနေတာလား။
- **ဆုတောင်းချက်။** ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ ကျေးကျွန်ဘဝမှ ကျွန်တော့်ကိုရွေးဝယ်ပြီး၊ လွတ်မြောက်စေ သောကြောင့်၊ ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။ အကျွန်ုပ်ကို ပြစ်မှားသောသူတို့၏အပြစ်သည် အကျွန်ုပ်၏လွတ်လပ် မှုကိုမချုပ်တည်းစေရန် သူတို့ကိုခွင့်လွှတ်တတ်ဖို့မစတော်မူပါ။ ထိုလွှတ်လပ်မှုတွင် ရပ်တည်ပြီး၊ ၎င်းကိုမွေ့လျော်ကာ၊ ကျွန်တော့်အသက်တာတွင် ကိုယ်တော်အလိုတော်အတိုင်း အသက်ရှင်ရန်မစတော်မူပါ။ အာမင်။

# သင်ခန်းစာ (၉)
# အခြားသူများထံ ကောင်းကြီးမင်္ဂလာဖြစ်ရန် လွှတ်မြောက်မှုကို ရရှိခြင်း

ခွင့်မလွှတ်ရန်ရွေးချယ်ခြင်းနှင့်ပတ်သက်၍ အနုတ်လက္ခဏာဆောင်သော နောက်ဆက်တွဲတချို့ကို ရှေ့သင်ခန်းစာတွင် ကျွန်တော်တို့လေ့လာခဲ့ပြီးပါပြီ။ ခွင့်လွှတ်ပြီးနောက် ကျွန်တော်တို့ကြုံတွေ့ရသော လွှတ်မြောက်ခြင်းသည် ကျွန်တော်တို့ကို ဘုရားသခင်၏လက်တော်၌သန့်ရှင်းပြီး၊ အသုံးဝင်သောတန်ဆာပလာအဖြစ် မည်ကဲ့သို့ဖြစ်စေသည်ကို ဤသင်ခန်းစာတွင်ဆက်လက်ပြီး လေ့လာမည်ဖြစ်သည်။

## ခွင့်လွှတ်ခြင်း၌ ဘာပါဝင်သလဲ။

ခွင့်လွှတ်ခြင်းဆိုသည်မှာ အကြွေးတစ်ခုကို တဖက်သတ်ပယ်ဖျက်လိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ကိုယ်ကျင့်တရားနှင့် ဆိုင်သောသင့်ရဲ့အခွင့်အရေး (Moral Rights)များကို ရည်ရွယ်ချက်ရှိရှိဖြင့် ခိုင်မာပြတ်သားစွာဆုံးဖြတ်ချက်ချ၍ ဘေးဖယ်ထားခြင်းကို ဆိုလိုသည်။ ခွင့်လွှတ်ခြင်းတွင် သင့်ကိုအခြေအနေတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးဦးနှင့်ချည်နှောင်နေသောကြိုးကို ဖြတ်ပစ်ခြင်း ပါဝင်သည်။ ခွင့်လွှတ်ခြင်းသည် တစ်စုံတစ်ဦးက သင့်အပေါ်ပြစ်မှားမိသောအပြစ်များကို ဆက်လက်မဆုပ်ကိုင်ဖို့ရန်ဆုံးဖြတ်ချက်ချခြင်းဖြစ်သည်။ ၎င်းတွင် ကိုယ့်ကိုကိုယ်မှန်သည်ဟု အခိုင်အမာပြောဆိုခြင်းမျိုး (Personal Claim)ကို အဆုံးသတ်ခြင်းပါဝင်သည်။ မချုပ်နှောင်ဘဲ 'သွားခွင့်' ပြုရန် သိလျက်နှင့် ယေရှုနာမ၌ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဒါကြောင့် သင်က တစ်စုံတစ်ယောက်ကို ယေရှုနာမ၌ခွင့်လွှတ်သောအခါ သင်သည် ဧကန်အမှန်လွှတ်ခြင်းအခွင့်ကို ရသောသူဖြစ်သည်။ '. . . သားတော်သည် သင်တို့ကိုလွှတ်လျှင် သင်တို့သည် ဧကန်အမှန်လွှတ်ကြလိမ့်မည်' ဟု ယေရှုကမိန့်တော်မူပါသည် (ယောဟန်၈း၃၂-၃၆)။

အပြစ်ခွင့်လွှတ်ခြင်းသည် တစ်စုံတစ်ယောက်၏ကြီးလေးသောအပြစ်ကို သေးငယ်စေရန်ကြိုးစားခြင်း မဟုတ်ပါ။ အပြစ်သားအား တရားကြောင်းထင်ရှားစေမည့်အချက်များနှင့် ရှင်းလင်းချက်များကိုကြိုးစား၍ ရှာဖွေခြင်းလည်း မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ခွင့်လွှတ်ခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်ကျူးလွန်ခဲ့သောအပြစ်၏အမှန်တကယ် ကြောက်မက်ဖွယ်ကောင်းကြောင်းကိုအသိအမှတ်ပြုပြီး၊ ၎င်းကို ဘုရားကအပြစ်ဟုခေါ်ဆိုသည့်အတိုင်း အပြစ်ဟုသတ်မှတ်ကာ ထိုအပြစ်ကျူးလွန်သောသူ ကို သခင်ယေရှုနာမတော်၌ ခွင့်လွှတ်ခြင်းဖြစ်သည်။ အခြားသူတစ်ယောက်၏အပြစ်ကြောင့် ဖြစ်လာသောအနုတ်လက္ခဏာဆောင်ပြီး၊ နာကျင်စရာကောင်းသည့်အကျိုးဆက်များကို အသက်တာတွင် လက်ခံအသက်ရှင်ခြင်းကို ခွင့်လွှတ်ခြင်းဟုခေါ်သည်။ ဤနောက်ဆုံးအချက်သည် အရေးကြီးသောကြောင့် ၎င်းကို ဥပမာပေး၍ရှင်းပြပါရစေ။

## ယစ်မူးနေပြီး သတိမရှိသည့်ယာဉ်မောင်းတစ်ဦး

သင်သည် မော်တော်ဆိုင်ကယ်စီးပြီးအိမ်ပြန်နေသည် ဆိုပါစို့။ လမ်းဆုံကိုဖြတ်သောအခါ၊ ကားတစ်စီးက မီးနီးတွင်မရပ်ဘဲသင့်ဆီသို့လာ၍ ဝင်တိုက်သည်။ ၎င်းကားမှာ အရက်မူးတစ်ယောက် မောင်းသောကားဖြစ်သည်။ သင့်ကို ဆေးရုံသို့အမြန်ခေါ်ကြပြီး၊ သင့်၏ညာခြေထောက်အဖြတ်ခံလိုက်ရသည်။ သင့်၏ကျန်သည့်ဘဝတစ်လျှောက်လုံးကို ခြေထောက် တစ်ဖက်နှင့်သာ အသက်ရှင်ရတော့မည်ဖြစ်သည်။ ဘာကြောင့်လဲ။ ဤကဲ့သို့ သင်ဖြစ်ခဲ့ရတာ ဘယ်သူ့အပြစ်ကြောင့်လဲ။ ၎င်းမှာ အတ္တကြီးပြီး၊ အရက်မူးကာ ကားကိုလက်လွှတ်စပယ်မောင်းသော ယာဉ်မောင်းသူ၏အပြစ်ကြောင့် ဖြစ်ပါသည်။ သင်သည် အိပ်ယာမှရေချိုးခန်းသို့သွားသည့်အချိန်တိုင်း၊ ရေချိုးရင်းဆပ်ပြာကို အောက်သို့ကျမိသည့်အချိန်တိုင်း(သို့) သင့်သူငယ်ချင်းများ ဘော်လုံးကစားနေကြသည်၊ ပြေးဆော့ကစားနေကြသည်ကိုမြင်ရသည့်အချိန်တိုင်း၊ သတိမရှိသောယဉ်မောင်းသူနှင့်မတော်တဆဖြစ်ပျက်ခဲ့သောအရာကို သင်သတိရသည်။ ဤမတော်တဆဖြစ်ပွါးမှုကြောင့် သင့်ရဲ့ဘဝပြောင်းသွားခဲ့သည်။ သတိမရှိသောယဉ်မောင်းသူမှာမူ ပုံမှန်အတိုင်းပြန်ဖြစ်သွားသည်။ သို့သော် သင့်ရဲ့ဘဝမှာမူပြန်ပြင်လို့မရဘဲ၊ ပျက်စီးသွားပါသည်။ ယဉ်မောင်းသူ

သည် အပြစ်ကျူးလွန်ပြီး၊ ၎င်းအပြစ်၏အခကို သင်ကပေးနေရသည်။ ဤအရာသည် လုံးဝမတရားသောအရာ ဖြစ်ပါသည်။ သို့သော် မတရားသောအရာများ ဖြစ်ပျက်ပါသည်။

သတိမရှိသောယဉ်မောင်းကိုခွင့်လွှတ်ခြင်းဆိုတာ ဘာကိုဆိုလိုတာလဲ။ သူလုပ်သောအရာ(သို့)လုပ်ခဲ့သောအရာကိုကျွန်တော်တို့သဘောတူပါသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ရပါတယ်။ ပြဿနာမရှိပါဘူးဟု ပြောခြင်းလည်းမဟုတ်ပါ။ သတိမရှိသောယဉ်မောင်းကြောင့် ဖြစ်လာသောအနုတ်လက္ခဏာဆောင်ပြီး၊ နာကျင်စရာကောင်းသောအကျိုးဆက်များနှင့် ဆက်လက် အသက်ရှင်ရန် လက်ခံခြင်းကိုဆိုလိုပါသည်။ 'သတိမရှိ၊ လက်လွှတ်စပယ်ဖြစ်သောယဉ်မောင်းက၊ ကျွန်ုပ်အပေါ်ပြုခဲ့သောအရာအတွက်သူ့ကိုယေရှုနာမ၌ ကျွန်တော်ခွင့်လွှတ်ပါ၏။ ခြေထောက်တစ်ဖက်တည်းနှင့်အသက်ရှင်ရန် ကျွန်တော်လက်ခံပါသည်'ဟု ကိုယ့်အတွက်ကိုယ်ကဆုတောင်းသောအခါ သူ့အားနှလုံးသားမှ ခွင့်လွှတ်မည်ဖြစ်သည်။ ဤကဲ့သို့သောဆုတောင်းချက်က သင်ဆုံးရှုံးခဲ့သောခြေထောက်ကိုပြန်၍ မရစေပါ။ သို့သော် မတော်တဆဖြစ်မှုကြောင့် ဖြစ်တည်လာမည့်ဒုက္ခပေးနိုင်သောစိတ်ခံစားမှုများမှ သင့်ကိုလွှတ်မြောက်စေမည်ဖြစ်သည်။ အခု၊ အခြားသူများအပြစ်ကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်နစ်နာသွားသောကျမ်းစာထဲရှိ ပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို စဉ်းစားစေလိုပါသည်။

## ယောသပ်

'အစ်ကိုတို့အားလည်း ကျွန်ုပ်သည်ယောသပ်ဖြစ်၏။ အကျွန်ုပ်အဘသည် အသက်ရှင်သေးသလောဟုဆို၏။ အစ်ကိုတို့သည် စကားတုံ့ပြန်၍မပြောနိုင်အောင် သူ့ရှေ့မှာမိန်းမောတွေဝေလျက်နေ၏။ ယောသပ်ကလည်း အကျွန်ုပ်အနီးအပါးသို့လာကြလော့ဟု အစ်ကိုတို့အားဆိုလျှင်၊ သူတို့သည်အနီးအပါးသို့ ချဉ်းလာကြ၏။ သူကလည်း ကျွန်ုပ်သည် အဲဂုတ္တုပြည်သို့ရောင်းလိုက်သောသင်တို့ညီဖြစ်ပါ၏။ သို့ရာတွင် သင်တို့သည် ကျွန်ုပ်ကို ဤအရပ်သို့ရောင်းလိုက်မိသောကြောင့် စိတ်မညိုးငယ်ကြနှင့်။ အကြောင်းမူကား၊ ဘုရားသခင်သည် လူတို့အသက်ကိုစောင့်မစေခြင်းငှါ သင်တို့ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။. . . တဖန်အစ်ကိုရှိသမျှတို့ကိုနမ်း၍ သူတို့နှင့်ငိုသောနောက် အချင်းချင်းနှုတ်ဆက်ကြ၏' (ကမ္ဘာ ၄၅း၃-၅၊၁၅)။

ယောသပ်အမှတ်ရလျှက်ရှိသော ကလေးဘဝဖြစ်ရပ်များက ဘာနှင့်တူပါသလဲ။ သူ့အိပ်မက်များကိုအစ်ကိုတို့ကိုပြောပြသောအခါ၊ အစ်ကိုတို့၏အထင်အမြင်သေးခြင်းခံခဲ့ရသည်ကို သူသတိရမည်ဖြစ်သည်။ ကုန်သည်များထံသို့ ကျွန်အဖြစ်အစ်ကိုတို့က သူ့ကိုရောင်းခဲ့သောနေ့ကိုလည်း ကောင်းကောင်းမှတ်မိပါသည်။ သူ့ကိုအိမ်သို့ခေါ်ဖို့ရန် အစ်ကိုတို့ကိုတောင်းပန်ခဲ့သော်လည်း၊ မခေါ်ကြချေ။ သူသည် အထီးကျန်ဖြစ်ပြီး၊ ကြောက်ကာ၊နာကျင်မှုကိုခံစားခဲ့ပါသည်။ ကလေးဘဝကို အစ်ကိုတို့နှင့် နေပြီး၊ သူမမေ့နိုင်သောကောင်းသောအရာများစွာမရှိချေ။ ယနေ့ အချို့သောသူတွေက ယောသပ်သည် စိတ်ပိုင်းဆိုင်ရာယိုယွင်းပျက်စီးသူဟု ပြောဆိုကြလိမ့်မည်။ ကလေးဘဝမှကြီးပြင်းလာသည်နှင့်အမျှ၊ ဤနာကျင်စရာကောင်းသောခံစားချက်များကိုထပ်တလဲလဲစဉ်းစားရန် အချိန်များစွာရှိခဲ့ပေသည်။ သို့သော်သူ့အပေါ်ပြုခဲ့သောထိခိုက်နစ်နာမှုများကို ရိုးရိုးလေး ခွင့်လွှတ်ရန်မဖြစ်၊ ကြီးမားသောအမှုဖြစ်သည်ဟု ယောသပ်ကမထင်ဘဲ၊ ခွင့်လွှတ်ခဲ့သည်။ ဤကဲ့သို့ခွင့်လွှတ်ခြင်းဖြင့် သူသည် လွတ်မြောက်သောသူဖြစ်ပါသည်။ ကျွန်တော်တို့သည် အမှန်တကယ်လွတ်မြောက်ကြသောအခါ သူတစ်ပါးအတွက် ကောင်းကြီးမင်္ဂလာဖြစ်ရန် ဘုရားက အသုံးပြုနိုင်မည် ဖြစ်သည်။

ယောသပ်၏နှလုံးသားထဲမှ ခွင့်လွှတ်နိုင်စွမ်းရည်နှင့် ခါးသီးမှုမရှိဘဲ အသက်ရှင်ခြင်းသည် အတုယူစရာဖြစ်ပါသည်။ အသက်ငယ်သောကျွန်တစ်ယောက်ဖြစ်သောကြောင့်၊ ငါ့ကိုပြစ်မှားရန်ကြိုးစားသည်ဟု သခင့်မိန်းမ၏စွပ်စွဲခြင်းခံပြီး၊ ထောင်ချခြင်းခံခဲ့သည်။ 'ရှင်ဘုရင်ချုပ်ထားသောသူတို့နေရာထောင်ထဲမှာ လှောင်ထားသဖြင့်၊ ယောသပ်သည်ထောင်ထဲမှာနေရ၏။ သို့သော်လည်း ထာဝရဘုရားသည် သူ့ဘက်၌ရှိ၍ကယ်မသနားတော်မူသဖြင့် ထောင်မှူးထံမျက်နှာရစေတော်မူ၏' (ကမ္ဘာ ၃၉း ၂၀-၂၁)။ ထောင်ထဲတွင်၊ ယောသပ်က၊ သူ့ကိုလွှတ်အောင် ကူညီမည်ဟု ကတိပေးသော အမှုထမ်းတစ်ဦးကိုကူညီခဲ့သည်။သို့ သော် လပေါင်းများစွာကြာသော်လည်း ဘာမှဖြစ်မလာခဲ့ပါ။ 'သို့သော်လည်း ဖလားတော်ဝန်သည် ယောသပ်ကိုမအောက်မေ့ဘဲမေ့လျော့၍နေလေ၏' (ကမ္ဘာ ၄၀း၂၃)။ ယောသပ်သည်စိတ်ဆိုးပြီး၊ လက်စားချေနိုင်လောက်အောင် အကြောင်းပြချက်ကောင်းများရှိခဲ့သည်။ သို့သော် သူသည်လက်တုံ့မပြန်ပါ။ ဘုရားသခင်ထံနှင့်သူ့ကိုပြစ်မှားသောအခြားသူများအပေါ်ထားသော ယောသပ်၏

စိတ်ထားက သူရောက်ရှိသောနေရာသည် ခြောက်သွေ့သောမြေကဲ့သို့ဖြစ်သော်လည်း၊ ပန်းများဝေဆာစွာဖူးပွင့်စေသည်ကို တွေ့မြင်ရခြင်းမှာ မှတ်သားစရာကောင်းလှပါသည်။

## ကုသရေလမိန်းမငယ်တစ်ယောက်

ဒုတိယမြောက်သောဥပမာမှာ နေမန်အိမ်တွင်နေသော ဣသရေလမိန်းမငယ်ဖြစ်ပါသည်။ 'ရှုရိရှင်ဘုရင်၏ဗိုလ်ချုပ်မင်းနေမန်သည် မိမိသခင်ထံမှာ မျက်နှာရသောသူ၊ ဘုန်းကြီးသောသူဖြစ်၏။ အကြောင်းမူကား ရှုရိပြည်သည် ထိုသူအားဖြင့် အောင်ရသောအခွင့်ကို ထာဝရဘုရားပေးတော်မူပြီ။ ထိုသူသည် ခွန်အားကြီးသောစစ်သူရဲဖြစ်၏။ သို့ရာတွင် နူနာစွဲ၏။ ရှုရိလူတို့သည် အလိုအလျောက်တပ်ဖွဲ့၍ ချီသွားစဉ်တွင် ဣသရေလပြည်မှဖမ်းခဲ့သော မိန်းမငယ်တစ်ယောက်သည် နေမန်၏မယားထံ၌ကျွန်ခံရ၏။ ထိုကျွန်မကလည်း ကျွန်မသခင်သည် ရှမာရိမြို့၌ရှိသောပရောဖက်ထံသို့ရောက်ပါစေသော။ ထိုပရောဖက်သည် သခင်၌စွဲသောနူနာကို ပျောက်စေလိမ့်မည်ဟု မိမိသခင်မအားဆို၏' (၅ ရာ ၅း၁-၃)။ ဤအမျိုးသမီးငယ်လေး၏နေရာတွင် ကိုယ့်ကိုကိုယ်နေကြည့်ပြီး၊ တခဏလောက်စဉ်းစားကြည့်ပါ။ ရှုရိလူတို့သည် တပ်ဖွဲ့၍ ချီလာကြသည်ဟု မမှန်သောသတင်းပြန့်သောအခါ၊ သင့်မြို့ငယ်လေးရှိလူများတို့သည် ကြောက်ရွံ့ကြသည်ကို စဉ်းစားကြည့်ပါ။ ဤတိုက်ခိုက်သူများက တိုက်ခိုက်ပြီး၊ မြို့နေပြည်သူများကို ရက်ရက်စက်စက်ဖျက်ဆီးနေသောကြောင့် လူများရုတ်တရက် ထိတ်လန့်တကြားဖြစ်ပြီး၊ အော်ဟစ်နေသည်ကို စဉ်းစားကြည့်ပါ။ အကြောင်းရင်းတစ်ခုခုကြောင့် သင့်ကိုမသတ်ဘဲ၊ ကျွန်အဖြစ်ခေါ်ဆောင်သွားကြသည်။ အလွန်ဝေးသောခရီးကိုသွားပြီးနောက်၊ မတရားဘဲ၊ မကောင်းသောကျူးကျော်မှုကိုပြုပြီး၊ သင့်ကိုကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသောသူ၏အိမ်တွင် အိမ်ဖော်အဖြစ်အပ်နှံခြင်းခံရလျှင်၊ သင်ဘယ်လိုခံစားမလဲ။ သူမသည် ဗိုလ်ချုပ်ကြီးနေမန်ကိုပုံမှန်တွေ့ရပေမည်။ ဗိုလ်ချုပ်ကြီးနေမန်ကိုတွေ့သောအခါသော်လည်းကောင်း၊ သူ့အသံကိုကြားသောအခါသော်လည်းကောင်း၊ နာကျင်စရာကောင်းသော အတိတ်များကိုအမှတ်ရမည်ဖြစ်သည်။ သူမသည် လက်တုံ့ပြန်ရန်နည်းလမ်းများစဉ်းစားလျှင် စဉ်းစားနိုင်သည်။ အစာကိုအဆိပ်နှင့်ရောဖို့ သူ့စိတ်တွင်ရှိနိုင်သည်။ ယနေ့ အချို့သောသူများက သူမသည် စိတ်ပိုင်းဆိုင်ရာပျက်စီးနေသောကလေးမလေးဟု ဆိုကြပေလိမ့်မည်။

ဤကလေးမက ဘာလုပ်ခဲ့သလဲ။ သူမသည် ဗိုလ်ချုပ်ကြီးနေမန်ကိုခွင့်လွှတ်ခဲ့သည်။ ဒါကို ကျွန်တော်တို့ ဘယ်လိုသိနိုင်သလဲ။ သူမ၏အပြုအမူအားဖြင့် သူသည် ဗိုလ်ချုပ်ကြီးနေမန်ကို ခွင့်လွှတ်ကြောင်းသိရပါသည်။ ဗိုလ်ချုပ်ကြီးနေမန်သည် နူနာစွဲနေသည်ဟု ကြားသိသောအခါ၊ သူသည် ပျော်ပြီး မကခုန်ပါ။ ၎င်းအတွက် ဘုရားသခင်ကိုလည်း ကျေးဇူးမတင်ခဲ့ပါ။ ဗိုလ်ချုပ်ကြီးနေမန်အတွက် စိတ်ပူခဲ့သည်။ သင်သည် သူတစ်ပါးကိုခွင့်လွှတ်သောအခါ၊ အခြားသူများအတွက်(သို့)သင့်ကိုနာကျင်စေသောသူအတွက်ပင်လျှင် ကောင်းကြီးမင်္ဂလာဖြစ်ဖို့ရန် သင်သည် လွှတ်ခြင်းအခွင့်ကိုရသောသူ ဖြစ်သည်။ ဤကလေးမကို နို့စို့သူငယ်အရွယ်တွင် ကျွန်အဖြစ်ဖမ်းဆီးခြင်း မဟုတ်ပါ။ မိမိမြို့၌ ဘုရားအသုံးတော်ခံသော ဘုရားသခင်၏လူပရောဖက်တစ်ပါးရှိကြောင်းကို မှတ်မိနိုင်လောက်အောင် အသက်ကြီးရင့်ပြီးသူ ဖြစ်သည်။ ခွင့်လွှတ်ခြင်းက သူ၏စိတ်ဒဏ်ရာများကို ကျန်းမာစေပါသည်။ ဗိုလ်ချုပ်ကြီးနေမန်လုပ်ခဲ့သွားသောအရာများကို မှတ်မိနိုင်ပါသေးသည်။ သို့သော် အမျက်ဒေါသမထားဘဲ၊ အနာများလျော့သွားပါသည်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးနေမန်ကို ကယ်တင်ရန်ဘုရားက သူ့ကိုအသုံးပြုခြင်းဖြစ်သည်။

## သင်ဘာရွေးချယ်စရာများရှိပါသလဲ။

သင့်ဘဝတွင် အခြားသောသူများ၏အတ္တဆန်သော လုပ်ဆောင်မှုများကြောင့်(သို့)ပေါ့ဆမှုများကြောင့်(သို့)အမှားများကြောင့် သင်သည် ဒုက္ခခံနေတာဖြစ်နိုင်သည်။ တနည်းပြောရလျှင် အခြားသူများ၏အပြစ်ကြောင့် သင်ဒုက္ခခံနေတာဖြစ်နိုင်သည်။ သင့်ရဲ့မိခင်သည် ဆေးလိပ်အလွန်အကျွံသောက်သောသူဖြစ်သောကြောင့် သင်သည် ကျန်းမာရေးနှင့်ပတ်သက်၍ဒုက္ခခံနေတာဖြစ်နိုင်သည်။ သင်၏ဖခင်သည် အလွန်ပင်စိုးမိုးခြယ်လှယ်သောသူဖြစ်နိုင်ပါသည်။ သူသည် သင်ကျောင်းတွင်ရွေးချယ်စရာဘာသာရပ်များကို ကန့်သတ်ထားသောကြောင့်၊ သင့်ရဲ့ဘဝရွေးချယ်ခွင့်များကိုဖျက်ဆီးခဲ့သည်။ သင့်ဘဝတွင် အရေးပါသောသူတစ်ယောက်ယောက်က သင့်ကိုငြင်းပယ်တာဖြစ်နိုင်သည်။ သင့်ရဲ့သား(သို့)သမီးက မကောင်းသောသူတစ်ယောက်ကို လက်ထပ်ရန်

ရွေးချယ်တာဖြစ်နိုင်သည်။ စိုးမိုးချယ်လှယ်သောလူတစ်ချို့က သင့်အသင်းတော်ကို ကွဲပြားအောင်လုပ်ဆောင်ခဲ့တာဖြစ်နိုင်သည်။ ထိုသူတို့၏မှားယွင်းသောဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များက သင့်ကိုထိခိုက်စေခဲ့သည်။ ထိုသူတို့ကြောင့် ယခုသင်ခံခဲ့ရသည်။ သင်ဘာရွေးချယ်စရာများရှိသလဲ။ သင်ဘာလုပ်နိုင်သလဲ။

သင်သည် လက်တုံ့ပြန်ရန်ကြိုးစား၍ရှာနိုင်သည်။ မိမိကိုယ်ကိုမိမိသနားပြီး၊ လူးလိမ့်ခံစားကာ၊ အဝေးသို့ထွက်ပြေးရန်ကြိုးစားနိုင်သည်။ သင်သည် ထိုက်တန်သောသူ(သို့)သတ်နိုင်သောသူဖြစ်ကြောင်းကို သက်သေပြရန် သင်ကြိုးစားနိုင်ပါသည်။ သို့မဟုတ် သခင်ယေရှု၏စကားတော်ကို နာခံရန်ရွေးချယ်ပြီး၊ ထိုသူတို့တစ်ဦးချင်းစီကို နှလုံးသားထဲမှ ခွင့်လွှတ်ရန် သင် ရွေးချယ်နိုင်ပါသည်။ ဘယ်အရာကို သင်ရွေးချယ်သော်လည်း၊ သင့်ရဲ့အတိတ်နှင့်၎င်း၏ပျက်စီးနေသောအကျိုးဆက်သည် ပြောင်းသွားမည် မဟုတ်ပါ။ ပုံပြင်ထဲရှိ ယောကျ်ားလေးမှာ ခြေထောက်တစ်ဖက်ပြန်မရဘဲ၊ ခြေတစ်ချောင်းဘ၀ဖြင့်ဆက်လက်အသက်ရှင်ပါသည်။ ယောသပ်သည်လည်း ကုန်လွန်ပြီးသောကလေးဘဝကို ပြန်၍မရနိုင်ပါ။ ဣသရေလအမျိုးသမီးငယ်သည် ကျွန်အဖြစ် ဆက်လက်အသက်ရှင်ခဲ့ပါသည်။ သင့်ရဲ့ဒဏ်ရာ(သို့)အားနည်းမှုနှင့် သင်ဘယ်လို ဆက်လက်အသက်ရှင်သည်ကို သင့်ရဲ့ရွေးချယ်မှုက အဆုံးအဖြတ်ပေးပါသည်။ ခွင့်လွှတ်ရန်ရွေးချယ်ခြင်းက သင့်ရဲ့ဒဏ်ရာ(သို့)အားနည်းချက်များကို သင့်အား လက်ခံစေမည် ဖြစ်သည်။ ၎င်းက၊ ပျော်ရွှင်မှုအတွက် တံခါးကိုပွင့်စေကာ၊ ဘုရားအသုံးတော်ခံပြီး၊ အခြားသူများအတွက် မင်္ဂလာဖြစ်စေရန် သင့်အားလွှတ်ခြင်းအခွင့်ကို ရရှိစေမည် ဖြစ်သည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- ခွင့်လွှတ်ခြင်းတွင် ကိုယ့်ကိုကိုယ်မှန်သည်ဟု အခိုင်အမာပြောဆိုခြင်းမျိုးကို ဖယ်ရှားခြင်းပါ၀င်သည်။ ကိုယ့်ကိုကိုယ်မှန်သည်ဟု အခိုင်အမာပြောဆိုခြင်းမျိုးကို သင်ဆက်လက်ဆုပ်ကိုင်နေပါသလား။
- တစ်စုံတစ်ယောက်၏အပြစ်ကြောင့် ဖြစ်တည်လာသော နာကျင်စရာကောင်းသော အကျိုးဆက်များနှင့် သင်အသက်ရှင်နေပါသလား။ ခွင့်လွှတ်ခြင်း၌ ထိုဒဏ်ရာ(သို့)ကန့်သတ်ချုပ်ခြယ်မှုများနှင့် အသက်ရှင်ရန် သင်သည်သိလျှက်ပင်လက်ခံပြီးပါသလား။
- **ဆုတောင်းချက်။** ဘုရားသခင် ကိုယ်တော်၏အသုံးတော်ခံဖြစ်ဘို့နှင့် သူတပါးအတွက်မင်္ဂလာဖြစ်ဘို့ရန်အတွက် ကျွန်တော်လွှတ်မြောက်လိုပါသည်။ အခြားသူများကြောင့်၊ ကျွန်တော့်ဘဝ၌ ဖြစ်တည်လာသောဒဏ်ရာများနှင့် အားနည်းခြင်းများကိုပွေ့ဖက်ပြီး၊ လက်ခံနိုင်ရန်ရဲရင့်ခြင်းနှင့် ခွန်အားကိုပေးတော်မူပါ။ အာမင်။

# သင်ခန်းစာ (၁၀)
# ခွင့်လွှတ်ခြင်း၏လုပ်ဆောင်ချက်

ခွင့်လွှတ်ခြင်း၌ မိမိကိုယ်ကိုမိမိ နှိမ့်ချခြင်းလည်းပါဝင်သည်။ တခါတရံ ကျွန်တော်တို့၏အတ္တဆန်သော (သို့) မတင့်တယ်သောအပြုအမူကို ခိုင်လုံကြောင်းထောက်ပြသည်ဟု ထင်ရသောအကြောင်းပြချက်ကို စွန့်လွှတ်ခြင်းလည်း ပါဝင်သည်။ တခါတရံ ကျွန်တော်တို့၏မုန်းတီးမှု၊ နာကျင်မှု(သို့)ခါးသီးမှုများသည် ကျွန်တော်တို့၏ဘဝအစိတ်အပိုင်း တစ်ခုဖြစ်လာပြီး၊ ၎င်းသည် ကျွန်တော်တို့အား မည်သူမည်ဝါဖြစ်သည်ကို ထင်ရှားစေသည့် ကိုယ်ပိုင်အမှတ်လက္ခဏာဖြစ်လုနီးပါး ရှိပါသည်။ ခွင့်လွှတ်ခြင်းဆိုသည်မှာ အတွေးသစ်၊ အမြင်သစ်များဖြင့် အသက်ရှင်ခြင်းကို ဆိုလိုသည်။ မကြောက်ပါနှင့်။ သင်သည် သူတစ်ပါးကိုခွင့်လွှတ်နေသည့်အချိန်နှင့် ခွင့်လွှတ်ပြီးချိန်များ၌ ဘုရားသခင်သည် သင်လိုအပ်နေသောခွန်အားကို ပေးမည်ဖြစ်သည်။

သင့်ကိုပြစ်မှားသောသူ နာကျင်စေသောသူက ဘယ်သူလဲ။ အချို့သောသူများအတွက် သင့်ကိုပြစ်မှားပြီး၊ နာကျင်စေသောသူသည် သင်ရဲ့အမေ(သို့)အဖေ ဖြစ်ပေလိမ့်မည်။ ယခုတွင်မူ သူတို့သည် အသက်အရွယ်ကြီးရင့်ကြပြီး(သို့)လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သေဆုံးကြပြီး ဖြစ်နိုင်သည်။ သို့သော် ဖခင်(သို့)မိခင်က ကိုယ့်ကိုမည်ကဲ့သို့ဆက်ဆံခဲ့သည်ကို စဉ်းစားမိတိုင်း/သတိရတိုင်း ပူပူနွေးနွေးရှိပြီး၊ စိတ်ဆိုးနေသေးသည်။ သင်သည် မိမိအသင်းတော်ရှိ ခရစ်တော်၌ညီအစ်ကိုတစ်ယောက်(သို့) ညီမတစ်ယောက်အကြောင်းကို စဉ်းစားကောင်းစဉ်းစားနိုင်သည်။ ကျွန်တော်တို့သည် မိမိတို့၏ခရစ်ယာန်အသက်တာ (သို့)မိမိတို့၏အသင်းတော်ကို အလေးအနက်ထားပြီး၊ မိတ်ဆွေယုံကြည်သူများက ကျွန်တော်တို့အား မတရားဝေဖန်သောအခါ၊ ၎င်းက ကျွန်တော်တို့ကို အလွန်ဆိုးဝါးစွာထိခိုက်စေပါသည်။ ထိုကဲ့သို့ သင့်ကိုပြစ်မှားပြီး နာကျင်စေသောသူအပေါ်၌ ထားသောဒေါသ၊ စိတ်ကိုအနှောင့်အယှက်ဖြစ်စေသောအရာ၊ နာကျင်ခြင်းနှင့်စိတ်မပျက်ဘဲစိတ်ပျက်ခြင်းမှ လုံးဝ လွတ်မြောက်နိုင်မည်ဟု ထင်မြင်နိုင်ပါသလား။ သခင်ယေရှုက သင့်ကိုချည်နှောင်နေသော သံကြိုးများကိုထားခဲ့ပြီး၊ လွတ်လပ်စွာ လျှောက်လှမ်းစေလိုသည်။ ၎င်းသံကြိုးများကို မည်သည့်အချိန်တွင်ထားခဲ့ပြီး၊ လွတ်လပ်စွာ လျှောက်လှမ်းမလဲ။ ဘာကြောင့် ဒီနေ့ထားခဲ့ပြီး လွတ်လပ်စွာ မလျှောက်လှမ်းတာလဲ။

## ဖန်စကိုဖယ်ရန်ဆုံးဖြတ်ချက်ချခြင်း

ဤသင်ခန်းစာ၏နိဒါန်းတွင်ပါသော မှန်ပြတင်းပေါက်မှကျသော လူငယ်လေးအကြောင်းကို နောက်တဖန်စဉ်းစားပါ။ သူသည် မှန်ပြတင်းပေါက်မှ မတော်တဆကျခြင်းသည် လွန်ခဲ့သောအပတ်ပေါင်းများစွာတုန်းက၊ လွန်ခဲ့သောလပေါင်းများစွာတုန်းက၊ (သို့)နှစ်ပေါင်းများစွာတုန်းက ဖြစ်ခဲ့သော်လည်း ချွန်ထက်သောဖန်စလေးမှာ သူ၏လက်မောင်းထဲတွင် နှစ်ကျန်ခဲ့တာဖြစ်နိုင်ပါသည်။ ၎င်းကို ဖယ်ထုတ်ရမည်ဖြစ်သည်။ မမှန်သောအရာများကို မှန်အောင်ထားရန် အချိန်တန်ပြီဖြစ်သည်။ ဖန်စလေးကို ဖယ်ထုတ်ခြင်းတည်းဟူသော နှလုံးသားမှခွင့်လွှတ်ဖို့ရန် သခင်ယေရှုက သူ၏နောက်တော်သို့လိုက်သောသူများကို မိန့်မှာခဲ့သည်။ ၎င်းကို ဘယ်လို ဖယ်ထုတ်နိုင်မလဲ။ ဖန်စကို ဖယ်ထုတ်ရန်လက်မောင်းကိုပြန်၍ခွဲစိတ်ပြီး၊ နာကျင်မှုကိုပြန်ခံဖို့လိုပါသည်။ ခွင့်လွှတ်ခြင်းသည် နာကျင်ပြီး၊ မလွယ်လှပါ။ အခြားသူက ကျွန်တော်တို့အပေါ်လုပ်ခဲ့သောအရာ(သို့) ပြောခဲ့သော မကောင်းသောအရာများကို ပြန်လည်စဉ်းစားပြီး၊ ယခု ကျွန်တော် ခင်ဗျားကို မချည်နှောင်တော့ဘူး၊ ခွင့်လွှတ်ပါပြီဟု ပြောခြင်းဖြစ်သောကြောင့်၊ နာကျင်ပြီး ၊မလွယ်ကူလှပါ။ အချို့သောပြဿနာတွင် ထိုကဲ့သို့ပြောခြင်းသည် အလွန်ပင်ခက်ခဲပါသည်။ သို့သော် လက်မောင်းသည် ကောင်းမွန်စွာလှုပ်ရှားနိုင်ရန် အထဲတွင်ရှိသောဖန်စလေးကို ဖယ်ထုတ်ရမည်ဖြစ်သည်။ လက်မောင်းကိုကောင်းမွန်စွာလှုပ်ရှားနိုင်ရန် လက်မောင်းကိုပြန်၍ခွဲရသောကြောင့် နာကျင်သကဲ့သို့ ဖြစ်လာနိုင်သောနာကျင်မှုကို ရင်ဆိုင်ဖို့ရန် ဆန္ဒရှိပြီး၊ သူတစ်ပါးကို ခွင့်မလွှတ်ဘဲချုပ်နှောင်နေခြင်းတည်းဟူသော ဖန်စလေးကိုဖယ်ထုတ်လိုပါသလား။

## ဖောက်ပြန်သောခင်ပွန်းကိုခွင့်လွှတ်ခြင်း

လွန်ခဲ့သောနှစ်အနည်းငယ်တုန်းက ကျွန်တော်တို့အသင်းတော်တွင် ယုံကြည်ခြင်း၌ အသင့်တင့်အားကြီးပြီး၊ တက်ကြွလှုပ်ရှားနေသောညီမငယ်တစ်ယောက်သည် သူမ၏ခင်ပွန်းက သူ့ကိုထားခဲ့သည့်သတင်းကို ကြားပါသည်။ သူမ၏ခင်ပွန်းသည် အခြားမြို့တမြို့တွင် အလုပ်လုပ်တယ်ဆိုတာ ကျွန်တော်တို့သိပါသည်။ ယခု သူအလုပ်လုပ်နေသောမြို့တွင် တခြားမိန်းမတစ်ယောက်နှင့် အတူနေကြောင်း သတင်းကိုကြားရသည်။ ဤညီမငယ်၏မျက်နှာကိုကြည့်သော် ဘာမှမထူးခြားပါ။ သူမသည် အရင်ကဲ့သို့တက်ကြွနေဆဲပင်။ ခင်ပွန်းထားပစ်ခြင်းကိုခံခြင်းဖြင့် သူမအသက်တာ၌ မြင်ရသောတစ်ခုတည်းသောပြောင်းလဲမှုမှာ အသင်းတော်ရှိသူမခင်ပွန်း၏မိဘများကို ရှောင်ပြီး၊ မျက်နှာလွှဲလာပါသည်။ ကျွန်တော်နှင့်ကျွန်တော့်ဇနီးက သူမ၏ကလေးများမပါဘဲ သူ့ကိုစကားပြောရန် ကျွန်တော်တို့ အိမ်သို့ခေါ်ဖိတ်ပါသည်။ သူမ၏ခင်ပွန်းနှင့်ကလေးများအကြောင်းကို ကျွန်တော်တို့ စပြီးပြောကြသည်။ သူ(သူမ၏ခင်ပွန်း)သည် အခြားသူတစ်ယောက်နှင့်နေချင်ရင် ကျွန်မအတွက်ပြဿနာမရှိပါဘူး။ သူမထပ်၍ပြောပါသည်။ ‘ကလေးတွေကို ကျွန်မပြုစုရလိမ့်မည်။ ပြီးတော့ ဘဝဆိုတာမကြာခင် အရင်လိုဘဲဖြစ်သွားမှာပါ’ဟု ပြောပါသည်။ သူမသည် ထပ်၍ဖြစ်လာနိုင်သောနာကျင်မှုများမှ သူ့ကိုယ်သူကာကွယ်ရန် ဖန်တီးထားသောယုံကြည်မှုတည်းဟူသော၊ ငြိမ်သက်ပြီး၊ စိတ်ချမှုရှိသောအသံနှင့် ပြောပါသည်။ သူမခင်ပွန်းသည် သူ့မအပေါ် သစ္စာမဲ့ပြီး၊ ဤကဲ့သို့ထားခဲ့သည်မှာ ပထမအကြိမ် မဟုတ်ပါ။ အကြိမ်ပေါင်းများစွာထားခဲ့ပြီး၊ ခင်ပွန်းကို သူမ၏ဘဝမှ ဖယ်ထုတ်ချင်ခဲ့ပါသည်။

ဒုတိယအကြိမ် အိမ်သို့လာသောအခါ၊ ခွင့်လွှတ်ခြင်းအကြောင်းကို ကျွန်တော်တို့ စ၍ပြောပါသည်။ ကျွန်မ သူ့ကိုခွင့်လွှတ်ပြီး၊ ပြန်၍လက်ခံလျှင် သူကကျွန်မကို အရှက်ရစေမည်ဟူသော အထင်နှင့်အစမှာ သူမငြင်းဆိုခဲ့ပါသည်။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness) ဆို တာဘာလဲ။ ဤအရာသည် ဘာကြောင့် အလွန်အရေးကြီးကြောင်းကို နားလည်သဘောပေါက်လာသောအခါ သူမသည်ပျော့လာပြီး၊ ခွင့်လွှတ်ဖို့ရန် လက်ခံလာသည်။ ထိုနေ့မှာဘဲ သူမသည် မျက်ရည်များကျပြီး၊ ဆုတောင်းကာ၊ ခင်ပွန်းကို ခွင့်လွှတ်ပါတော့သည်။ ထိုသို့ခွင့်လွှတ်ခဲ့သော်လည်း သူမခင်ပွန်းသည် ပြန်မလာပါ။ သို့သော် ထိုနေ့မှစပြီး၊ နှလုံးသားထဲတွင် အထူးငြိမ်သက်ခြင်းရခဲ့ပါသည်။ ကလေးများထံ ခင်ပွန်းမကောင်းကြောင်းကို မပြောတော့ပါ။ သူမသည် ခင်ပွန်းကို ခွင့်လွှတ်ပြီး၊ ရက်သတ္တပတ်အနည်းငယ်ကြာသော် စကားမပြောခဲ့သော ခင်ပွန်း၏မိသားစုများနှင့် ပြန်၍ စကားပြောပြီး၊ သူငယ်ချင်းကောင်းများဖြစ်လာကြသည်ကို ကျွန်တော်တို့ သတိထားမိပါသည်။ ခွင့်လွှတ်ခြင်းဆိုသည်မှာ အရာရာတိုင်းကို အရင်ကကဲ့သို့ ပြန်၍ဖြစ်စေသည်ဟူ၍ မဟုတ်ပါ။ သို့သော် ၎င်းသည် ကျွန်တော်တို့ပြုမူသမျှ၌ ပို၍ခရစ်တော်ကဲ့သို့ဖြစ်ရန် အထောက်အကူပြုသည်။ ပျက်ပြားနေသောဆက်နွယ်မှုများကိုပြန်၍ကောင်းစေပါသည်။

## အဆင့်(၃)ဆင့်

သခင်ယေရှု၏စကားတော်ကိုနာခံပြီး၊ သင့်ကိုပြစ်မှားသောသူများကို ခွင့်လွှတ်ဖို့ရန် ပြင်ဆင်ပြီလား။ နှလုံးသားမှခွင့်လွှတ်ရန် ရိုးရှင်းသောအောက်ပါအဆင့်များကို လိုက်လျှောက်ရန် ကျွန်တော်အကြံပေးလိုပါသည်။

**၁။** သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ရဲ့စိတ်တွင် အလုပ်လုပ်ပြီး၊ သင့်ကိုပြစ်မှားပြီး နာကျင်စေသောသူများကိုပြန်၍အမှတ်ရစေရန် ကောင်းကင်ဘုံရှင်အဖဘုရားကို ဆုတောင်းပါ။ ရှင်ဘုရင်ဒါဝိတ်၏ဆုတောင်းချက်အတိုင်း ရိုးရိုးလေးပဲတောင်းပါ။ ‘အိုဘုရားသခင်၊ အကျွန်ုပ်ကိုစစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်းသိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ’ (ဆာလံ ၁၃၉း ၂၃-၂၄)။ သန့်ရှင်းသောဝိညာဉ်တော်ကို စစ်ကြောခွင့်ပေးပါ။ မာရ်နတ်၏စုံစမ်းခြင်းကိုတွန်းလှန်၍၊ မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ပါ။ စိတ်ထဲတွင် တစ်ယောက်(သို့)တစ်ယောက်မက ပေါ်လာလျှင်၊ သူတို့၏နာမည်များကိုရေးချပါ။

**၂။** ရေးထားသောနာမည်(သို့)နာမည်များကိုကြည့်၍၊ သခင်ယေရှု၏စကားတော်ကိုနာခံပြီး၊ တစ်ယောက်ချင်းစီကိုခွင့်လွှတ်ရန် စိတ်ဆုံးဖြတ်လိုက်ပါ။

**၃။** တစ်ယောက်ချင်းစီအတွက် ဆုတောင်းပေးပါ။ တစ်ယောက်ချင်းစီကို ဤကဲ့သို့ဆုတောင်းပေးခြင်းဖြင့် ဘုရား၏ရှေ့တော်သို့

ယူဆောင်ပြီး၊ ယေရှုနာမ၌ ခွင့်လွှတ်ပါ။ ထိုသူတို့ကို မချည်နှောင်ပါနှင့်။

ဤသို့လုပ်ဆောင်ရာတွင် သင့်ကို အထောက်အကူပြုရန်၊ ဆုတောင်းနည်းနမူနာ တစ်မျိုးကို ကျွန်တော်ထည့်ပေးထားပါသည်။ ဤဆုတောင်းချက်များနှင့်ပတ်သက်၍ ဘာထူးထူးထွေထွေမှမရှိပါ။ ဝိညာဉ်ရေးရာ၌ ကောင်းသောတစ်စုံတစ်ရာဖြစ်ပျက်စေလိုလျှင်၊ ဤဆုတောင်းခြင်းနှင့်ပတ်သက်သောစကားလုံးများကို ရိုးရိုးသားသားအသုံးပြုပြီး၊ စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်ထံဆုတောင်း ပါဟု ကျွန်တော်အကြံပေးချင်ပါသည်။ ဆုတောင်းပုံစံများသည် တန်ဆာပလာများသာဖြစ်ကြသည်။ ဤကဲ့သို့ ဆုတောင်းရာ၌ သင်သည် အခက်တွေ့လျှင်၊ ဆုတောင်းပြီး၊ ခွင့်လွှတ်နေစဉ်တွင် အကူအညီပေးရန် သင်စိတ်ချယုံကြည်သောခရစ်ယာန်ယုံကြည်သူတစ်ယောက်ယောက်ကို ခေါ်ပြီး၊ အကူအညီတောင်းခံပါ။

## ပထမဆုတောင်းချက်

> အဖဘုရားသခင်၊ ဤသင်ခန်းစာကိုလေ့လာပြီး၊ ကျွန်တော့်နှလုံးသားကို စကားပြောတော်မူသောကြောင့်ကျေးဇူးတင်ပါ၏။ အံ့ဖွယ်ကောင်းပြီး၊ ပြည့်စုံသော ကိုယ်တော်ရဲ့ခွင့်လွှတ်တော်မူခြင်းအတွက် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။ ကျွန်တော့်အကြောင်းနှင့်ပတ်သက်၍ အလုံးစုံကိုသိပြီး၊ အခြားသူများမသိသောအရာပင်လျှင် ကိုယ်တော် သိတော်မူပြီး၊ ကျွန်ုပ်ကိုချစ်တော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ သွန်းလောင်းတော်မူသောသခင်ယေရှု၏အသွေးတော်သည် ကျွန်တော်အတွက်ဖြစ်သောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ထိုအသွေးတော်သည် ကျွန်တော်ကိုအပြစ်အားလုံးမှ ဆေးကြောသန့်စင်စေတော်မူ၏။ ကျွန်တော်၏အပြစ်ကြွေးအားလုံးကို ပေးဆပ်ပေးပြီး၊ ခွင့်လွှတ်တော်မူသောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။
>
> ကျွန်တော်ကိုပြစ်မှားသော သူတို့၏အပြစ်များကို ခွင့်လွှတ်ခြင်း၏အရေးကြီးကြောင်းကို သိစေသည့်အတွက်လည်း ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။ သခင်ယေရှုဘုရား၊ ကျွန်တော်က ဘယ်လိုခွင့်လွှတ်ရမည်ကိုပြတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏စကားတော်ကိုနားထောင်ပြီး၊ ကျွန်တော်အားပြစ်မှားသော သူများကို ခွင့်လွှတ်ဖို့ ယခုအသင့်ရှိပါ၏။ ကိုယ်တော်ခွင့်လွှတ်စေလိုသောသူများကို ကျွန်တော်စိတ်ထဲတွင်ပေါ်စေတော်မူပါ။ အာမင်။

ယခု ရပ်ပြီး ဘုရားသခင်၏ရှေ့တော်တွင်စောင့်နေပါ။ သင့်အထဲတွင်အလုပ်လုပ်ရန်၊ သူ့ (ဘုရား)ကိုအချိန်ပေးပါ။ ဘုရား သခင်၏ဝိညာဉ်တော်သည် သင့်စိတ်ထဲတွင်တစ်ယောက်(သို့)တစ်ယောက်မကပေါ်စေပြီး၊ သတိရစေပါက၊ ထိုသူတို့၏နာမည်များကို စာရွက်တစ်ခုပေါ်တွင် ရေးချပါ။ သံသယရှိသောသူတစ်စုံတစ်ယောက်ရှိလျှင်၊ ထိုသူ၏နာမည်ကိုလည်း ရေးမှတ်ပါ။ ဤသူများက သင့်အပေါ်ပြုခဲ့သောအရာများသည် မမှားပါဘူး၊ တရားကြပါသည်ဆိုပြီး၊ တရားစေဖို့ရန် မကြိုးစားပါနှင့်။ သူ-တို့သည် သင့်ကိုပြစ်မှားပြီး၊ သခင်ဘုရားကိုလည်း ပြစ်မှားကြောင်းကို ရိုးရိုးလေးဘဲဝန်ခံလိုက်ပါ။ သင်သည် ယုံကြည်သူခရစ်ယာန်တစ်ယောက်ဖြစ်ပြီး၊ သင့် သခင်နှင့် အရှင်ဘုရားကို နာခံလိုသောကြောင့် ထိုသူတို့ကို ယခု သင်ခွင့်လွှတ်ရမည်ဖြစ်သည်။ 'ကျွန်တော်ခွင့်လွှတ်ချင်ပါတယ်'လို့မပြောပါနှင့်။ အမှန်တကယ် ခွင့်မလွှတ်ဘဲ ဤကဲ့သို့ပြောခြင်းသည် ကောင်းသောရည်ရွယ်ချက်တစ်ခုသာဖြစ်သည်။ 'သူ့ကို ကျွန်တော်ခွင့်လွှတ်ပြီးပြီ'ဟုပြောပါ။ ဤကဲ့သို့ပြောခြင်းသည် အမှန်တကယ်လုပ်ဆောင်ခြင်းဖြစ်သည်။

သင်၏စာရင်းထဲရှိသူတစ်ဦးချင်းစီအတွက် အထူးဆုတောင်းပေးပါ။ အောက်တွင်ပေးထားသောဆုတောင်းချက် ပုံစံရှိ စကားလုံးအသုံးအနှုန်းများကို အသုံးပြုနိုင်ပါသည်။ အသံထွက်ဆုတောင်းပါ။ ညင်ညင်သာသာတောင်းရင်လည်း အသံကြားနိုင်လောက်အောင်အသံထွက်ပြီး ဆုတောင်းပါ။ ၎င်းကဲ့သို့တောင်းခြင်းသည် အတွင်းသဘောထားကွဲလွဲမှုကို ပေါ်လွင်စေရန်အထောက်အကူပြုပါသည်။

## ဒုတိယဆုတောင်းချက်

- အဖဘုရားသခင်
- ဒီနေ့ (နာမည်ကိုထည့်ပြောပါ)က ကျွန်တော်အပေါ်တွင် (သင့်ကိုပြစ်မှားပြီး၊ နာကျင်အောင်လုပ်ခဲ့သောအရာများကိုဖော်ပြပါ) လုပ်သောကြောင့် ကျွန်တော်ခွင့်လွှတ်လိုပါ၏။
- အဖဘုရား၊ သူပြုခဲ့သောအရာက. . . (ထိုသူနှင့်ပတ်သက်၍ သင်ဘယ်လိုခံစားရကြောင်းနှင့် သူပြုခဲ့သောအပြစ်များကို သခင်ဘုရားအား ပြောပါ)။
- အဖဘုရား၊ ယခု ကျွန်တော် သူ့ကို မချည်နှောင်တော့ပါ။
- အဖဘုရား၊ (နာမည်ကိုဖော်ပြပါ)ကို သခင်ယေရှုနာမတော်၌ ကျွန်တော်ခွင့်လွှတ်ပါ၏။
- ကျွန်တော်အပေါ်တွင် သူပြုခဲ့သောအပြစ်၏အကျိုးဆက်များနှင့် အသက်ရှင်ရန် လက်ခံပါ၏။
- လက်တုံ့ပြန်ခြင်းသည် ကျွန်တော်ရသောအခွင့်အရေးဖြစ်သည်ဟု တခါတရံကျွန်တော်ခံစားရပါသည်။ ၎င်းကို စွန့်လွှတ်ကြောင်း ကြေငြာပါ၏။
- ကျေးဇူးပြုပြီး၊ ကျွန်တော်ကိုခွန်အားပေး၍၊ နာကျင်စွာခံစားနေရသောခံစားမှုများကိုပျောက်ကင်းစေတော်မူပါ။
- အဖဘုရား၊ ဤဝန်ထုပ်မှ ကျွန်တော်ကို လွှတ်မြောက်စေခဲ့ပြီဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။
- ကောင်းကင်ဘုံရှင်အဖဘုရား၊(နာမည်ကိုထည့်သုံးပါ)ကို ယခုကောင်းကြီးပေးတော်မူပါ။
- သခင်ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

## လက်တွေ့လုပ်ဆောင်ခြင်း

- အထက်ပါအတိုင်း သင်မလုပ်ခဲ့လျှင်၊ သင်ခွင့်လွှတ်ရန်လိုနေသောသူများကို စိတ်ထဲတွင်ပေါ်စေရန် ဘုရားသခင်အား ဆုတောင်းပါဟု ကျွန်တော်အကြံပြုလိုပါသည်။ ပထမဆုတောင်းချက်ပါ စကားလုံးများကို သင်အသုံးပြုနိုင်ပါသည်။
- စာရွက်တစ်ခုယူပြီး၊ သန့်ရှင်းသောဝိညာဉ်တော်က သင့်ကိုစိတ်ထဲတွင် သတိရစေသောသူများကို ရေးချပါ။သူတို့တစ်ဦးချင်းစီတိုင်းကို ခွင့်လွှတ်ရန် ဆုံးဖြတ်ပါ။
- ဘုရားသခင်၏မျက်မှောက်တော်ကိုရှာပါ။ သင်ပြုစုသောစာရင်းတွင်ပါသော သူတစ်ယောက်ချင်းစီတိုင်းကို ခွင့်လွှတ်ရန် ဒုတိယဆုတောင်းချက်ရှိစကားလုံးများကို သုံးပါ။ တစ်ဦးချင်းအတွက် အချိန်ယူပြီး ဆုတောင်းပါ။
- **ဆုတောင်းချက်။** သခင်ဘုရား၊ ယနေ့ကိုယ်တော်၏စကားတော်ကိုနာခံပြီး ဤသူတို့ကို အကျွန်ုပ်ခွင့်လွှတ်လိုပါ၏။ ခွင့်လွှတ်နိုင်ရန် မစတော်မူပါ။ အာမင်။

# သင်ခန်းစာ (၁၁)
# ဆက်လက်ရွေ့လျားခြင်း-ခွင့်လွှတ်ခြင်း၌အသက်ရှင်ခြင်း

သင်သည် နှလုံးသားထဲမှ ကြည်ဖြူစွာဖြင့်ခွင့်လွှတ်ပြီး ဖြစ်သည်။ ယခု သင့်ကိုအပြစ်ပြုမိသူထံသွား၍သင်သည်သူအား ခွင့်လွှတ်ပြီးကြောင်းပြောရန်အလွန်ပင် ဆန္ဒရှိလာသည်။ သို့သော် နောင်တရကြောင်းပြသသည့်လက္ခဏာတချို့ကို သင်စောင့်နေသည်။ သို့မဟုတ်သူ့ကို ခွင့်လွှတ်ပြီးကြောင်း သင်ပြောပြီးကောင်း ပြောပြီးနိုင်သည်။ ဤကဲ့သို့ပြောပြီးလျှင် နောက်တစ်ဆင့်အနေဖြင့် ဘာဆက်လုပ်ရမလဲ။ ကျွန်တော်တို့သည် အလွန်ပင်လက်တွေ့ကျသောကိစ္စရပ်တချို့ကို ဦးစွာဆွေးနွေးပြီး၊ သင့်၏အသစ်သောအသက်တာအသက်ရှင်ခြင်းကို ဆက်လက်ကြည့်ရှုကြမည် ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည် ကျွန်တော်တို့အား ဆက်လက်ရွေ့လျားရန် လွတ်မြောက်ခြင်းကိုပေးပါသည်။

## အပြစ်ကျူးလွန်သူကဘယ်လိုလဲ။

ဘုရားသခင်က အပြစ်ကျူးလွန်သူကိုချစ်တော်မူ၍၊ သူ့အားကယ်တင်လိုသည်(သို့)အရင်အတိုင်း ဖြစ်အောင်ပြန်လည်ပြင်ဆင် လိုပါသည်။ တခါတရံ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness) ပြီးနောက်၊ ဒုတိယအဆင့်မှာ တရားမတွေ့ဘဲနေဖို့ ဘုရားသခင်အလိုတော်ရှိသည် (၁ ကော ၆း၇)။ တခါတရံ အပြစ်ကျူးလွန်သူသည် မိမိအပြစ်ကိုမြင်ပြီး၊ ဝန်ခံလာစေရန် ဘုရားသခင်က ကျူးလွန်ခံရသူကိုအသုံးပြုလိုပါသည် (မဿဲ ၁၈း၁၅-၁၇)။ တခါတရံ ၎င်းသည် သင့်၏တာဝန် မဟုတ်ဘဲ၊ အခြားသူများ၏တာဝန်ဖြစ်သည်။

## ပြန်လည်သင့်မြတ်ခြင်းသည်အစဉ်ဖြစ်နိုင်ပါသလား။

ကျွန်တော်တို့ကို ပြစ်မှားသောသူတချို့တို့သည် ဆက်သွယ်၍ မရသောအခြားတစ်နေရာသို့ ပြောင်းရွှေ့ခဲ့သည်(သို့) သေဆုံးသွားကြသည်။ ထိုသူတို့ကိုပင်လျှင် ကျွန်တော်တို့က ခွင့်လွှတ်ရမည်ဖြစ်သည်။ သို့သော် ပြန်လည်၍ သင့်မြတ်ခြင်းသည် မဖြစ်နိုင်ပါ။ သေးငယ်သောအပြစ်အများစုတွင် ခွင့်လွှတ်ခြင်းရှိသည်နှင့်တပြိုင်နက် ပြန်လည်သင့်မြတ်ခြင်းလည်း ရှိပါသည်။ ကြီးလေးသောအပြစ်များတွင်မူ ခွင့်လွှတ်ခြင်းသည် ပြန်လည်သင့်မြတ်ခြင်းဆီသို့ ဦးတည်ပြီးရွေ့သွားရာတွင် ပထမခြေလှမ်းသာဖြစ်ပါသည်။ ယုံကြည်စိတ်ချမှုကို အကြိမ်ကြိမ်အလွဲအသုံးချခြင်းခံရသော အလွန်ခက်ခဲသည့် အခြေအနေများနှင့် စိတ်ထိခိုက်လွန်းသောအခြေအနေများတွင် ခွင့်လွှတ်ပြီးနောက်၊ ဆက်နွယ်မှု(Relationship)ကို ပြန်လည်တည်ဆောက်ခြင်းသည် တခါတရံ လုံခြုံမှု မရှိပါ(သို့) မိုက်မဲရာကြပါသည်။

## ဒေသန္တရအသင်းတော်ကဘယ်လိုလဲ။

အပြစ်ကြီးလေးမှုအပေါ် မူတည်၍၊ အချို့သောကိစ္စများကို အသင်းတော်ဦးဆောင်သူများထံသို့ ကိုယ်တိုင်အသိပေးသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ သင့်ကိုစောင့်ရှောက်ရန်၊ ဘုရားပေးသောတာဝန်မှာထိုသူတို့တွင်ရှိသည် (ဟေဗြဲ ၁၃း ၁၇)။ အကယ်၍ အပြစ်ကျူးလွန်နေသော ခရစ်ယာန်သည် နောင်တမရလျှင်၊ ဤကဲ့သို့စောင့်နေခြင်းသည် အထူးအရေးကြီးပါသည် (၁ ကော ၅း၉-၁၁)။ အကယ်၍ သင့်အပေါ်အပြစ်ကျူးလွန်သူသည် အခြားအသင်းတော်တစ်ခုခုကိုဖွဲ့စည်းလျှင် (သင့်အသင်းတော်၏ခေါင်းဆောင်သူများက သင့်တော်သည်ဟု မြင်လျှင်) သူတို့သည် အပြစ်ကျူးလွန်သူအပေါ် သိုးထိန်းနှင့်ဆိုင်သောစောင့်ရှောက်ပြုစုမှုများပြုလုပ်နိုင်ရန် အပြစ်ကျူးလွန်သူ ဖွဲ့စည်းထားသော အသင်းတော်၏ခေါင်းဆောင်သူများကိုအဆက်အသွယ်လုပ်ပါဟု ကျွန်တော်အကြံပေးလိုပါသည်။ သင်သည် သူ့အသင်းတော်ကို တိုက်ရိုက်ဆက်သွယ်လျှင်၊ လက်တုံ့ပြန်သည့်အပြုအမူဟု လွယ်ကူစွာအနက်ဖွင့်နိုင်သည်။ သင်နှင့်သင့်အပေါ်အပြစ်ကျူးလွန်သူကို အကြံပေးဉာဏ်ဆွေးနွေးခြင်း(Counselling)နှင့် အကူအညီပေးခြင်း၌ အခြားသောခရစ်ယာန်များပါဝင်လျှင် သူတို့အတွက် ဆုတောင်းပေးပြီး၊ ခရစ်တော်၏ခန္ဓာကိုယ်

(the Body of Christ) သည် မိမိအလုပ်ကို လုပ်ဆောင်နိုင်ရန် အခွင့်ပေးလိုက်ပါ။

## တရားမျှတမှုကဘယ်လိုလဲ။

ကျွန်တော်တို့၏ဘုရားက တရားမျှတမှုကို နှစ်သက်သည်။ အပြစ်ကျူးလွန်မှုတွင် ဝတ္ထုပစ္စည်းများပါဝင်လျှင် ခွင့်လွှတ်ပြီးနောက် အစားထိုးလျော်ပေးမှုမျိုး လုပ်စေသင့်ပါသလား (သို့) မျှတသည့် တစ်စုံတစ်ရာလုပ်စေသင့်ပါသလား။ ပြစ်မှုတစ်ခုကြောင့် ဖြစ်လာသောရုပ်ဝတ္ထုနှင့်ဆိုင်သောအကျိုးဆက်များကို လုံးလုံးလျစ်လျူရှုခြင်းသည် သင်ခန်းစာ(၆)တွင် ကျွန်တော်တို့ဆွေးနွေးသွားသကဲ့သို့ 'အပြစ်ကျူးလွန်သူများကို ကာရံပေးခြင်း' ဖြစ်နိုင်ပြီး၊ အစဉ်မိုက်မဲရာရောက်သည်။ သင်နှင့်သင့်ကိုပြစ်မှားသူနှစ်ဦးစလုံးတို့သည် ခရစ်ယာန်များဖြစ်ပါက၊ အသင်းတော်ကို သက်သေအဖြစ် ရပ်တည်စေသင့်သည်။

*'သင်တို့သည် အချင်းချင်းအမှုရှိလျှင်၊ သန့်ရှင်းသူတို့ရှေ့၌ တရားစီရင်ခြင်းကိုမခံဘဲ၊ သာသနာပလူတို့ရှေ့၌ခံဝံ့သောသူတစ်စုံတစ်ယောက်ရှိသလော။ . . ထိုသို့ဆိုသော်၊ သင်တို့ ရှက်စေခြင်းငှါပြောဆို၏။ သင်တို့တွင် ပညာရှိတစ်စုံတစ်ယောက်မျှမရှိသလော။ညီအစ်ကိုချင်းတို့၏အမှုကိုစီရင်ဆုံးဖြတ်နိုင်သောသူတစ်စုံတစ်ယောက်မျှမရှိသလော။ညီအစ်ကိုချင်းတို့သည်တရားတွေ့သည်သာမက၊ မယုံကြည်သောသူတို့ရှေ့၌ပင်တရားတွေ့ပါသည်တကား။ ထိုသို့ သင်တို့သည် အချင်းချင်းတရားတွေ့သည်အမှုမှာ အလွန်ကြီးစွာသောအပြစ်ရှိကြ၏။ တရားမတွေ့ဘဲ ညှဉ်းဆဲခြင်းကို အဘယ်ကြောင့်မခံသနည်း' (၁ ကော ၆း၁-၇)။*

ကျွန်တော်တို့ခရစ်ယာန်များသည် ဒုတိယအကြိမ်မွေးဖွားပြီး၊ ဘုရားသခင်၏ဝိညာဉ်တော်ကို မိမိတို့အထဲတွင်ရရှိပိုင်ဆိုင်သောသူများဖြစ်ကြသည်။ သို့သော် ထိုကဲ့သို့သောသူဖြစ်ခြင်းက အပြစ်လုပ်ရန် အခွင့်အလမ်းကို မဖယ်ရှားမသုတ်သင်ပေးပါ။ တခါတရံ ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် မတရားသဖြင့်ဆက်ဆံနိုင်ကြသည်။ အခြားသူတစ်ယောက်ကို ဆိုးဆိုးဝါးဝါးနာကျင်စေနိုင်သည်။ သခင်ယေရှု၏သွန်သင်တော်မူချက်နှင့် ကိုက်ညီစွာယုံကြည်သူများသည် အတူတကွ စကားပြောကာ မိမိတို့၏မတူခြားနားမှုများကို အဖြေရှာရန် တမန်တော်ရှင်ပေါလုက ယုံကြည်သူများကို တိုက်တွန်းထားပါသည်။ တိုးတက်မှုမရှိ ရပ်တန့်နေလျှင်၊ ယုံကြည်သူများထဲမှ ပညာရှိပြီး၊ ရိုသေလေးစားခံရသောသူများ၏ အကူအညီကိုရယူပါ။ ဤကျမ်းချက်ထဲတွင် တမန်တော်ရှင်ပေါလု၏အဓိကပူပန်မှုမှာ မျှတမှု(သို့)ပုဂ္ဂိုလ်ရေးရာတရားမျှတမှုအတွက် မဟုတ်ပါ။ သို့သော် မယုံကြည်သူလောကီသားတို့၏အမြင်တွင် ခရစ်တော်၏သက်သေနှင့် ခရစ်ယာန်အသိုင်းအဝိုင်းက ဘယ်လိုရှိမည်ကို စိုးရိမ်ပူပန်နေခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့သည် သခင်ယေရှုကိုချစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော် တိုးပွါးကျယ်ပြန့်ဖို့ဆန္ဒရှိကြသောကြောင့်၊ ကျွန်တော်တို့သည် ရုပ်ဝတ္ထုဆုံးရှုံးမှုမျိုးခံဖို့ လိုအပ်ကောင်းလိုအပ်နိုင်သည်။ ဤမတရားမှုကို ဘုရားကိုယ်တော်တိုင်က သိမှတ်တော်မူပြီး၊ ကိုယ်တော်အတွက် ကျွန်တော်တို့ဆုံးရှုံးခဲ့သောအရာတစ်စုံတစ်ခုရှိလျှင် သူသည် ဆုချီးမြှင့်မည် ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး၊ အပြစ်ပြုသူကို နှလုံးသားမှခွင့်လွှတ်မှသာလျှင် အသက်တာ၌ဤဆုံးရှုံးမှုကို ငြိမ်သက်စွာလက်ခံနိုင်မည် ဖြစ်သည်။

## ကိုယ့်ကိုကိုယ်ခွင့်လွှတ်ခြင်း

'ညီအစ်ကိုတို့ကိုစွပ်စွဲသောသူ'ဟူသော အမည်နာမသည် စာတန်မာန၏အမည်နာမများတွင် နာမတစ်ခုဖြစ်သည် (ဗျာဒိတ် ၁၂း၁၀)။ အကြောင်းမှာ သူသည် နေ့ရောညပါ သန့်ရှင်းသူများ၏အပြစ်များကိုမှတ်ကာ အပြစ်တင်သောကြောင့်ဖြစ်သည်။ အခြေအနေအများစုတွင်၊ ခမည်းတော်ဘုရားသခင်၏ ခွင့်လွှတ်ခြင်း (God's Fatherly Forgiveness)ကို လက်ခံရရှိသည့်အချိန်တွင် ကျွန်တော်တို့သည် မိမိကိုယ်မိမိခွင့်လွှတ်ကြသည်။ ကျွန်တော်တို့က အပြစ်ပြုမိသောသူများသည်လည်း ကျွန်တော်တို့ကို ခွင့်လွှတ်သောအခါ နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းပါသည်။ သို့သော် ကိုယ့်ကိုကိုယ်ခွင့်လွှတ်ခြင်းသည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို လက်ခံရရှိခြင်းနှင့်အခြားသူများ၏ ခွင့်လွှတ်ခြင်းကိုရရှိခြင်းတို့နှင့် မတူကြောင်း မှတ်သားထိုက်ပါသည်။ ကျွန်တော်တို့သည် ကိုယ့်ကိုကိုယ်ခွင့်လွှတ်နိုင်ရခြင်းမှာ ကောင်းကင်ဘုံရှင်ဘုရားသခင်က ကျွန်တော်တို့ကိုခွင့်လွှတ်ပြီးဖြစ်သောကြောင့် ဖြစ်သည်။ ကိုယ့်ကိုကိုယ်ခွင့်လွှတ်ခြင်းသည် ခမည်းတော်ဘုရားသခင်၏ခွင့်လွှတ်ခြင်းအပေါ် မူတည်ပြီး၊ အပြစ်ပြုခြင်းခံသော သူ၏တုန့်ပြန်မှုအပေါ် မူတည်နေသည် မဟုတ်ပါ။

သင်သည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုရရှိခံစားပြီးနောက်၊ ခါးသီးမှု၊ ဝမ်းနည်းပူဆွေးမှု၊ သင့်ကိုယ်သင်မုန်းတီးမှုများ တွေ့ကြုံခံစားနေသေးလျှင်၊ သင့်ကိုယ်သင် ခွင့်လွှတ်ရန်ဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ လတ်သလောတွင် သင်သည် ဤအခြေအနေမျိုးမှရုန်းထွက်ဖို့ လုံးပန်းနေရင် ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏မျက်မှောက်တော်သို့တိုးဝင်ပြီး၊ သင့်ကိုဒုက္ခပေးနေသောအပြစ်အတွက် ပြီးပြည့်စုံသောခွင့်လွှတ်ခြင်းကိုပေးသောသူ ဘုရားသခင်ကို တဖန်ကျေးဇူးတင်ပါလို့ ကျွန်တော်တိုက်တွန်းလိုပါသည်။ သင့်ကိုယ်သင် နောင်တရ၍ အဖဆီသို့ပြန်လာသောပျောက်ဆုံးသည့်သားကဲ့သို့၊ ပျော်ရွှင်နေသောသင်ရဲ့ကောင်းကင်အဖဘုရားက သင့်ကိုလုံးဝလွှတ်ပြီး၊ လက်ခံကာပွဲဖက်နေသကဲ့သို့ စိတ်တွင်မြင်ယောင်ကြည့်ပါ။ ထို့နောက်၊ 'ကျွန်တော် လုပ်မှားခဲ့သောအရာများအတွက် ကျွန်တော့်ကိုကျွန်တော် ယေရှုနာမ၌ခွင့်လွှတ်ပါ၏'ဟု ဘုရားသခင်၏ရှေ့မှောက်တွင် ပြောပါ။ သင့်ကိုယ်သင် ခွင့်လွှတ်ပြီးနောက် ၎င်းကိုယုံကြည်လက်ခံကာ ထိုခွင့်လွှတ်ခြင်း၌ ဝမ်းမြောက်ပါ။

## ဆက်လက်လုပ်ဆောင်ရန်အချိန်

ကျွန်တော်တို့သည် အလွန်အမင်း မတရားပြုခြင်းခံရသောအခါ ၎င်းကကျွန်တော်တို့၏အချိန်နှင့်အားအင်များကို ကုန်ခမ်းစေပါသည်။ ၎င်းအခြေအနေကို စိတ်တွင် ကြိမ်ဖန်များစွာခံစားခဲ့ကြသည်။ 'ကျွန်တော် ဒီလိုပဲ၊ဟိုလိုလုပ်ရင်ဘာဖြစ်မလဲ' (What if)ဆိုပြီး၊ စိတ်ထဲတွင်မှန်းဆကာ၊ အနာဂတ်၏ဖြစ်နိုင်ခြေများကို သချာစဉ်စားခဲ့ကြသည်။ တရားမျှတမှု(သို့)လက်တုံ့ပြန်ရန် ရှုပ်ထွေးသောအကြံအစည်များကို ကြံစည်ကြသည်။ အပြစ်တစ်ခုကိုကျူးလွန်ရာတွင် အသက်တာဘယ်လိုအသက်ရှင်နေသည်ကို လွယ်ကူစွာတွေ့မြင်နိုင်ပါသည်။ ၎င်းမှာ ကျွန်တော်တို့လုပ်ဆောင်သောအရာများနှင့် မလုပ်ဆောင်သောအရာများသည် ထိုအပြစ်နှင့်တိုက်ရိုက်(သို့)သွယ်ဝိုက်၍ ဆက်စပ်လာပါသည်။ သို့သော် ကျွန်တော်တို့အတွက် သတင်းကောင်းမှာ ခွင့်လွှတ်ခြင်းသည်ကျွန်တော်တို့ကို ကျွန်ခံရခြင်းမှလွတ်မြောက်စေပြီး၊ အတိတ်ကိုထားခဲ့ကာ ၊ရှေ့ဆက်လျှောက်လှမ်းရန် အခွင့်ကိုပေးသည်။

ခွင့်လွှတ်ပြီးနောက်ပိုင်းတွင် စိတ်ဆိုးစရာအတွေးတချို့ကို ပြန်၍တွေးနိုင်ပါသည်။ ခွင့်လွှတ်ပြီးပြီဆိုတာ ကျွန်တော်တို့က သိသည်။ သို့သော် ခွင့်လွှတ်ပြီးသကဲ့သို့ တခါတရံမှ မခံစားပါဘူး။ ကျွန်တော်တို့ ဘာလုပ်သင့်သလဲ။ စာတန်မာရ်နတ်လိမ်လည်မှုနှင့် ဆိုးညစ်သော အတွေးတစ်ခုခြင်းစီတိုင်းကို ကိုင်တွယ်ဖြေရှင်းသကဲ့သို့၊ ကျွန်တော်တို့လုပ်ဆောင်သင့်ပါသည်။ 'ထိုလက်နက် (ဘုရားသခင်၏တန်ခိုးတော်)အားဖြင့် လူတို့၏အကြံအစည်ကိုင၎်း ဘုရားသခင်ကိုသိသောပညာကို ဆီးတားသောမာန်မာနရှိသမျှတို့ကိုင၎်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကိုဘမ်းသွားချုပ်ထားလျှက်၊ ခရစ်တော်၏စကားကိုနားထောင်စေကြ၏' (၂ ကော ၁၀း၅)။ ကွန်ပျူတာဗိုင်းရပ်(စ်)ကိုစူးစမ်းကြည့်သောကိရိယာ (Computer Virus Detector)တစ်ခုကဲ့သို့ အပြစ်ပြုလိုသော အကြံအစည်တစ်ခုချင်းစီတိုင်းကို ဖော်ထုတ်ပြီး ၎င်းကို ယေရှုထံတော်သို့ယူဆောင်သွားရန်ဖြစ်သည်။ 'ကျွန်တော်တို့သည် သူ့ကိုယေရှုနာမ၌ ခွင့်လွှတ်ပြီးဖြစ်သည်။ တန်ခိုးကြီးသောဘုရားသခင်က သူ့အပြစ်ကို ကိုင်တွယ်ဖြေရှင်းသွားမည် ဖြစ်သည်။ သို့သော်၊ ကျွန်တော်အနေဖြင့် သခင်ယေရှုစကားကိုနာခံပြီး၊ သူ့ကိုခွင့်လွှတ်ပြီးဖြစ်သည်။ ကျွန်တော်ကသူ့ကိုမချည်နှောင်တော့ပါ' ဟူသော သမ္မာတရားကိုယုံကြည်ဖို့ ကျွန်တော်တို့က ရွေးခြယ်ရန်ဖြစ်သည်။

ဟောင်းနွမ်းပြီး အနုတ်သဘောဆောင်ကာ ဖျက်ဆီးတတ်သောအတွေးအခေါ်လမ်းစဉ်များကို အသစ်ဖြစ်ပြီး၊ အပေါင်းလက္ခဏာဆောင်ကာ၊ စာရိတ္တ၊ စိတ်ဓါတ်ခွန်အားမြင့်မားစေသောအကြံအစည်များနှင့် အစားထိုးရန်ရှာဖွေပါ (ဖိလိ ၄း ၈)။ သင့်စိတ်ထဲတွင် ချာလပတ်လည်နေသော အတွေးအခေါ်များကို ဖော်ထုတ်ပြီး၊ ၎င်းအတွေးအခေါ်များကို သခင်ယေရှုက သင့်အတွက် လုပ်ဆောင်ခဲ့သည့်အကြောင်းနှင့် သခင်ယေရှုက မိမိအသင်းတော်ကိုတည်ဆောက်ရာ၌ ယခုဘာတွေလုပ်ဆောင်နေသည် စသောအကြောင်းများကို စဉ်းစားပြီး အစားထိုးလိုက်ပါ။ တမန်တော်ရှင်ပေါလုသည် အသက်တာတွင်မတရားမှုများစွာနှင့်နာကျင်စရာကောင်းသောအချိန်များ ကြုံတွေ့ခဲ့သည်။ သို့သော်၊ ထိုပြဿနာ(သို့)ထိုအခြေအနေများက သူ့အသက်တာကိုမနိုင်ဘဲ၊ သူ့သခင်နှင့်ကယ်တင်ရှင်အတွက် အသက်ရှင်ခဲ့သည်။ 'ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏' (ဖိလိ ၁း၂၁)။ အတိတ်တွင်အသက်မရှင်ဘဲ၊ ရှေ့သို့ဆက်လက်ရွေ့လျားကာ အသက်ရှင်ခဲ့သူဖြစ်သည်။ ၎င်းကို ဤကဲ့သို့ ရှင်းလင်းထားပါသည်။ 'ငါပြုသောတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကိုမမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကို လှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတုံးတိုင်သို့ငါလိုက်ပြေး၏' (ဖိလိ ၃း၁၃-

၁၄)။

ဤလောကကြီးတွင် ဘဝသည် ဘယ်တော့မှပြည့်စုံလာမည် မဟုတ်ပါ။ ကျွန်တော်တို့ခရစ်ယာန်များက ဤအရာကို နားလည်သဘောပေါက်ကြသည်။ ၎င်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာသည် အလွန်မှန်ပါသည်။ သို့သော် ကျွန်တော်တို့သည် ဤပြိုလဲပြီး မှောင်နေသောလောကကြီးထဲတွင် ယေရှုအတွက် အလင်းကိုလင်းစေပြီး၊ လောကီသားများနှင့်မတူ၊ ခြားနားသော အသက်တာအသက်ရှင်ရန် ခေါ်တော်မူခြင်းခံသောသူများ ဖြစ်ကြသည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းရှိ သန့်ရှင်းသူများအားလုံး တို့သည် မျှော်လင့်သကဲ့သို့၊ ကျွန်တော်တို့လည်းပြည့်စုံပြီး၊ အသစ်သောနေရာကိုမျှော်လင့်နေကြသည်။ ထိုနေရာတွင် 'ဘုရားသခင်သည် သူတို့၏မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ' (ဗျာဒိတ် ၂၁း၄)။

## လက်တွေ့လုပ်ဆောင်ခြင်း

- ငွေရေးကြေးရေး(သို့)ဝတ္ထုပစ္စည်း ပိုင်ဆိုင်ခြင်းစသော တိုက်ပွဲတွင် သင်ငြိတွယ်နေပါသလား။ ၎င်းအခြေအနေကို ကိုင်တွယ်ဖြေရှင်းသည့် သင့်၏နည်းလမ်းက ဘုရားဘုန်းထင်ရှားစေပါသလား။
- သင့်အသင်းတော်ခေါင်းဆောင်များ၏ အထူးဂရုစိုက်ဆောင်ရွက်ခြင်းလိုအပ်နေသော ရန်ပွဲ (သို့)အပြစ်ရှိသောအခြေအနေတချို့တွင် ပါဝင်ကူညီဖြေရှင်းရန် သင်ကြိုးစားနေပါသလား။ ၎င်းကို သင်အကောင်းဆုံးဘယ်လိုလုပ်ဆောင်နိုင်မလဲ။
- **ဆုတောင်းချက်။** ကောင်းကင်ဘုံရှင်အဖ ခွင့်လွှတ်ပြီးနောက် ကျွန်တော်သည်ရှေ့ဆက်၍အသက်ရှင်နိုင်သောကြောင့် ကျေးဇူးတင်ပါ၏။ 'ငါအသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏'ဟု တမန်တော်ရှင်ပေါလုကဲ့သို့ ကျွန်တော်ပြောလိုသောဆန္ဒရှိပါ၏။ ကျွန်တော်ကို မစတော်မူပါ။ အာမင်။

# သင်ခန်းစာ (၁၂)
# ခွင့်လွှတ်ရန်အခြားသူများကိုကူညီမစခြင်း

ခွင့်လွှတ်ခြင်း၊ ရန်ငြိမ်းခြင်းနှင့်ပြန်လည်သင့်မြတ်ခြင်းတို့ကို အားပေးလှုံ့ဆော်ခြင်းသည် နှစ်သက်ဖွယ်ရာကောင်းသော အလုပ်တစ်ခုဖြစ်သည်။ တောင်ပေါ်ဒေသနာတော်ထဲတွင် ဤအလုပ်နှင့်သက်ဆိုင်သောကောင်းကြီးမင်္ဂလာရှိကြောင်းကို သခင်ယေရှုက ပြဋ္ဌန်းထားပါသည်။ 'သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကိုခံရကြလတ္တံ့ (မဿဲ ၅း၉)။ သင်သည် ဘုရားသခင်နှင့်ရန်ငြိမ်းခြင်း ရှိပါသလား။ သင်ကိုယ်တိုင်သည် အခြားလူများနှင့်ရန်ငြိမ်းခြင်းရှိပါသလား။ ဘုရားသခင်နှင့်ရန်ငြိမ်းခြင်း ရှိပါသလား။ သင့်ကိုယ်သင်သော်လည်းကောင်း အခြားသူများနှင့်သော်လည်းကောင်း ရန်ငြိမ်းခြင်းရှိပါသလား။ ထိုကဲ့သို့ ဘုရားသခင်နှင့်သော်လည်းကောင်း၊ သင့်ကိုသင်သော်လည်းကောင်း၊ အခြားသူများနှင့်သော်လည်းကောင်း ရန်ငြိမ်းခြင်းရှိလျှင်၊ ခွင့်လွှတ်ပြီး၊ ရှေ့ဆက်လျှောက်လှမ်းရန် အခြားသူများကို အားပေးကူညီဖို့ဘုရားသခင်က သင့်ကိုအသုံးပြုလိုပါသည်။

ခွင့်လွှတ်ခြင်းနှင့်ဆိုင်သော တရားဟောချက်များကို နားထောင်သောခရစ်ယာန်အများစု(သို့) ဤသင်ခန်းစာကဲ့သို့သော သင်ခန်းစာမျိုးကို လေ့လာသောခရစ်ယာန်အများစုသည် ဘုရားသခင်၏မျက်မှောက်တော်သို့တိုးဝင်ပြီး၊ တန်ခိုးတော်ကိုရှာကာ၊ သူတို့ကိုပြစ်မှားသောသူများကို ခွင့်လွှတ်ကြသည်။ သို့သော် အချို့သောသူတို့သည် အနည်းငယ်သောအားပေးတိုက်တွန်းမှုမျိုးလိုအပ်နိုင်သည်။ အနည်းငယ်သောသူများမှာမူ နာကျင်မှုသည် နက်ရှိုင်းလွန်းသောကြောင့် အခြားသောယုံကြည်သူများ၏ ဆုတောင်းကူညီခြင်းမရှိလျှင်၊ ခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ပါ။ အကြံပေးဆွေးနွေးခြင်း(Counselling)နှင့်အခြားသူများနှင့်ဆုတောင်းခြင်းတို့သည် အချိန်ကုန်ပြီး၊ အားအင်လည်း ကုန်ခန်းစေပါသည်။ သို့သော် ၎င်းသည် ကောင်းသောရင်းနှီးမြုပ်နှံခြင်း ဖြစ်ပေလိမ့်မည်။ ခွင့်လွှတ်တတ်သောခရစ်ယာန်များသည် လွတ်မြောက်သောသူများဖြစ်ပြီး၊ လွတ်မြောက်သောခရစ်ယာန်များသည် ရင့်ကျက်ကြီးထွားကာ၊ အခြားသူများအတွက်ကောင်းကြီးမင်္ဂလာ ဖြစ်ကြပါသည်။

## သေချာလေ့လာပါ။

ကျွန်တော်၏အတွေ့အကြုံအရ၊ လူနည်းစုသည် ခွင့်လွှတ်ခြင်းနှင့်ပတ်သက်၍ အကူအညီတောင်းခံရန်လာတတ်ကြသည်။ အများစုမှာ အခြားသောအရာများအတွက် လိုအပ်သောအကြံအဉာဏ်များရရန် လာတတ်ကြသည်။ သို့သော် စကားပြောရင်း၊ ပျက်စီးသွားခဲ့သောဆက်နွယ်မှုနှင့်နာကျင်မှုများကို ဆွေးနွေးပြောဆိုမိပြီး၊ ခွင့်လွှတ်ခြင်းသည် သူတို့အတွက် အဓိကလိုအပ်သောခေါင်းစဉ် ဖြစ်လာတတ်သည်။ ဘုရားသခင်ထံပညာနှင့် အခြားသောအရာများကို ပိုင်းခြားတတ်သော ဉာဏ်ပညာကိုတောင်းလျှောက်ပါ(ယာကုပ် ၁း၅၊ ဖိလိ ၁း၉-၁၀)။ သင့်မျက်လုံးများကို ဖွင့်ထားပြီး၊ နားကိုစွင့်ထားပါ။ ခရစ်ယာန်တစ်ယောက်သည် သူ၏လက်မောင်းတွင်ချွန်ထက်သော ဖန်စလေးရှိပါက၊ တစ်စုံတစ်ရာက ရှိကြောင်းကို ပြပါလိမ့်မည်။

အသက်ငါးဆယ်ကျော်ပြီး၊ စကားထစ်သောယောကျ်ားတစ်ယောက်ကို ကျွန်တော်အကြံ ပေးဆွေးနွေးခြင်း (Counselling)လုပ်သည့် အချိန်ကိုသတိရသည်။ သူသည် ရေနှစ်ခြင်းမင်္ဂလာမခံသင့်သေးကြောင်း အမြဲတမ်းအကြောင်းပြချက်တစ်ခုပေးသောကြောင့်၊ သူ့ကိုအကြံပေးဆွေးနွေးခြင်း(Counselling)လုပ်ခြင်းဖြစ်သည်။ ရေနှစ်ခြင်းမခံချင်အောင် ဘာကသူ့ကိုဆုပ်ကိုင်နေပါသလဲ။ ကျွန်တော်တို့က သူ့ကိုဆက်လက်ရွေ့လျားစေလိုသောကြောင့် ကူညီချင်ကြသည်။ သူနှင့်စကားပြောနေစဉ်၊ အမေက အိမ်ထောင်သည် ယောကျ်ားတစ်ယောက်နှင့်ပြစ်မှား၍ ရသောသားဖြစ်ပြီး၊ သူမွေးလာသည်မှာ တရားဝင်အိမ်ထောင်မှမွေးဖွားလာခြင်း မဟုတ်ကြောင်းနှင့် သူ့အဖေက သူ့ကိုတာဝန်မယူဘဲစွန့်လွှတ်ကြောင်းကို ကျွန်တော်တို့အားပြောပြ၍ သူ့အကြောင်းကို ကျွန်တော်တို့သိရသည်။ ဆယ်နှစ်သားအရွယ်တွင် အဖေ့ဆီသို့သွားလည်ပြီး၊ နောက်တစ်ခေါက် ပြန်မသွားရန် စိတ်ဆုံးဖြတ်ခဲ့ပါသည်။ အဲ့ဒီအချိန်ကစပြီး၊ သူ့အဖေကိုမတွေ့တော့ချေ။ စဉ်းစားကြည့်ပါ။ သူ့အဖေသည် သူ့ရဲ့ခွင့်လွှတ်ခြင်းလိုအပ်သောစာရင်းထဲတွင်ပါသည်။ သူ့ခံစားမှုသည် စိတ်ပိုင်းဆိုင်ရာခံစားမှုဖြစ်ပြီး၊ နာကျင်စရာကောင်းပါသည်။ သူ့ကိုအကြံပေးဆွေးနွေးခြင်း

(Counselling) အဆုံးပိုင်းတွင် ဆုတောင်းဖို့ သူ့ကိုကျွန်တော်တို့က ဖိတ်ခေါ်ပါသည်။ စိတ်တွင်ခံစားပြီး၊ အလွန်ပင်စိတ်နာစရာဖြစ်သော်လည်း၊ သူသည် ဆုတောင်းပြီး၊ အဖေ့ကိုခွင့်လွှတ်ခဲ့သည်။ ဆုတောင်းပြီး၊ ပြန်သွားသောအခါ၊ ကျွန်တော်နှင့်ကျွန်တော့်သူငယ်ချင်းမှာ အံ့သြပြီးတစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်ကြပါသည်။ သူသည် လုံးဝစကားမထစ်ဘဲ၊ ဆုတောင်းခဲ့သည်။ ခွင့်လွှတ်ခြင်းက လုပ်ဆောင်နိုင်သောအရာသည် အံ့သြစရာကောင်းလှပါသည်။

## မေတ္တာဖြင့်နားထောင်ပါ။

မေတ္တာဖြင့်နားထောင်ခြင်းမပြုဘဲ၊ ခွင့်လွှတ်ခြင်းနှင့်ပတ်သက်သော၊ သင့်၏အသစ်သောလက်နက်စုံကြီးနှင့် စတင်လုပ်ဆောင်ခြင်းကိုရှောင်ကြဉ်ပါ။ လူများတို့သည် စီမံကိန်းများ မဟုတ်ကြပါ။ ခရစ်ယာန်တိုင်းတွင် ဘုရားသားဂုဏ်သိက္ခာရှိပြီး၊ သူ့အား ဂရုတစိုက်နားထောင်သင့်သည်။ သင်သည် သူတစ်ပါး၏ယုံကြည်စိတ်ချမှုကို မရလျှင်သော်လည်းကောင်း၊ သင့်ရဲ့စိတ်ပူပေးမှုသည် မရိုးသားလျှင်သော်လည်းကောင်း၊ ထိခိုက်ခံရသောသူသည် မိမိ၏အကြောင်းများကို သင်အားပြောချင်လိမ့်မည်မဟုတ်ပါ။ ထိုကဲ့သို့သောအခြေအနေတွင် ရှိလျှင်၊အကြံပေးဆွေးနွေးခြင်း(Counselling)ကို ဆက်လက်မလုပ်ဆောင်ပါနှင့်။ ရပ်လိုက်ပါ။ အကြံပေးဆွေးနွေးခြင်း(Counselling)လုပ်ရန် အတင်းမကြိုးစားပါနှင့်။ သို့သော် သူသည် ပစ်ပယ်ခြင်းကိုမခံ၊ ချစ်ခြင်းနှင့်လုံခြုံမှုတို့ကို ခံစားလျှင် သူသည်မိမိ၏ဝန်ထုပ်ဝန်ပိုးများကို ဖွင့်ပြောရန် ရိုးရှင်းသော မေးခွန်းအနည်းငယ်မေးခြင်းသည် လုံလောက်ပါလိမ့်မည် (သုတ္တံ ၂၀း၅)။ သင်နားစွန့်သကဲ့သို့၊ ဖန်စလေးကိုသိမြင်နိုင်ရန်၊ သင့်မျက်လုံးများကိုလည်း ဖွင့်ထားပါ။ တခါတရံ နာကျင်စရာကောင်းသောဖြစ်ရပ်သည် အလွန်ပင်စိတ်နာစရာကောင်းပြီး၊ မမေ့လျော့နိုင်ပါ။ သည့်အပြင် သူတို့၏အတွေးများနှင့်ခံစားမှုများသည် ရောထွေးသည့်အခြေအနေ၌ရှိသောအခါ၊ ခွင့်လွှတ်ခြင်းအကြောင်းကို ပြောဖို့ရန်အချိန်ကိုစောင့်ပြီး၊ သူတို့ပြောတာကိုနားထောင်ခြင်း၊ မေတ္တာပြခြင်း၊ သူတို့နှင့်ထပ်တူခံစားကြောင်းပြသခြင်းတို့ကို အထူးအာရုံစိုက်လုပ်ဆောင်ခြင်းသည် အကောင်းဆုံး ဖြစ်သည်။

## နှုတ်ကပတ်တော်အတိုင်း ရှင်းပြပါ။

ခွင့်လွှတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ လွဲမှားသောသတင်းများစွာရှိသည်။ ဤသင်ခန်းစာထဲတွင် ဆွေးနွေးတင်ပြထားသောအကြောင်းအရာများကို ပြောရန်အချိန်ယူပါ။ ခွင့်လွှတ်ခြင်းသည် ခရစ်ယာန်များ လုပ်သင့်သောအရာဟုသိကြသောကြောင့်၊ ကျွန်တော်တို့က ခွင့်လွှတ်ပြီးပါပြီဟု ခရစ်ယာန်တချို့က ပြောပါသည်။ သို့သော် နှလုံးသားထဲတွင်မူ ခွင့်မလွှတ်ကြပါ။ အပြစ်ကျူးလွန်သောသူသည် နောင်တရသောအခါမှသာလျှင်(သို့) တရားမျှတမှုရှိသောအခါမှသာလျှင်၊ ခွင့်လွှတ်ရန်ဖြစ်သည်ဟုယုံကြည်ခံယူထားကြသော ခရစ်ယာန်တချို့ရှိသည်။ ထိုကဲ့သို့သောယုံကြည်သူသည် ရှင်းလင်းပြီး၊ နှုတ်ကပတ်တော်နှင့်ကိုက်ညီသောရှင်းလင်းချက်များ လိုအပ်ပါသည်။ ခွင့်လွှတ်ခြင်းသည် အလွန်ပင်စိတ်ခံစားမှုနှင့်ဆိုင်သော ကိစ္စရပ်ဖြစ်သည်။ သို့သော် ခွင့်လွှတ်ခြင်းတွင်ပါဝင်သောအရာနှင့် မပါဝင်သောအရာများကို စိတ်(Mind)ကမသိသရွေ့၊ သင်သည် ရှေ့သို့ဆက်သွားနိုင်လိမ့်မည် မဟုတ်ပါ။

## ဆုတောင်းခြင်းဖြင့် ခွန်အားပေးပါ။

ယခု စိတ်(Mind)ကို အာရုံစိုက်ခြင်းမှ ဆန္ဒ(Will)ကို အာရုံပြုပါ။ ခွင့်လွှတ်ခြင်းသည် ဆုံးဖြတ်ချက်တစ်ခုပေးရန်လိုအပ်ပါသည်။ သူတို့သည် ဘာကြောင့် ခွင့်လွှတ်သင့်သလဲ။ ခွင့်လွှတ်ခြင်းဖြင့်ရသောအကျိုးကျေးဇူးတွေက ဘာတွေ လဲ။ ထိုအရာများကို လုပ်ဆောင်ဖို့ရန်၊ ဘုရားသခင်က မျှော်လင့်နေသလား။ ဤအချိန်သည် သင့်တော်သောအချိန် ဟုတ်ပါသလား။ ခွင့်လွှတ်ဖို့ဆုံးဖြတ်ချက်ချရန် သင်သည် အားပေးတိုက်တွန်းနေသည်ကို သတိရပါ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ကသာ အလုပ်ကိုလုပ်သွားပါလိမ့်မည်(ယော ၁၆း၈၊ ၂ ကော ၅း၂၀)။ နှလုံးသားခွင့်လွှတ်ခြင်း (Heart Forgiveness)သည် နှလုံးသားမှလာရပါမည်။ သင်သည် အပြစ်ပြုခြင်းခံရသူအား ခွင့်လွှတ်ဖို့ရန် ဖိအားပေးပြီး၊ အတင်းဆုတောင်းခိုင်းနေလျှင်၊ သူသည် ဆုတောင်းလျှင် တောင်းနိုင်ပါသည်။ သို့သော် သူသည်စိတ်မပါဘဲ၊ နှလုံးသားသည် အေးဆက်ပြီး၊ အရင်အတိုင်းပင်ဖြစ်လိမ့်မည်။

သူကိုယ်တိုင်က 'ဟုတ်ကဲ့ပါ။ ယခု ခွင့်လွှတ်ခြင်းအကြောင်းကို ကျွန်တော်နားလည်သဘောပေါက်ပါပြီ။ ကျွန်တော် ခွင့်လွှတ်ချင်ပါတယ်' ဟု ပြောလာသောအခါမှသာလျှင်၊ သင်ခန်းစာ(၁၀)တွင် အကြံပြုဖော်ပြထားသောဆုတောင်းချက်ကို ဆုတောင်းဖို့ရန် ဦးဆောင်သင့်ပါသည်။

## ယုံကြည်သူတစ်ယောက်က ခွင့်မလွှတ်နိုင်သောအခါ. . .

တခါတရံ ခရစ်ယာန်တစ်ယောက်သည် ခွင့်လွှတ်သင့်သည်၊ ခွင့်လွှတ်လိုသည့်ဆန္ဒရှိသင့်သည် (သို့) ခွင့်လွှတ်ဖို့ရန် ဆုံးဖြတ်ချက်ချနိုင်သည်ဟု စည်းရုံးသိမ်းသွင်းနိုင်သည်။ သို့သော် တစ်စုံတစ်ခုက သူ့ကိုတားဆီးပြီး၊ 'ကျွန်တော်ခွင့်လွှတ်သည်' ဟုမပြောနိုင်ပါ။ ၎င်းကဲ့သို့သောအခြေအနေမျိုးကို ကျွန်တော်ကိုယ်တိုင်ကြုံတွေ့သည်အထိ၊ ဤကဲ့သို့ဖြစ်နိုင်လိမ့်မည်မထင်ခဲ့ပါ။ ကျွန်တော်တို့၏ညီမငယ်တစ်ယောက်က သူ့ခင်ပွန်းကိုခွင့်လွှတ်ဖို့ကြိုးစားခဲ့သည်။သူ့ကိုအကြံပေးဆွေးနွေးခြင်း(Counselling)လုပ်စဉ်တွင်၊ သူမ စတင်ဆုတောင်းခဲ့သည်။ 'ယေရှုနာမ၌ ကျွန်မ ခွင့်၊ ခွင့်၊ခွင့်. . .'ဆိုပြီး၊ ရှေ့ဆက် မပြောတတ်တော့ပါ။ စကားလုံးများသည် နှုတ်မှထွက်မလာနိုင်ပါ။ ၎င်းသည် အမှန်တကယ်ဝိညာဉ်စစ်ပွဲတစ်ခု ဖြစ်ပါသည်။ ဤအခြေအနေသည် (ယာကုပ် ၅း၁၆)ရှိ နှုတ်ကပတ်တော်စကားလုံးများကို အသုံးချရမည့် အခြေအနေမျိုးဖြစ်သည်။ ဝိညာဉ်ရေးရာစစ်ပွဲများသည် အမှန်တကယ်စစ်ပွဲများဖြစ်ပြီး၊ ဝိညာဉ်လောကတွင် အမှန်တကယ် တိုက်ရသောစစ်ပွဲများဖြစ်သည်။

ကျွန်တော်တို့သည် ခွင့်လွှတ်ခြင်းအကြောင်းကို သူမနှင့်အကျယ်တဝင့် ပြောကြပါသည်။ နှုတ်ကပတ်တော်နှင့်အညီရှင်းလင်းချက်များကို သူမက လက်ခံခဲ့သည်။ သူမသည် မိမိခင်ပွန်းကိုခွင့်လွှတ်ဖို့ရန် လိုအပ်ကြောင်းသဘောတူပြီး၊ ခွင့်လွှတ်ချင်ခဲ့သည်။ သူ့ကိုနာကျင်စေခဲ့သောသူများ၊ သူချည်နှောင်ပြီး၊ ခွင့်လွှတ်ဖို့ရန်လိုအပ်သောသူများကို စာရွက်ပေါ်တွင်ရေးချသည်။ သူသည်စာရင်းထဲရှိသူများအတွက် ဆုတောင်းပြီး၊ တစ်ဦးပြီးတစ်ဦးခွင့်လွှတ်သည်နှင့်အမျှ ကျွန်တော်တို့ကလည်း ဆုတောင်းခြင်းဖြင့် သူမကို ထောက်မပါသည်။ နာမည်စာရင်းကိုကြည့်ပြီး ဆုတောင်းခြင်းသည် အချိန်ကြာ၍၊ ပင်ပန်းစရာကောင်းသောနည်းစနစ်တစ်ခုဖြစ်သည်။ တခါတရံ အလွန်ငြီးငွေ့နိုင်ပါသည်။ သို့သော် အရှုံးမပေးပါနှင့်။ ၎င်းသည် ဖြစ်မြောက်နိုင်ပါသည်။ ကျွန်တော်တို့က၊ ခွင့်လွှတ်ပြီဟု ကြွေးကြော်သောအခါ၊ တစ်စုံတစ်ရာ အမှန်တကယ်ဖြစ်ပျက်ပါသည်။

သူမသည် ခင်ပွန်းနာမည်ကိုကျော်ပြီး၊ ဆက်လက်ဆုတောင်းကာ၊ ခွင့်လွှတ်ခဲ့သည်။ အဆုံးမှာခင်ပွန်းနာမည်သို့ပြန်သွားသည်။ သူမကို ပြည့်တန်ဆာဘဝသို့ တွန်းပို့သောသူသည် သူမ၏ခင်ပွန်းပင်ဖြစ်ခဲ့သည်။ သူသည် ကုလားထိုင်ပေါ်တွင်မငြိမ်မသက်ဘဲရှေ့နောက် လှုပ်လျှက်နေသည်။ 'သူ့ကိုခွင့်လွှတ်ချင်ပါသလား'ဟု သူမကို ကျွန်တော်တို့မေးပါသည်။ 'ဟုတ်ကဲ့ပါ' ဟု ဖြေပါသည်။ သို့သော် ရိုးရှင်းသောဆုတောင်းချက်ကို သူမ မတောင်းနိုင်သေးပါ။ မိနစ်(၃၀)ကြာလောက်အထိ၊ သူမနှင့်အတူ ကျွန်တော်တို့ ကြိုးစားခဲ့ကြသည်။ အချိန်ကုန်သွားသောကြောင့် ရပ်နားပြီး၊ နောက်တပတ် ဆက်လုပ်ရန် ကျွန်တော်တို့ဆုံးဖြတ်ခဲ့ကြသည်။ ပြီးနောက် ကျွန်တော်နှင့်ကျွန်တော့်သူငယ်ချင်းက သူမ၏အခြေအနေကို ဆွေးနွေးခဲ့ကြသည်။ နတ်ဆိုးက သူ့ကိုဆုပ်ကိုင်ပြီး၊ နတ်ဆိုး၏တန်ခိုးကြောင့်ဖြစ်မည်ဟု သူကအကြံပေးပါသည် (၁ သက် ၂း၁၈၊ ဧဖက် ၆း ၁၁-၁၂)။ နောက်တစ်ခေါက်အကြံပေးဆွေးနွေးခြင်း(Counselling)အတွက် (မဿဲ ၁၇း၂၁) တွင်ရှိသော ဘုရားနှုတ်တော်ထွက်စကားလုံးများကို လိုက်၍၊ အစာရှောင်ဆုတောင်းရန် ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြသည်။

နောက်တခေါက် ပြန်တွေ့ကြသောအခါ၊ မိမိခင်ပွန်းကို ခွင့်လွှတ်လိုကြောင်း သူမကဘဲ အတည်ပြုပြောဆိုခဲ့သည်။ သို့သော် ဒီတစ်ခေါက်လည်း သူမ ဆုတောင်း၍ မရပါ။ ကျွန်တော် အလွန်စိတ်ညစ်ခဲ့သည်။ ဆုတောင်းချက်သည် တိုတိုလေးသာဖြစ်သည်။ 'သူ့ကို ကျွန်မခွင့်လွှတ်ပါသည်'ဟု ကျယ်ကျယ်ပြောရန်သာ လိုအပ်သည်။ ၎င်းဆုတောင်းချက်ကို ဘာကြောင့်၊ သူမက လိုက်၍ မဆိုနိုင်သလဲ။ မိနစ်(၃၀)လောက်ဆုတောင်း၍ ကြိုးစားပြီးနောက်၊ 'ကျွန်မခွင့်လွှတ်သည်'ဆိုသည့် စကားကို နောက်ဆုံး သူမပြော၍ထွက်ပါသည်။ ခင်ပွန်း၏နာမည်ကို ထည့်ပြောဖို့ရောက်သောအခါ၊ ပြန်၍ထစ်ပါသည်။ သူမသည် စိတ်ဝေဒနာခံစားနေသောသူ မဟုတ်ပါ။ ဝိညာဉ်တိုက်ပွဲဖြစ်နေသောကြောင့် ဖြစ်သည်။ တစ်နာရီမကကြာပြီးနောက် အသံထွက်ဆုတောင်းပြီး၊ သူမ၏ခင်ပွန်းကို ခွင့်လွှတ်နိုင်ခဲ့သည်။ ဆုတောင်းပြီးနောက်၊ ကြမ်းပြင်ကိုကြည့်နေရာမှ၊ အပေါ်သို့ကြည့်ကာ ကျွန်တော်တို့ကိုကြည့်ပါသည်။ သူမ၏မျက်နှာမှာ ကြည်လင်တောက်ပသောမျက်နှာသို့ ပြောင်းသွားပါသည်။ သူမသည် မိမိ

ခင်ပွန်းကိုခွင့်လွှတ်ပြီး၊ လွှတ်မြောက်သောသူဖြစ်သွားပါသည်။ ခွင့်လွှတ်ဖို့ အခက်ကြုံနေသောညီအစ်ကိုမောင်နှမများကို ဘယ်တော့မှ တရား မစီရင်သင့်ပါ။ စိတ်ဓါတ်ကျပြီး၊ ဘယ်တော့မှခွင့်လွှတ်နိုင်မှာမဟုတ်ဘူးဟု သူတို့ထင်နေတာ ဖြစ်နိုင်ပါသည်။ ဤကဲ့သို့သောလူများကလည်း ခွင့်လွှတ်နိုင်ပါသည်။ သို့သော် သူတို့သည် အခြားယုံကြည်သူများ၏ကူညီထောက်ပံ့မှုလိုနေတာ ဖြစ်ကောင်းဖြစ်နိုင်သည်။

## နိဂုံး

ဤသင်ခန်းစာကို လေ့လာခြင်းဖြင့်၊ ဘုရားသခင်က သင့်ကိုတစ်နည်းမဟုတ်၊ တစ်နည်းဖြင့်စကားပြောခဲ့ပါသလား။ ၎င်းကို သင်မည်ကဲ့သို့လုပ်ဆောင်မည်နည်း။ ဤသင်ခန်းစာ စာအုပ်ကို သေတ္တာထဲ(သို့)စာအုပ်စင်ပေါ်တွင် ကျေးဇူးပြု၍မထားပါနှင့်။ ဘုရားသခင်က လုပ်ခိုင်းသောအရာကို သင်မလုပ်မချင်း၊ သတိပေးသောအရာတစ်ခုအဖြစ် သင့်ရဲ့စားပွဲပေါ်(သို့)အိပ်ယာဘေးမြင်နိုင်သော တစ်နေရာတွင်ထားပါ။

၁။ တစ်စုံတစ်ယောက်ကို အပြစ်ပြုမိကြောင်း၊ သင်သိကောင်းသိနိုင်သည်။ သင်ဘာလုပ်နိုင်သလဲ။ စာရေးခြင်းဖြင့်၊ အီးမေး(လ်)email ပို့ခြင်း၊ ဖုန်းဆက်ခြင်းနှင့် သွားရောက်လည်ပတ်ခြင်းဖြင့် ခွင့်လွှတ်ခြင်းကို ရအောင်ရှာပါ။ တုံ့ပြန်မှုကိုပြုပါ။ ထိုသို့ပြုလျှင်၊ သင်သည် လွှတ်မြောက်ပါလိမ့်မည်။

၂။ သင့်ကိုထိခိုက်နာကျင်စေသော သူတစ်ယောက်အား နှလုံးသားထဲတွင် ခါးသီးပြီး(သို့)နာကျင်မှုရှိကြောင်းသင်သိကောင်းသိနိုင်သည်။ သင်ဘာလုပ်နိုင်ပါသလဲ။ နှလုံးသားထဲမှခွင့်လွှတ်လိုက်ပါ။ ယေရှုနာမ၌ သင့်ရဲ့လက်မောင်းထဲရှိဖန်စလေးကို ယနေ့ ဖယ်ထုတ်လိုက်ပါ။ တုံ့ပြန်မှုကိုပြုပါ။ ထိုသို့ပြုလျှင်၊ သင်သည် အနာရောဂါငြိမ်းသွားပါလိမ့်မည်။

၃။ အသင်းတော်၌(သို့)သူတို့မိသားစုထဲ၌ သဘောထားကွဲလွဲမှု တချို့ကြောင့်၊ အခြားသူများအသက်တာ၌ခွင့်လွှတ်ခြင်းမရှိဘဲ၊ ခါးသီးမှု၏လက္ခဏာများကို ယခု သင်ကသိကောင်းသိနိုင်သည်။ ဤအရာအတွက် သင်ဘာလုပ်ဆောင်နိုင်သလဲ။ သင်နှင့်ကျွန်တော်ကဲ့သို့သောသာမာန်လူကို ကောင်းကင်ဘုံရှင်အဖဘုရားသခင်က ခွင့်လွှတ်ခြင်းအကြောင်းကို ရှင်းပြ၍၊ ခွင့်လွှတ်ရန် အားပေးတိုက်တွန်းကာ၊ ရန်ငြိမ်းခြင်းကို လုပ်ဆောင်သောသူရဲ့ကိုယ်စားလှယ်တော်များအဖြစ် အသုံးပြုလိုပါသည် (၂ ကော ၅း၁၈-၂၀)။ တုံ့ပြန်မှုကိုပြုပါ။ ထိုသို့ပြုလျှင်၊ သူတစ်ပါးတို့ကိုကူညီဖို့ရန် ဘုရားသခင်က သင့်ကိုအသုံးပြုပါလိမ့်မည်။

## လက်တွေ့လုပ်ဆောင်ခြင်း

- အခြားသူများ၊ အတွင်းကျန်းမာရန် သင့်ရဲ့အချိန်နှင့်အစွမ်းအစများကို ရင်းနှီးမြုပ်နှံလိုသော ဆန္ဒရှိလောက်အောင်အခြားသူများကို သင်ချစ်ပါသလား။ သင်အလွန်ပင် အလုပ်များနေပါသလား။ တစ်စုံတစ်ရာကို သင်ပြောင်းလဲသင့်ပါသလား။
- ခရစ်ယာန်အကြံပေးဆွေးနွေးခြင်း (Christian Counselling) က သင့်အတွက် တစ်စုံတစ်ရာဖြစ်ပါသလား၊ သင်ထက်ပို၍အတွေ့အကြုံရှိသောသူများနှင့် အတူတကွ လုပ်ဆောင်ပြီး၊ ထိုသူတို့ထံမှ သင်ယူနိုင်ပါသလား။
- **ဆုတောင်းချက်။** အဖဘုရားသခင်၊ ကိုယ်တော်သည် သာမာန်လူများကိုအသုံးပြုပြီး၊ အလုပ်လုပ်တော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ အခြားသူများကို ကူညီပြီး၊ ကောင်းကြီးပေးရန်၊ အကျွန်ုပ်ကို အသုံးပြုတော်မူပါ။ အာမင်။